# ဓဝ
# ဒနုင်းခ

## ငါ့ကိုသတိရပေးပါ



# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

# ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

# စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

# လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# မဝင် ဒုန်းခ

# ငါ့ကို...သတိရပေးပါ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၉၆၁၁၀

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၁၀၉၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၆၀၃၁၂၀၉
အကြိမ် – ပထမအကြိမ်
၂၀၁၀–ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/–
ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။
အတွင်း/အဖုံးပုံနှိပ်သူ – ဒေါ်အေးအေး (မြ–၀၇၄၉၅)
စန်းသော်တာပုံနှိပ်တိုက်
တိုက် (၅၃)၊ ၅၅ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ

ငါ့ကို ... သတိရပေးပါ/ ဒီနိုင်းခ၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၄၆ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ငါ့ကို ... သတိရပေးပါ

ငါ ... လွမ်းရရုံနဲ့
ကျေနပ်တတ်တာ
မင်းသတိရပေးပါ ...

ရွှေသမင်စာပေ

## ကျေးဇူးတင်ခြင်း

'ရေဗက္ကာ' စတင်ဖြစ်ပေါ်ဖို့အတွက် ပထမဦးဆုံး ကျေးဇူးတင်ရမယ့် ပုဂ္ဂိုလ်က ဆရာ တင်ဝင်းနိုင်ကို ဂါဝရပြုရင်း ကျေးဇူးတင်မိပါသည်။ ဒီစာအုပ်အတွက် ဆရာရဲ့ အထောက်အကူပေးမှုတွေက အများဆုံးလို့ ပြောလို့ရပါတယ်။

နောက် သူငယ်ချင်း မပြည့်ဖြိုးမင်းနှင့် ဗက္ကာ အမြဲ ပျော်ရွှင်တတ်တဲ့ မနော် (ခ) မနော်ယုယုဝင်း၊ ပြီးတော့ ကျွန်တော် ညီမလေးသတို့ရဲ့ အကူအညီတွေနှင့်အတူ ပြီးတော့ မသက်သက်။

မအိပ်မနေ အမြဲဒုက္ခပေးတတ်တဲ့ သူငယ်ချင်း ဗေကြီး၊ အတူနေ အတူအိပ် ပိုက်ဆံအမြဲမလောက်တတ်တဲ့ သီဟ (ခေါ်) နာဇွာဝီရို မှူးမှူးပြီး ငိုက်တတ်တဲ့ ငနောင်၊

တောင်းပန်တာကို ကျေနပ်တတ်တဲ့ သူငယ်ချင်း ဓောင်းတို့ကို ကျေးဇူးတင်ရင်း ...

ဒီနိုင်းခ

အချစ်ဆိုတာ လေပြေမှတ်တမ်းမှာ ငါတို့ရဲ့ ဓာတ်လမ်းဆန်း
းမယ်လို့ မင်းထင်မလား ရေဗက္ကာ ....

ရင်ခုန်သံ စက်ဝိုင်းမှာ အမှတ်တရ ပြင်းအားနဲ့ အမှတ်ထင်ထင်
းသွား ဘယ်အချိန်ကတည်းက စိုက်ဝင်နေတာလဲ ... ရေဗက္ကာ
စ်ခုတော့ ရှိတယ်နော် ..လှေနံဓားထစ် ငါ့ရဲ့အချစ်က တရားသေ
ွဲ့ အလမ်းနဲ့ တစ်ချိန်မှာ လွမ်းရမယ်လို့ ငါဘယ်ထင်ပါ့မလဲဟာ ...

ယုံကြည်ပေးပါ ရေဗက္ကာ ...အချစ်ရဲ့ ဝင့်ကြွေးတော်ကို ကျေ
ကျုနပ်နပ် လက်ဖြန့်တောင်းယူတော်မူသူ ငမိုက်သား ငါ ...ဒဏ်ရာ
ဏ်ချက်တွေ ဘယ်လောက်ပဲ ဆိုးဝါးစွာ ရပါစေ အပြုံးမပျက် ဆုံး
ဖြတ်ချက် ခိုင်မာခြင်းနဲ့ စွဲလမ်းစွာ နေပါမယ်။

ရွှေသမင်စာပေ

တကယ်တမ်း ယုံကြည်မှုတစ်ခုကို မင်းသိအောင် ရှုတ်ဆိုပြရရင် ကမ္ဘာကြီးရဲ့ ဘာသာတရားက ချစ်ခြင်းမေတ္တာ အနုပညာဆိုတာ၊ ကမ္ဘာကြီးရဲ့ နှလုံးသားရင်ဘတ် ...ကဲ ငါ အပိုတွေပါလို့ မင်းငြင်းရဲသလား ...။

တိုင်တည် သစ္စာစကားဆိုခွင့်ရရင်....တစ်ချိန်မှာ ပြန်ဆုံကြမယ် ရေဗက္ကာ တစ်ချိန်မှာ ပြန်တွေ့မယ်လို့ ယုံကြည်ခဲ့မိတယ် ရေဗက္ကာ ....

ရွှေသမင်စာပေ

အချစ်ဆိုတာ မျက်ဝန်းက စတယ်လို့ ဘယ်သူပြောပြော ဘယ်သူရေးရေး ကျွန်တော်ရဲ့ အချစ်က ထူးဆန်းစွာ အသံလေးတစ်ခုက စတင်ဖြစ်တည်ခွင့်ရခဲ့ပါတယ်။ အဲဒီနေ့က မြို့လယ်က အအေးဆိုင်က ကော်ဖီ စနက်ဘားတစ်ခုက ကော်ဖီသောက်ပြီး အထွက်မှာပေါ့ ကျွန်တော်က လမ်းဘေး ဆေးလိပ်ရောင်းတဲ့ ကောင်လေးကို လှမ်းခေါ်ပြီး ဆေးလိပ်တစ်လိပ်ဝယ်ကာ မီးညှိနေတဲ့ အချိန် ...

"ခြေထောက်တွေ မောလိုက်တာဟယ် ..."

ဘယ်လိုမှန်းမသိတဲ့ အကျရာနဲ့ ပေါင်းစပ်ထားတဲ့ ဝါကျတစ်ကြောင်းကို နူးညံ့တဲ့ သံစဉ်တစ်ခုဖြစ်အောင် လွှင့်ထုတ်လိုက်တဲ့ အသံလေ ...

ဟုတ်တယ်နော် ခြေထောက်ညောင်းတယ်ကြားဖူးတယ်၊ ခြေထောက်နာတယ် ကြားဖူးတယ် ...အခုတော့ ...

ကျွန်တော်လဲ ပြန်ငေးကြည့်တော့ ကျောလယ်လောက်ရှိ တဲ့ အညိုရောင် ဆံပင်ပျော့ပျော့ စင်းစင်းလေးတွေကို ပိုင်ဆိုင်ထား တဲ့ ကိုယ်လုံးသွယ်သွယ်နဲ့ ကောင်မလေး တစ်ယောက်ရဲ့ နောက် ကျောကို တွေ့လိုက်ရသည်။ သူ့ရဲ့ ဘေးမှာတော့ ကျွန်တော်တို့ အရွယ်လူရွယ်တစ်ယောက်။

မျက်နှာကို မြင်ခွင့်မရပေမယ့် ဘေးက လူရွယ်နဲ့ သူမရဲ့လက် ကို ဆွဲကိုင်ထားပြီး ဆွဲခေါ်သွားတဲ့ အနေအထားကြောင့် ကျွန်တော် ရဲ့ ရင်ဘတ်ကြီးက မြေပြင်ပေါ် ကို ဖုတ်ခနဲ မြည်အောင် ပြုတ်ကျ သွားသလို ခံစားမိပါသည်။

အသံလေးတစ်သံကြောင့် သခ်မင်းညိုရဲ့ ဘဝမှာ ကျရှုံးရသည် လို့ သူငယ်ချင်းတွေများ သိရင် ရယ်မောကြမှာ သေချာပါသည်။

သက်ပြင်းကို မှုတ်ထုတ်ပေမယ့် နားထဲမှာ 'ခြေထောက်တွေ မောလိုက်တာ' လို့ ပြောတဲ့ အသံလေးက ကြားယောင်နေဆဲ ...

အချစ်ဆိုတာ အသံက စတယ်လို့ ကျွန်တော်မှတ်တမ်းမှာ ဧ ဝေဓါခတ်လမ်းအတွက် မှတ်တမ်းအကျရာ ရေးရပါတော့မည် ...

"ဦးဦးခ ...ပြန်လာပြီဟေ့ ...."

ကျွန်တော် အိမ်ပေါ် ရောက်တော့ ကိုကြီးရဲ့သမီး ကျွန်တော်ရဲ့ တူမ မီးမီးက ပြေးလာတော့ ကျွန်တော် ဆီးပြီး ဖမ်းကာ မွှေးရှိုက်တော့ အားလုံးက သဘောတူစွာ ပြုံးကြည့်နေပါသည်။ ကိုကြီးရဲ့ မိန်း မမြတ်က ...

"ငါ့မောင်ကတော့လေ မမြတ်တို့ သတိရလို့ အိမ်လာပါရဲ့ ဘယ်တော့မှတွေ့တယ် မရှိဘူး ..."

ကျွန်တော်က မမြတ်အားမှာ ဝင်ထိုင်ရင်း ရယ်ပဲရယ်နေလိုက်ပါသည်။ မီးမီးက ကျွန်တော့် မေးစေ့ကို လှုပ်ပြီး ...။

"ဦးခ ..."

"ဝေ ...."

"မီး ...ဦးခကို မျှော်ရတာ မျက်လုံးတွေ မောလိုက်တာ"

မီးမီးရဲ့ အခေါ်အဝေါ်ကြောင့် အားလုံးက ရယ်ကြပေမယ့် ကျွန်တော် ငိုင်ကျသွားပါသည်။ ချက်ချင်းသတိရလိုက်မိသည့် မကြာသေးခင်က အချိန်ကာလလေးတစ်ခု...မှတ်မိလွယ်နိုင်လွန်းတဲ့ သူ့နှလုံးသားကိုက ကံဆိုးမိုးမှောင်ကျပြီ ထင်ပါရဲ့ ....

"သမီး အဲလိုမပြောရဘူး ...မျက်လုံးတွေ ညောင်းလိုက်တာလို့ ပြောရတယ်လေ ..."

"ဟုတ်ကဲ့ မေမေ ..."

မမမြတ်က မီးမီးကို သင်ပေးပါတယ်။ မမမြတ်က တစ်စုစုကို သတိရသွားပုံနဲ့ နှာခေါင်းတရှုံ့ရှုံ့ ...

"ကြည့်စမ်း သခ် ဆီက အရက်နံ့ရသလိုပဲ ..."

ကျွန်တော် စပ်ဖြဲဖြဲနဲ့ ရယ်တော့ ဘွားဘွားက ထိုင်နေရာမှ...

"မြေး ...လာစမ်း ...လာစမ်း ..."

ဘွားဘွားက လက်ညှိုးလေး တစ်ထောင်ထောင်နဲ့ခေါ်တော့ ကျွန်တော်က ခေါင်းကုပ်ရင်း ဘွားဘွားဆီသွားကာ ဘွားဘွားခြေရင်းမှာ ထိုင်သည်။

"မြေး ...ပါးစပ် ဟာစမ်း ..."

ကျွန်တော်က ပါးစပ်ဟာရင်း ဘွားဘွား မျက်နှာနားမှာ ဟားခနဲ လုပ်ပြတော့ ဘွားဘွားက မျက်နှာ ရှုံ့ပြရင်း ...

"ကြည့်စမ်း ငါ့မြေးဘယ်လို အရက်မျိုး သောက်လာတာလဲ"

ကျွန်တော်ကလည်း ကျွန်တော့်ခွင်ထဲ ရောက်ပြီဆိုတာ သိလိုက်ပါတယ်။ မြေးတွေထဲမှာ ဘွားဘွား အချစ်ဆုံးက ကျွန်တော်ပဲလေ ... ဘွားဘွားက ဖေဖေပြောတဲ့ 'မျက်ကန်းချစ်' ...။

"ဘွားကလည်း သားမှာက ပိုက်ဆံမရှိတော့ ရိုးရိုးဝီစကီပဲ သောက်ရတာပေါ့"

"မင်း ....ညို ..."

ကိုကိုကြီးတို့ မမမြတ်တို့ မေမေတို့က ထုံးစံအတိုင်းစပြီဆိုတဲ့ မျက်နှာနဲ့ ဖေဖေ့ကို လှမ်းကြည့်ပါတယ်။ ဘွားဘွား ဒီလိုအသံမျိုးနဲ့ ခေါ်ရင် ဖေဖေတင်မဟုတ်ပါ။ ဖေဖေ့ညီ လေးလေးရိုပါ ဘွားဘွားရှေ့မှာ မျက်နှာမော့မကြည့်ရဲ ....

"ခင်ဗျာ ...လာပြီ မေမေ ..."

ဖေဖေက သတင်းစာ အေးအေးဆေးဆေး ဖတ်နေရာမှ ဖေဖေဘေးကြမ်းပြင်မှာ ခေါင်းငုံ့ဝင်ထိုင်ပါတယ်။

"ငါမြေးလေးကြည့်စမ်း ဘယ်လောက် သနားဖို့ကောင်းလဲ... ဒီလောက် နံစော်တဲ့အရက်တွေသောက်လာတာ မင်း ငါ့မြေးကို ဂျော်နီဝေါကား ဝယ်တိုက်စမ်း ...."

ဖေဖေက ကျွန်တော့်ကို ဘုကြည့်ကြည့်ရင်း သိမယ်လို့ မသိမသာ နိုးကြည့်တော့ ....

"မင်း ...ညို"

"ဟုတ် ...ဟုတ်ကဲ့ ..."

"မင်း ...ငါ့အကြောင်းသိတယ်နော် အိမ်က ငါးလိပ်ကျောက်မြီး ငါ မကိုင်ရတာကြာပြီ ..."

ဖေဖေ ကျောဖွနှံ့သွားပါသည်။ ဘွားဘွားကို အမျိုးတွေက ကြောက်လည်း ကြောက်ရ...လေလည်း လေးစားရပါသည်။ ဖေဖေ့ကို မွေးစဉ်အခါ တရုတ်မြန်မာ အရေးအခင်းဖြစ်စဉ်အခါက ဘိုးဘိုးကို တရုတ်အမျိုးသားထင်ပြီး အိမ်ရှေ့မှာ ဘိုးဘိုးကို ထုတ်ပေးဖို့ ပြောတော့ ဘွားဘွားက ဘိုးဘိုးကို အိမ်ထဲဝင်ခိုင်းကာ ငှက်ကြီးတောင်တစ်ချောင်းခွဲ ထဘီကို ခါးပတ်ပတ်ပြီး တံခါးဝမှာ စောင့်ပြီး ကြိုက်တဲ့ သူဝင်ခဲ့လို့ စိန်ခေါ်ခဲ့ရဲ့တဲ့ မိန်းမလို့ ဘိုးဘိုးခဏခဏ ပြောခဲ့ဖူးသည်။ အသည်းကလည်းမာသည် ဘိုးဘိုးကို သားတစ်ယောက်လို တုန်နေအောင်ချစ်ခဲ့တဲ့ ဘွားဘွားဟာ ဘိုးဘိုးဆုံးတော့ မျက်ရည်တစ်စက်မကျခဲ့ပါ။ ဘိုးဘိုးအလောင်းဘေးမှာ တချိန်လုံး စိုက်ကြည့်နေပြီး ဘိုးဘိုးရုက်လည်တော့ မေ့မျောသွားတဲ့အထိ အချစ်ကြီးသူ ..။

ဖေဖေရော လေးလေးချိုပါ အခုအချိန်အထိ ဘွားဘွားရှေ့ကိုရောက်ရင် ကျုံ့ကျုံ့လေးထိုင်ပြီး မျက်နှာကို အောက်ချထားရပါသည်။ ဘွားဘွား မော့ကြည့်ဆိုမှ မော့ကြည့်ရဲခဲ့သည်။ ဖေဖေတို့ ငယ်ငယ်ကဆို ဘွားဘွား အပြစ်ပေးပြီဆိုလျှင် ကိုယ်အသိနဲ့ကိုယ် အိမ်တိုင်ကို ဖက်ထားခဲ့ရပြီး ဘွားဘွားက ငါးလိပ်ကျောက်မြီးနဲ့ ရိုက်

သည်ဟု ပြောပြပါသည်။

ဒါပေမယ့် အခုအချိန်မှာတော့ ဘွားဘွား ကျွန်တော်မျက်နှာ တစ်ချက် အညိုမခံ ....

"ကဲ ဘွားလည်း ပြန်ဦးမယ် ..."

"ဟာ ဘွားကလည်း ဒီမှာနေပါဦး ..."

ကျွန်တော့်ရဲ့ ဆွဲတဲတဲအသံကြောင့် ဘွားသဘောရွေ့သွားသလောက် ဖေဖေက အံကြိတ်သည်။

"ဘွားပြန်ရင် သားကို ဖေဖေ ရိုက်တော့မှာ ..."

"ဟေ့ကောင် ..."

ဖေဖေက ကမန်းကတန်း ဟန့်သော်လည်း ...

"မင်း ...ညို"

"ခင်ဗျာ ..."

"မင်း ငါ့မြေးကို ထိရဲထိကြည့် ငါ့အကြောင်းသိတယ်နော်"

"ဟုတ်ကဲ့"

"မြေး ဘွားနဲ့ အခန်းထဲလိုက်ခဲ့ ..."

"ဟုတ် ...."

ဘွားဘွားအခန်းထဲခေါ်ပြီဆိုကတည်းက ကျွန်တော်ကို မုန့်ဖိုးပေးမည်ဆိုတာ သိပါသည်။ ဖေဖေမေမေတင်မကပါ ကိုကိုကြီးတို့ မမမြတ်တို့ကလည်း သိတာပေါ့ ....။

ရွှေသမင်စာပေ

ဘွားက ဘွားလာနေတဲ့အခါ နေတဲ့ အခန်းရောက်တော့ ပိုက်ဆံအိတ်ကိုဖွင့်ကာ ပိုက်ဆံတစ်ထုပ်ပေးတော့ ....

"ဟာ ဘွားက ဒီပိုက်ဆံ တစ်သိန်းနဲ့ ဒီခေတ်ကြီးထဲမှာ သားက ဘာလုပ်လို့ရမှာလဲ ...သားမှာ ပိုက်ဆံရှိရင် မျက်နှာငယ်ရတာပေါ့"

"ငါ့မြေးက ဘယ်လောက်လိုချင်လို့တုန်း .."

"ဟို ခေတ်ကနေ ဒီခေတ်ထိ အထည်စက်တွေ နယ်က ဆန်စက်တွေပိုင်တဲ့ ဟံသာဝတီ ဒေါ်မြစိန်ဆို အားလုံးအသိပဲ ...အခုဆို သူ့အချစ်ဆုံး မြေးကို မုန့်ဖိုးတစ်သိန်းပေးတာ အားလုံးသိရင် ရယ်လိမ့်မယ် ဘွားဘွားရဲ့ ..."

ဘွားဘွားက ရှုံ့တွပျော့အိနေတဲ့ ပါးနှစ်ဖက်က အသားဆိုင်တွေလှုပ်အောင် ရယ်သည်။

"ငါ့မြေးက ဘယ်လောက်လိုချင်လို့တုန်း ..."

ကျွန်တော်က နှုတ်ခမ်းတစ်ချက်တွန့်ရင်း ....။

"ဘွားဘွား အတွင်းခံ ရှင်မီး အင်္ကျီအိတ်ထဲမှာ ချိတ်အကြီးကြီးနဲ့ ချိတ်ထားတဲ့ သော့နဲ့ မီးခံသေတ္တာကို ဖွင့်လိုက်ရင် အထဲမှာ စိန်ဘယ်နှစ်လုံး ရွှေတုံးဘယ်လောက် ပတ္တမြားဘယ်နှစ်လုံး အမွေခွဲထားတဲ့ စာချုပ် ဘယ်နှစ်ရွက်၊ သား ရွတ်ပြရမလား ...။

"ဗုဒ္ဓေါ တိုးတိုးပြော ငါ့မြေးရဲ့ တော်တော်လျင်တဲ့ ကောင်လေး မြေးထိုင်စမ်း ..."

ဘွားဘွားက ခုတင်ပေါ်မှာ ထိုင်ခိုင်းရင် ကျွန်တော့်ခေါင်းကို
ကိုက်ကာ ...

"ဒီအကြောင်းတွေ ဖေဖေ ...မင်းညီ့ရော ပိုကောင် မင်းချို
ရော မပြောနဲ့ကြားလား ...."

"ဘွားဘွားကလည်း သားအတွက် အမွေခွဲထားတာ တစ်မျိုး
လုံး သိနေတာပဲဟာ ...တစ်မျိုးလုံးကရော ဘာပြောလို့လဲ ကြည့်
ကြည်ဖြူဖြူပဲဟာ ..."

"သိတာ သိပစေ ...မပြောတော့ ပိုကောင်းတာပေါ့ ငါ့မြေးရဲ့"

"ဟုတ်ကဲ့ ..."

"ရော့ ဒါဆို လုံလောက်လား ..."

ဘွားဘွားက နောက်ထပ်သုံးထုပ် ထပ်ပေးတော့ ကျွန်တော်
က ဘွားဘွားပါးကို နမ်းရှုံ့ကာ ....

"ဘွားဘွား ပေးမယ်ဆိုတာ သားသိတာပေါ့ ..."

ဘွားဘွားက တခစ်ခစ် ရယ်ရင်းထတော့ ကျွန်တော်က ဘွား
ကို ထူပေးမည်လုပ်မှ လက်ပြန်ရုပ်လာသည် ဘွားက ထူပေးရင်
မကြိုက်သလို ဘွားကိုယ်တိုင်က အခုအချိန်ထိ ကျန်းမာရေးကောင်း
သည်။ ဘွားဘွားက အခုအထိ မျက်လုံးမမှုန် ...။

ဘွားဘွားနဲ့အတူ အပြင်ကို ရောက်တော့ ဘွားဘွားက မီးမီး
ကို မုန့်ဖိုး တစ်သိန်းပေးသည်။ ကိုကိုကြီးက ရယ်ကျဲကျဲနှင့် ...

"ဘွား သားကိုလည်း ပေးလေ ...ပြီးတော့ အငယ်ကောင် သီဟအတွက်လည်း ပေးခဲ့လေ ..."

ကိုကိုကြီး စကားကြောင့် ဘွားဘွားက ...

"ငါ့မြေးကြီးက အလုပ်ရော အကိုင်ရော ရာထူးရော ရှိနေပြီပဲ မုန့်ဖိုးမလိုတော့ပါဘူး ...မင်းညို"

"ခင်ဗျာ မေမေ ..."

"ရော့ ဒါ ငါ့မြေး အငယ်ဆုံးအတွက် မုန့်ဖိုး ..."

"သားတို့အတွက်ရော ..."

ဖေဖေက ရယ်ကျဲကျဲနဲ့စတော့ ဖွားဖွားကလည်း ...

"မင်းတို့အတွက်တော့ ငါးလိပ်ကျောက်မြီးပေးရမှာပေါ့ ..."

ဖေဖေ့ မျက်နှာ ရှုံ့မဲ့သွားသလို အားလုံးကရယ်ကြပါသည်။

"ငါ့ကွယ်ရာမှာ အငယ်လေးကို ရိုက်လို့ကတော့ မင်းနဲ့ ငါ အသိပဲ မင်းညို ..."

"ဟုတ်ကဲ့ ..."

ဖေဖေက အောင့်သက်သက်နဲ့ ခေါင်းညိတ်ပါသည်။ ဘွားဘွားကို ဖေဖေက အိမ်ရှေ့မှာ ရပ်ထားတဲ့ ကားအထိ လိုက်ပို့တော့ ..ကိုကိုကြီးက ..."

"အငယ်လေး ...မင်း မုန့်ဖိုး ဘယ်လောက်ရလဲ ..."

"ဘယ်ပြောမလဲ ..."

"အငယ်လေး မမြတ်ကို မုန့်ဝယ်ကျွေးရမယ်နော်"

"ဟင့်အင်း မီးမီးကိုပဲ ဝယ်ကျွေး ..."

မီးမီးက ကြားဝင်ကာ ခေါင်းတခါခါနဲ့ ပြောတော့ ကျွန်တော်က ရယ်ရင်း ...

"မီးကိုပဲ ဝယ်ကျွေးမှာပေါ့ ..."

ကျွန်တော့် စကားကြောင့် မီးမီးက လက်ခုပ်တီးကာ ပျော်ရွှင်နေပါသည်။

"ဟော့ကောင် ...လာစမ်း ..."

ဘွားဘွားကို ပို့ပြီး ပြန်လာတဲ့ ဖေဖေက အံကြိတ်ကြိတ်နဲ့ သူ့ဆီလျှောက်လာတော့ ..။

"ဖေဖေနော် လက်မပါကြေး ဘွားဘွားနဲ့ ပြန်တိုင်မှာ ..."

"မင်းဘာသာ တိုင်ရင်တိုင် မတိုင်ရင်နေ ငါ ဂရုမစိုက်ဘူး ... မင်းငါ့ကို အမေနဲ့ လှည့်ချွန်တဲ့ကောင် သားကိုများ အဖေက အရက်ဝယ်တိုက်ရမယ်လို့ လူကြားလို့မကောင်း ..."

"ဒါဆိုပြီးရောလေ.. အခုချက်ခြင်း ဘွားဆီဖုန်းဆက်လိုက်မယ်"

ကျွန်တော်က ဖုန်းဆက်ဖို့ပြင်တော့ ...

"ဟော့ကောင် တော်တော် ငါ့မှာ ဘယ်လိုသားဆိုးကိုများ မွေးလာမိလဲ မသိဘူး ..."

ကျွန်တော်က မေမေ့ ဘေးဝင်ထိုင်ကာ မေမေ့ကို ဖက်ထား

တော့ မေမေက ...

"အငယ်လေး ...ဘာတွေချုံဦးမလို့လဲ ..."

မေမေ့ စကားကြောင့် ဖေဖေက ခါးထောက်ကြည့်ရင်း ....

"ကေသီ ..."

"ရှင် ..."

"မင်း ဒီကောင့်ကိုကိုယ်ဝန်ဆောင်တော့ ဘာတွေအိပ်မက်မက်လဲ၊ ဒေဝဒတ်တို့ အဇာတသတ်တို့ ဟစ်တလာတို့များ မက်ခဲ့လား"

"ဟာ ဖေဖေကလည်း အဲလိုမမက်ပါဘူး၊ မေမေပြောတာတော့ ဧဿလိပြည်ကို သခ်မင်းညီ့ဆိုတဲ့ဘီလူးဝင်တယ်လို့ မက်တယ်တဲ့"

"ခွေးကောင် ..."

"ဖေဖေ ...ဒီစကားနဲ့ တစ်မျိုးလုံးကို မစော်ကားနဲ့ ဘွားဘွား အနီကာဒ်ပြမှာနော် ...."

"ဟေ့ကောင် ..."

ဖေဖေက ကျွန်တော်ရှိရာဆီ လက်သီးလက်မောင်းတန်းပြီး လာတော့ ကျွန်တော် ကျွန်တော့်အခန်းရှိရာဆီ တစ်ချိုးတည်း ပြေးပါတော့သည်။

ရွှေသမင်စာပေ

"အချစ်ရှိလား"

ကျွန်တော်က စာအုပ်တစ်အုပ်ကို လှမ်းယူရင်း ကောင်တာမှာ ထိုင်နေတဲ့ ကောင်မလေးကိုပြောတော့ ကောင်မလေးက မျက်မှောင်ကြုတ်လို့ ကြည့်သည်။

ဒီဆိုင်မှာ ဒီကောင်မလေးကို မမြင်ဖူးပါ။

"သုမောင်ရဲ့ အချစ်ဆိုတဲ့ စာအုပ်ကို ပြောတာ"

"အချစ်တော့မရှိဘူး ...ဓားသွားတစ်ဆုံးပဲရှိတယ်"

ကောင်မလေးက ခေသူမဟုတ်ပါ ဆိုတဲ့ အမျိုးအစားထဲက ပါ။

သူမက လမင်းမိုမိုရဲ့ ဓားသွားတစ်ဆုံးဆိုတဲ့ စာအုပ်ကို ပေး သည်။

"နာမည် ဘယ်လိုခေါ်လဲ အဲ စာအုပ် နာမည်ကိုပြောတာ ..."

ကောင်မလေးက နှုတ်ခမ်းကို ကိုက်ရင်း ...

"ဘယ်သူရေးတာလဲ မှန်မှန်ပြော ..."

"အဟဲ ...နီကိုရဲလား အကြည်တော်လား မသိဘူး၊ မေ့တေ့တေ့ပဲ"

"အဲဒီ စာအုပ်တော့ မရှိဘူး ဖတ်ချင်ရင် အခု အသစ်ထွက်တဲ့ အမျိုးသမီးရေးရာဆိုတဲ့ စာအုပ်ရှိတယ် ...ဒါမှ မဖတ်ချင်ရင် လက်သီးကြိုက်လား လက်ဝါးကြိုက်လားဆိုတဲ့ စာအုပ်ရှိတယ်"

ကောင်မလေးက ဆံပင် တစ်ခါခါနှင့် ကက်ကက်လန်ဆိုတဲ့ အမူအရာကို သရုပ်ပီအောင် လုပ်ပြနေတော့ ...

"ဒါဆိုရင်လည်း ပြန်တော့မယ်ဆိုတဲ့ စာအုပ်ထွက်ရင် ချန်ထားပေးနော် ...သွားပြီ"

ကျွန်တော်လည်း အလံဖြူရော အလံမဖြူတဖြူပါ ပြပြီး စာအုပ်ဆိုင်ထဲက ပြန်ထွက်လာခဲ့ရပါတယ်။ ဟိုကောင်တွေနဲ့ ချိန်းထားတဲ့ ဘီယာဆိုင်ရောက်တော့ ကိုယ့်ကောင်တွေက လည်ပင်းတရှည်ရှည်နဲ့ စောင့်မျှော်နေပါသည်။

"မင်းကလည်း ကြာလိုက်တာ သခ်ရာ ..."

ကျွန်တော်က အာလူးချောင်းကြော်တစ်ခုကို ကောက်ဝါးရင်း

"သမ်းမှာ အစာတစ်ခုတွေ့လို့ ဝင်မြည်းကြည့်တာကွ ..."

ကျွန်တော်ပြောတဲ့အထာကို ဒီကောင်တွေကသိသည်။ နာဠာ
ကိုလို့ အမည်ရတဲ့ မင်းမင်းဇော်က ...

"ချိုလား ...သခ်"

ကျွန်တော့် မျက်နှာရှုံ့မဲ့ပြရင်း ...

"ဟင့်အင်း ...စပ်တယ်ကွ ..."

ဟိုကောင်တွေက သဘောကျစွာ တဟားဟား ရယ်သည်။

"ဘယ်သူလဲကွ ..."

ကြည်သာရဲ့ အမေးကြောင့် ကျွန်တော်က ခေါင်းခါပြရင်း ...

"တစ်ခါမှ မမြင်ဖူးဘူးကွ ...ကိုအောင်လင်းရဲ့ စာအုပ်ဆိုင်မှာ
ကောင်တာထိုင်နေတဲ့ ကောင်မလေးကွ ..."

"ဟော့ကောင် အဲဒါ ...ကိုအောင်လင်းရဲ့ တူမကွ ...သူ့နာမည်
က ရွှေရည်ဦးတဲ့ အနောက်ပိုင်းတက္ကသိုလ်မှာ ဖီးဆစ် ဒုတိယနှစ်
တက်နေတဲ့ ကောင်မလေး ...သထုံက လာတာ ..."

နောင်နောင်က ...ချက်ကျကျပြောတော့ ကြည်သာက ...

"ဟာ ...ငနောင်တို့က မြန်ပါ့ကွာ ..."

"မြန်ဆို နောက်ဆုံး ဈေးကွက်ပိတ်ချိန်မှ ရောက်လာတဲ့ သ
တင်းကွ ..."

ကျွန်တော်က ခွက်ကိုမြှောက်ကာ ရှီးယားလို့ပြောတော့ ဇောင်း
လို့ အမည်ရတဲ့ ဝင်းကိုလတ်က ...

"ဘာ အထိမ်းအမှတ်လဲ ..."

"မင်းကလည်း တုံးပ့ါ ခေါင်းရာ သိတဲ့အတိုင် ပျော်ရင်လည်း သောက်တယ် ဝမ်းနည်းရင်လည်း သောက်တဲ့ အထိမ်းအမှတ်တွေ တနည်းပြောရရင် ရပ်ကွက်အော်ကြောလန် လူငယ်လေးများ အဖွဲ့ အတွက် ..."

ဟုတ်တော့လည်း ဟုတ်ပါတယ် ကျွန်တော်တို့အဖွဲ့ဆို ရပ်ကွက်ထဲမှာ နှာခေါင်းတရှုံ့ရှုံ့ .....

ကျွန်တော်က ခွက်ကို မော့သောက်မည်လုပ်တော့ နောက်က တစ်ယောက်ယောက်နဲ့ တွန်းထိုးထိခိုက်မိကာ ...ဘီယာတွေ ကျွန်တော့်ပေါင်ပေါ် မှောက်ကျသွားပါသည်။ ကျွန်တော်လည်း ပြန်ကြည့်တော့ တိုက်မိတာကို သိသိကြီးနဲ့ မတောင်းပန်၊ ငဲ့တောင်မကြည့်ပဲ တစ်ဖက်ဝိုင်းမှာ ဝင်ထိုင်နေတဲ့ လူတစ်ယောက် သူတို့ဝိုင်းကလည်း လူအင်အားတောင့်ပါသည်။

ကျွန်တော်က ထရပ်တော့ ခေါင်း က ....

"ကဲ ...ပြဿနာတော့ စပြီ ..."

ကျွန်တော် အဲဒီဝိုင်းကို လျှောက်ရင်း ကျွန်တော့်ကို ဝင်တိုက်တဲ့ လူရဲ့ရှေ့မှာ ရပ်သည်။

ထိုလူက ကျွန်တော့်ကို မော့ကြည့်ကာ ...

"ဘာကိစ္စလဲ ..."

"မင်း ငါ့ကို ခုနဝင်တိုက်သွားလို့ ဒီမှာ ပေကျံသွားပြီ အဲဒီအတွက် လာတောင်းပန်တာပါ"

"ဖြောင်း ..."

ထိုလူ လည်ထွက်သွားပါသည်။

"ဟာ ...ရိုက်ကုန်ပြီ ..."

ဆိုင်ရှင် ဦးလေးလှဖေရဲ့အသံကို ကြားရပါသည်။



"ဟော .. အန်ကယ်တောင်ရောက်လာပြီ ထိုင် အန်ကယ်"

ကြည်သာက ကျွန်တော့်ကို တံတောင်နဲ့တွတ်ရင်း သတိပေးသည်။ ဖေဖေက မျက်နှာမှုန်တေတေနဲ့ ကျွန်တော့်ကို လှမ်းကြည့်ကာ...

"ကျွန်တော်လည်း ဝန်ခံလက်မှတ်ထိုးရင်း ထိုးရင်းနဲ့ စခန်းမှူးတို့ရဲ့ ဝန်ခံလက်မှတ် မှတ်တမ်းမှာ ကျွန်တော့်နာမည်တွေ ပြည့်နေပြီ တစ်နှစ်တာ စံချိန်အလွန်ဆုံးဆုပေးရင် ကျွန်တော် ရမယ်ထင်တယ် စခန်းမှူး"

စခန်းမှူးက ဖေဖေ့စကားကြောင့် ရယ်သည်။

"အန်ကယ့်သားကို ဘယ်လိုဆုံးမရမယ်မှန်းမသိဘူး အန်ကယ်ရာ..."

စခန်းမှူး စကားကြောင့် ဖေဖေက ...

"ကျွန်တော်လည်း သားကို ဆုံးမနည်းကျူရှင်လေးများဖွင့်ရင်

လက်တို့စမ်းပါ စခန်းမှူးရယ်၊ ဒီကောင့်ကို ဟို သီချင်းစာသားထဲက လို အင်္ဂလန်ကဘုရင်မကြီးတောင်ဆုံးမရင် ထိုင်ငိုသွားမယ် တကယ် ဗျာ ....”

စခန်းမှူးက ဖေဖေ့စကားကြောင့် ရယ်ရင်း နောက်ထပ်ရန်မဖြစ် ဖို့ ကျွန်တော်တို့ကို ဆုံးမကာ ခံဝန်ကတိ လက်မှတ်ထိုးပြီး ပြန်လွှတ် သည်။ အပြင်ရောက်တော့ ကျွန်တော့်ကို ကားပေါ် တက်ခိုင်းကာ...

“ကဲ ငါ ကားသော့တွေကို လော့ချပြီးပြီ ...မင်းနဲ့ ငါနဲ့ ထိုးကြ မယ် ...လာလေ ...လာ ...”

“ဖေဖေ ...”

ကျွန်တော်စကားမဆုံးလိုက်ရပါ ကျွန်တော့် မျက်နှာ ကျော ပြင်တွေ ရင်ဘတ်ပေါ် ဖေဖေ့ တစ်တောင်တွေ လက်သီးတွေ ကျလာ ပါသည်။ ကျွန်တော်လည်း ကြုံသလို ကာကွယ်နေစဉ် တံခါးခေါက် သံကြောင့် ဖေဖေ အထိုးရပ်ကာ ကြည့်တော့ ရဲတပ်သားနှစ်ဦး ဖေဖေက တံခါးဖွင့်ပေးရင်း ....

“ဘာကိစ္စလဲ ခင်ဗျ ...”

“ဘာမှမပြောနဲ့ စခန်းထဲရောက်မှ ရှင်း ...”

“မဟုတ်ဘူး ဟို ...”

ဖေဖေ ဘယ်လိုပဲ ကာကွယ်ကာကွယ် ...ရဲတပ်သားလေးနှစ် ယောက်က ဖေဖေ့ကို လက်ထိပ်ခတ်ပါတော့သည်။ တစ်ယောက်

ာ ...

"ခင်ဗျားလည်း တရားလိုအဖြစ်နဲ့လိုက်ခဲ့"

"မဟုတ်ပါဘူးဗျာ ဒါ ..."

"လာပါ ခင်ဗျား မကြောက်ပါနဲ့ ...အမှန်အတိုင်းဖြစ်စေရပ့ါယ် ..."

ကျွန်တော်နဲ့ ဖေဖေ့ကို စခန်းထဲ ခေါ်သွားတော့ ဗိုင်တွဲတစ်ခုနဲ့ အလုပ်ရှုပ်နေတဲ့ စခန်းမှူးက ကျွန်တော်တို့ကို ကြည့်ကာ ...။

"ဘာကျန်ခဲ့လို့လဲ အန်ကယ် ...."

ဖေဖေက စိတ်မသက်မသာနဲ့ ခတ်ထားတဲ့ လက်ထိပ်ကို မြှောက်ပြသည်။ စခန်းမှူးက နားမလည် တပ်သားလေးက ...

"ဆရာ ... စခန်းရှေ့က ကားထဲမှာ ဒီလူ ဒီကောင်လေးကို ကားထဲ ထည့်ပြီး ထိုးကျိတ်နေလို့ လက်ထိပ်ခပ်ပြီး ခေါ်လာတာ"

စခန်းမှူးက သူ့နဖူး သူရိုက်ရင်း စိတ်ပျက်သံနဲ့ ...။

"သေပါတော့ တလွဲမင်းအောင်ရာ ဒါ သားအဖကွ ခုနလေးတင်မှ သူ့သားကို အာမခံလာထုတ်သွားတာ ..."

"ဗျာ ..."

တပ်သားလေးက အံ့အားသင့်သွားရင်း ဖေဖေ့ဘက်လှည့်ကာ ...

"တောင်းပန်ပါတယ် အန်ကယ်ရာ ..."

"မင်းတောင်းပန်တာ နောက်မှ ထားပါ။ အခု ဒီကိစ္စလေး ဖြေ

ရှင်းပေးပါ ငါ့တူရာ ..."

ဖေဖေ့ကို လက်ဆိပ်ဖြုတ်ပေးရင်း တပ်သားလေးက အထပ်ထပ် တောင်းပန်နေပါသည်။ ကားနားအထိလည်း အကြိမ်ကြိမ် တောင်းပန်နေပါသည်။

ကားထဲ သားအဖ နှစ်ယောက်ရောက်တော့ ဖေဖေက ကားစက်နှိုးရင်း ဒေါသဖြစ်လာပုံရသည်။

"အဲဒါ မင်းကြောင့် တောက် ...ငါကွာ ..."

ဖေဖေက ကျွန်တော့် ခေါင်းကို လက်နဲ့ ရွယ်တော့ ...

"ဒီမှာ ဖိုး ...."

ကျွန်တော့် အော်သံကြောင့် နှုတ်ဆက်ပြီး ထွက်သွားတဲ့ ရဲတပ်သားနှစ်ယောက်က လည်ပြန်လှည့်ကြည့်တော့ ဖေဖေက လက်ကြီးရွယ်ထားရင်း အိုးတိုး အမ်းတန်းဖြစ်နေရှာသည်။

ရဲတပ်သား နှစ်ယောက်ကလည်း စခန်းထဲဝင်ရမလိုလို ကားဆီပဲ လာရမလိုလိုဖြစ်နေရှာသည်။

ကျွန်တော်ကတော့ ပါးစပ်စေ့ပြီး ရယ်ချင်စိတ်ကို ထိမ်းထားနေရပါသည်။ အိမ်ရောက်တော့လည်း ပွည်ပွည်နဲ့ မဆုံးတော့မှာ သေချာပါသည်။

"ယောကျ်ားလေးပဲ မင်းညို ..."

ဘွားဘွားစကားတစ်ခွန်းကြောင့် ဖေဖေ အလျှော့ပေးလိုက်
ယ်လို့ ကျွန်တော်ထင်ထားတဲ့မှန်းဆချက်ဟာ လွဲမှားသွားခဲ့ပါ
ည်။ ဖေဖေက ဘွားဘွားကို ကြည့်ပြီး သက်ပြင်းချပါသည်။

"မဟုတ်သေးဘူး မေမေ၊ မေမေချစ်တာလွဲမှားနေတယ်လို့
ားထင်တယ် မေမေ"

"တော်စမ်း ...မင်းညို"

မေမေက ခေါင်းကိုငုံ့သွားပါသည်။ ဖေဖေက ဆက်ပြောပါ
ည်။

"တစ်ချိန်မှာ မေမေချစ်ခဲ့တဲ့ အချစ်တွေကြောင့် သခင် ကံတရား
့ အလဲထိုးခံရမှာစိုးလို့ ကျွန်တော် အဖေတစ်ယောက်အနေနဲ့
ပြာတာ မေမေ ..."

"အို …ငါ့မြေးကို နင် ကျိန်စာတိုက်နေတာလား မင်းညို …"

"မေမေ …"

ကျွန်တော် တစ်သက်တစ်ခါ ဖေဖေ ဘွားဘွားကို အခုလို တစ်ကြိမ်တစ်ခါမျှ ပြန်ပြောသည့် ထုံးစံမရှိခဲ့ပါ။

"သခ်ဆိုတာ ကျွန်တော့် သားပါ မေမေ …မေမေ ချစ်သလို ချစ်တဲ့ ချစ်ပုံမျိုးနဲ့ သခ်ကို ကျွန်တော် တစ်ခါမှမချစ်ခဲ့ဖူးဘူး မေမေ"

"မင်း … ညို …"

ဘွားဘွား အသားတွေ တဆက်ဆက် တုန်ယင်ကာ ကျား ဟိန်းသံလို ဒေါသသံကြောင့် ဖေဖေ နှုတ်ဆိတ်သွားသလို ကိုကိုက လည်း ဖေဖေ့ကို မျက်ရိပ်ပြသည်။ ကျွန်တော်ကတော့ ဘွားဘွား ဘေးမှာ ထိုင် ရင်း …

"ဘွားဘွား ပြန်မယ်ဆို လေးလေးရှိုတို့အိမ် သား လိုက်ပို့မယ်"

ကျွန်တော် အတင်းဆွဲခေါ်မှ ဘွားဘွား ဖေဖေ့ကို မျက်တောက်နီနဲ့ကြည့်ကာ ထရပ်သည်။

"မင်းညို …"

ဖေဖေ ကြမ်းပြင်မှာထိုင်ပြီး ခေါင်းကိုမော့ကြည့်ပါသည်။ ဖေဖေ့ မျက်ဝန်းမှာ ဒေါသမရှိ၊ ဘာအရောင်အစွန်းအထင်းမှ မရှိပါ။

"ငါ အသက်ရှင်နေသရွေ့ ငါ့မြေးနားမှာ ငါ ရှိနေတယ် မင်းညို အဲဒါ မင်း မြဲမြဲ သဘောပေါက်ထား …"

ကျွန်တော်ကတော့ ဘွားဘွား အားကိုးနဲ့ ဘွားဘွားကို ပြန်ပို့ပြီး အပြင်ထွက်လို့ရပြီလို့ ကျိတ်တွေးနေမိပါသည်။ ကျွန်တော်နဲ့ ဘွားဘွား ထွက်သွားတော့ ဖေဖေ ကျွန်တော်တို့ရှိနေရာကို ငိုင်တွေတွေနဲ့ ငေးကြည့်ကျန်နေခဲ့ပါသည်။

မေမေက ဖေဖေ့ဘေးမှာ ဝင်ထိုင်ရင်း ...

"မေမေနဲ့တော့ ဒုက္ခပါပဲ ကိုမင်းရယ် ..."

"ဟုတ်တယ် ဖေဖေ ... အငယ်ကောင် ကြာရင် ဒုက္ခရောက်လိမ့်မယ်"

ဖေဖေက လေးကန်ကန်နဲ့ ခေါင်းညိတ်သည်။

"မေမေက သူ့ရဲ့ ကြွယ်ဝချမ်းသာမှုတွေနဲ့ ကံတရားဆိုတာကြီးကို ရင်ဆိုင်အနိုင်တိုက်ဖို့ ကြံရွယ်နေတာကို တစ်နေ့တော့ မေမေ သဘောပေါက်လာမှာပါ။ အဲဒီ သဘောပေါက်လာတဲ့အချိန် သခ်ီ အထိ မနာပါစေနဲ့လို့ ဆုတောင်းရုံပဲရှိမှာပေါ့ ..."

ဖေဖေ စကားကြောင့် အားလုံး အသံတိတ်သွားကြပါသည်။ သခ်ီရဲ့ အနာဂတ်အတွက် ကျန်ရစ်သူတွေက ရင်မောနေကြပါသည်။



လိုက်ခဲ့စမ်းပါကွာလို့ ဒီကောင်စကားတစ်ခွန်းနဲ့ လိုက်လာခဲ့ပေမယ့် ဘယ်သွားလို့ ဘယ်လာမယ် ကြည်သာက မပြော ...။

"ညက မင်း ဖားသားကြီး ပွမ်သေးလား"

"ဟ ...ဘာပြောကောင်းမလဲ ပွမ်တာပေါ့ကွာ ...ဘွားဘွားရောက်လာလို့ တော်သေးတယ် ..."

ဒီကောင်က ရယ်သည်။

"ရယ်မနေနဲ့ မောင်ကြည်သာ ညက ဘွားဘွားက သူ့အခန်းထဲခေါ်ပြီး ငါ့ ရွှေလင်းယုန်မှာ ရောင်းလိုက်တဲ့ ဆွဲကြိုးကို ပြန်ပေးတယ်"

"ဗုဒ္ဓေါ ဘွားဘွားက ဘယ်လိုသိတာလဲ ..."

ကားလမ်းဖြတ်ကူးရင်း ကြည်သာက မေးတော့ ....

"ရွှေလင်းယုန်က အန်တီယုက ဘွားဘွားကို အရမ်းခင်တာ ကွ"

"အင်း ဒီဆွဲကြိုးလည်း ရောင်းလိုက် ပြန်ရလိုက်နဲ့ သံသရာ လည်နေတာပဲကွာ"

"ဒါနဲ့ နေပါဦး ကြည်သာ ... အခု ဘယ်သွားမှာလဲ..."

ကျွန်တော့်အမေးကြောင့် ကြည်သာက သူ့လက်ထဲက အထုပ်ကိုပြရင်း ...

"ဒီမှာလည်း ကိုကိုနယ်က ပြန်လာလို့ လူကြုံပေးခိုင်းလိုက်တာ"

ကြည်သာက ကုမ္ပဏီ လိပ်စာတစ်ခုကို ရွတ်ပြပါသည်။ ကြည်သာပြောတဲ့ ကုမ္ပဏီရှေ့ရောက်တော့ ကျွန်တော်က ...

"မင်းပဲ ဝင်သွားလိုက်ကွာ ..."

"ဟာ ...လာပါကွာ ...ငါတစ်ယောက်တည်း ကြောင်တောင်တောင်နဲ့ လိုက်ခဲ့ပါကွာ"

ဒီကောင်အတင်းဆွဲခေါ်တော့ ကျွန်တော်ပါ ကုမ္ပဏီထဲဝင်လိုက်လာရပါသည်။

ကုမ္ပဏီထဲရောက်တော့ ဘယ်သူ့ကို မေးရမှန်းမသိတာနဲ့ သူတို့ရဲ့ အနီးဆုံးမှာ ရှိနေပြီး စာရင်းဇယားတွေနဲ့ အလုပ်ရှုပ်နေသော အသားညိုညိုနဲ့ ကောင်မလေးကို

"ရှတ် ...ရှတ်"

ကောင်မလေးက မော့ကြည့်ပါသည်။

"ဟို ...ကိုပြည့်ဖြိုးမင်းနဲ့ တွေ့ချင်လို့ပါ"

"ရှင် ..."

ကြည်သာစကားကြောင့် အညိုရောင်ဝတ်စုံနဲ့ ကောင်မလေး
လှတပတလေး အံ့ဩသွားပုံ လုပ်ပြပါသည်။ ခေတ်မှီလာတော့
ည်း အံ့ဩတာတောင် မြန်မာဟန်တွေ ပျောက်ပြီး ကိုရီးယား
းတွေလို အံ့ဩပြတာနေမှာပေါ့ ...

ကြည်သာက ခုံသမာဓိ လူကြီးတစ်ယောက်လို ချောင်းဟန့်ပြီး
က်တစ်ကြိမ် ထပ်မေးပါသည်။

"အဟမ်း ကျွန်တော် ကိုအောင်သိုက် လွှတ်လိုက်တာပါ။ ကို
ည့်ဖြိုးမင်းနဲ့ တွေ့ချင်လို့ပါ ..."

"ဩော် ....BOC ကိုအောင်သိုက်လား ..."

"ဟာဗျာ ...BED အောင်သိုက်ပဲကြားဖူးတယ်"

"ဩော် သူက ရေနံမှာလုပ်တော့ BOC ကိုအောင်သိုက်ပေါ့"

ကောင်မလေးက ရည်ရည်မွန်မွန် ရယ်ရယ်မောမော ပြောရှာ
သည်။ ကိုယ့်ကောင်ကြီးကလည်း သွားအဖြီးသားနဲ့ သွားတွေ
အေးပတ်မတတ် ...တဟဲဟဲ ပေါ့ ...ကြည်သာက နောက်တစ်
ကြိမ်မေးပါသည်။

"ကျွန်တော်ကို ပြည့်ဖြိုးမင်းနဲ့တွေ့ချင်လို့ပါ ...ကိုပြည့်ဖြိုးမင်း
ယ်သွားလဲ ခင်ဗျာ ...."

ကောင်မလေးက မျက်နှာရှုံ့မဲ့ရင်း သူတို့နှစ်ယောက်နောက်ကျောကို ကျော်ကြည့်ကာ ....

"မကြည်သာဖြိုး မပါဘူးလား"

"ဗျာ ..."

ကျွန်တော် ရယ်ချင်သွားသလို ဟိုကောင်လည်း ကြောင်တောင်တောင်နဲ့ပေါ့ ...

"ကျွန်မနာမည် ပြည့်ဖြိုးမင်းပါ ..."

"ဟာဗျာ ...ကျွန်တော်က ပြည့်ဖြိုးမင်းဆိုလို့ ယောကျ်ားလေးပဲ ထင်တာပေါ့ ...ကျွန်တော့်နာမည်ကလည်း ကြည်သာဖြိုးပါ ..."

"တကယ် ..."

ကောင်မလေးလည်း အံ့ဩသွားပုံရကာ နောက်တော့ သုံးယောက်သား ပြိုင်တူ ရယ်မောမိကြသည်။

"ရော့ ဒါ ...ကိုကိုနဲ့ လူကြုံပေးခိုင်းလိုက်တာ ..."

"ကျေးဇူး ကျွန်မ အစ်ကိုကလည်း ကိုအောင်သိုက်နဲ့ ရေနံမှာ အတူတူလုပ်နေတာလေ ...ကိုကို့ ဆီရောက်တုန်းက ကိုအောင်သိုက်နဲ့ ခင်ဖူးတယ် ကိုအောင်သိုက်က ပျော်ပျော်နေတတ်ပြီး သဘောကောင်းတယ်"

"ကျွန်တော်တို့လည်း ကောင်းပါတယ် သဘော ..."

ကြည်သာ့ စကားကြောင့် ပြည့်ဖြိုးမင်းက ရယ်မောပါသည်၊

"ကဲပါ သဘောကောင်းခြင်းတွေအတွက် ရှင်တို့ကို ဒီအနီးနား က ဆိုင်တစ်ဆိုင်မှာ တစ်ခုခုတိုက်မယ် ..."

"အဆိပ်တို့ ကြွက်သတ်ဆေးတို့တော့ မဟုတ်ပါဘူးနော်..."

"ဘယ်ကလာရှင် ဝိုင်ချိုချိုလေးဆို သဘောကျလား ..."

"ကောင်းတာပေါ့ ဘာဝိုင်လဲ ...."

"အင်ဂျင်ဝိုင်"

"ဟာဗျာ ..."

ပြည့်ဖြိုးမင်း တော်တော်ပျော်တတ်ပုံရပါသည်။

"ဒါနဲ့ မိတ်ဆက်ပေးရမယ်။ ဒါက ကျွန်တော့် အရျစ်ဆုံး သူငယ် ချင်း သစ်မင်းညိုပဲ"

"ဟာ ...အယုံစားပါလား ..."

"ကျွန်တော် မယုံတတ်ပါဘူး ...ခြေထောက်နဲ့ပဲလျှောက်တတ် တာ"

"ဒါဆို ရှင့်မှာ ပါးဟက်တွေ ဘာတွေရှိမှာပေါ့"

တစ်ခဏတွင်းမှာ ခေတ်လူငယ်တွေအတိုင်း ငယ်ပေါင်းသူ ငယ်ချင်းတွေလို ရင်းနှီးသွားကြပါသည်။ ဒါဟာ ဒီဘက်ခေတ်ရဲ့ ဖက် ရှင်ဆိုရင်လည်း မမှားပါဘူး။

"ခဏနော် ကျွန်မ ဖွင့်တိုင်လိုက်ဦးမယ်"

ပြည့်ဖြိုးမင်း ထွက်သွားပြီးပြီးချင်း ကျွန်တော်က ပြည့်ဖြိုးရှိရာ

ဆီ ငေးကြည့်နေသော ကြည်သာ့ကို ပခုံးချင်းတိုက်ကာ ...

"ဖြည်းဖြည်း ငမ်းပါဟ မင်းသွားရည်တွေ ကျနေတယ်"

"ဟာကွာ ..."

ကြည်သာက တကယ်မှတ်ပြီး သူ့ပါးစပ်ကို သုတ်မိတော့ ကျွန်တော်က ရယ်သည် ပြည့်ဖြိုးက အနားရောက်လာပြီး ....

"ဘာတွေ သဘောကျနေတာလဲ ..."

"ဒီကောင်လေ ..."

"ဟော့ကောင် ဘာမှမဟုတ်ဖူး ပြည့်ဖြိုးမင်း ဒီကောင် လျှောက်နောက်နေတာ ..."

"ဟော့ကောင် ငါ မင်းကို ဘာပြောမိလို့လဲ ..."

ကြည်သာက ပြောမှာကြောက်နေပုံရပါသည်။ ကျွန်တော့်ကို အပြင်ကို အတင်းဆွဲခေါ်ပါသည်။

SNACK တစ်ခုမှာ အအေးသောက်ရင်း ပြည်ဖြိုးနဲ့ စကားလက်ဆုံကျတော့ ...သူမအကြောင်းကို သိခွင့်ရသည်။ သူမရဲ့ အဖေအမေတွေက အစိုးရဝန်ထမ်းတွေ၊ သူမမှာ အစ်ကိုတစ် ယောက်နဲ့ အရျစ်ဆုံး သူငယ်ချင်း တစ်ယောက်ရှိကြောင်းပြောတော့ ကြည်သာက ...

"ချောလား ..."

"ချောတာပေါ့ ကျွန်မတောင် ဒီလောက်ချောနေတာ ကျွန်မ

ယ်ချင်းလည်း အလိုလိုချောနေတာပေါ့ ...”

“မှန်းစမ်း အသားကိုင်ကြည့်ရအောင် ချောလားလို့ ...”

“အံမယ် ...လာရချည်သေး ...”

သူမက နှုတ်ခမ်းကိုက် မျက်လုံးပြူးပြတော့ ကျွန်တော်တို့

ာကျွစွာ ရယ်နေပါသည်။

အဆောက်အအုံတစ်ခုလို
ပုံကြမ်းခြစ်အတွေးနဲ့ အုတ်မြစ်ချကြေးလို့
အချစ်ကို အကောင်ထည်ဖော်ခွင့်
မရွေးချယ်ခဲ့သူ ....
ဟော ... အထူးအဆန်းများစွာနဲ့
အရှုံးမှတ်တမ်းလို
ငါ အဝပြစ်တည်ခွင့်ကို
ငါ့ဘာသာငါ ရွေးချယ်ခဲ့သူပါ ....

"ထိတယ်ကွာ ..."

ကြည်သာ စကားကြောင့် သခ်ိကာ စီးကာရက်ခဲနေရာမှ ...

"ရေရောသောက်လေကွာ ...ပြင်းလို့လား ..."

ကျွန်တော့်စကားကြောင့် ကြည်သာက မျက်နှာရှုံ့မဲ့သွားပြီ။

"အရက်ကို ပြောတာ မဟုတ်ဘူးကွ ... နှလုံးသားကိုပြောတာ ..."

ကြည်သာ့စကားကြောင့် ခေါင်းနဲ့ နှာဌာကီရိက နှာခေါင်းရှုံ့သူ ရှုံ့ မျက်နှာမဲ့သူမဲ့ရင်း ...

"တော်စမ်းပါ ကြည်သာရာ မင်းက လူမြင်တိုင်း ချစ်ရှင်နေတဲ့ ကောင် ..."

"ခေါင်း စကားကြောင့် ကြည်သာက မျက်နှာပိုးမသေစွာနဲ့ အခုလို ပြောပါတယ် ..."

"ဟ ...ငါ့အဲချစ်က မြင့်မြတ်တယ်ကွ ...ငါ့အချစ်မှာ လူတန်းစားမခွဲခြားဘူး ...အသားအရောင် မခွဲခြားဘူး .... ဂုဏ်ပကာသန

မရှိဘူး …ငါ့နှလုံးသားက အားလုံးကို လက်ခံ သဒ္ဒါတရားအား ကောင်းတာ …ဟဲ ဟဲ ဝေသန္တရာ နှလုံးသားကွ …”

“နှာဘူး …”

နောင်နောင်က ပျစ်ပျစ်နှစ်နှစ်ပြောလည်း ဒီကောင်က မနှာတဲ့ အပြင် စပ်ဖြဲဖြဲ ….

“တကယ်ပါ သူငယ်ချင်းတို့ရာ ငါညက အိပ်လို့မရဘူး …”

“လက်ဖက်သုပ်တွေ မစားနဲ့လေ ….”

“ဟုတ်တယ် သူ့ ပုံရိပ်က ငါ့အာရုံကို စိုးမိုးထားတယ်”

“စိုးမိုးဆိုတာ လှဌေး အစ်ကိုလေ …”

“တကယ်တော့ သတိရခြင်းဆိုတာ အချစ်ရဲ့ မြစ်ဖျားခံရာဒေသ”

“ပုတီးလေး ဘာလေးစိတ် တရားလေးဘာလေးထိုင် စိတ် တည်ငြိမ်တာပေါ့”

ကြည်သာ နောင်နောင်ကို မကြည် ကြည့် ကြည့်ရင်း …

“ခံစားတက်လာတဲ့ ကိုယ့်နှလုံးသားကိုလည်း အံ့ဩတယ် …”

“ခံစားတယ်ဆိုတာ ပန်းကန်ပြားကို ပြောတာလား”

နောင်နောင့် စကားကြောင့် ကြည်သာနှာခေါင်းပွလာပါသည်။ ဒါကို ဇောင်းက မမြင်ချင်ယောင်ဆောင်ကာ …

“အသားမဲတဲ့နွားသိုး နဖားကြိုးပြတ်တာ ကြည့်မကောင်းဘူး နော် ”

"မွေးကောင်လေး ..."

ဟိုကောင် မနေနိုင်တော့ဘဲ ဆဲတော့ အားလုံး ဝိုင်းရယ်ကြပါ
သည်။

"ငါ တကယ်ပြောတာပါကွာ ...ငါ သူ့ကို ချစ်မိနေပြီထင်တယ်"

"မင်း ...မေလေးနဲ့ ငြိတုန်းကလည်း ဒီလိုပဲ ပြောတာပဲ ကြည့်
ဘာ မင်းကိုက ချစ်ချစ်နိုင်လွန်းတယ်"

စောင်းပြောတော့ နာဠာဂီရိခေါ် မင်းမင်းဇော်ကလည်း ...

"ဟုတ်ပါ့ကွာ မေနွယ် ဒီကောင်ငြိတော့ မေလေး၊ မေလေး
ဆိုပြီး ပါးစပ်ကမချဘူး။ နောက် ဟိုကောင်မလေး ဘယ်သူ ... အဲ...
ယ်လေး .. နောက်တစ်ယောက် သနပ်ခါးလေး ... ရှိပါသေးတယ်"

"ယုန်လေး ..."

နောင်နောင်က နာဠာဂီရိကို စကားထောက်ပေးသည်။

"အေး ဟုတ်တယ် နောက်တစ်ယောက်တွေ့ရင် သေနာမ
လေးဆိုပြီး ခေါ်ဦးမလားမသိဘူး"

ဒီကောင် စကားကြောင့် ရယ်ကြပြန်သည်။ ဟိုကောင်က
တော့ မျက်နှာငယ်ငယ်လေးနဲ့ ...

"ငါကိုက ...ချစ်တတ်လို့ပါ သူငယ်ချင်းရယ်"

ဒီကောင့် စကားကြောင့် ဒီကောင့်ခေါင်းပေါ် လက်သီးတွေ
လှုပျံသွားပါတယ် ....။

ရွှေသမင်စာပေ

"ဟော့ကောင် သခ် နည်းနည်းလျှော့သောက်ဦး မင်းအဖိုးကြီး ပွမ်နေဦးမယ် ..."

"သခ် ပါကွ"

"ဟိုကာလည်း ဦးမင်းညိုပါကွ"

ကျွန်တော့်စကားကြောင့် နောင်နောင်က အမြင်ကပ်စွာပြော တော့ ဇောင်းက ...။

"ဟုတ်တော့ ဟုတ်တယ်ကွ ..ဒီကောင့်ဘက်မှာ ဘွားဘွား ဒေါ်မြစိန်ရှိနေတော့ ဒီကောင်က ဗျုတ်ဝီဗျုတ္တ ဖြစ်နေတာ ..."

"ဘာလဲကွ ..."

"ခြော်.. အဲ့ဒီအိမ်တစ်လုံးကို မှောက်လိုမှောက်လှန်လိုလှန်လေ"

ဒီကောင်တွေ စကားဆုံးတော့ ကျွန်တော်က ဝီစကီကိုစိမ်ပြေ နပြေမော့သောက်ရင်း ...

"ငါ ငယ်ငယ်က အရမ်းကြောက်တတ်တာကွ ..."

"မင်းက ..."

"အင်း ငါ ... ငါးတန်း၊ ခြောက်တန်းကျောင်းသားဘဝက ကျောင်းမှာ ငါတို့အတန်းထဲက မျိုးသန့်ဆိုတဲ့ ကျောင်းသား တစ် ယောက်ရှိတယ်"

ဒီကောင်တွေ ကျွန်တော့်စကားကို စိတ်ဝင်တစားနားထောင် နေပါသည်။

"ဒီကောင်က တစ်တန်းကိုနှစ်နှစ်နေတဲ့ကောင်ကွ လူကောင်
သည်းထွားတယ် …ဒီကောင်က ငါ့ကို သိပ်အနိုင်ကျင့်တာ"

"ဘယ်လို အနိုင်ကျင့်တာလဲ သခ် …"

ဓောင်းရဲ့ အမေးကြောင့် ကျွန်တော်က သောက်လက်စ စီးက
က်အတိုကို ပြာခွက်ထဲထိုးချေရင်း ….

"ငါ ကျောင်းသွားပြီဆိုရင် မေမေကလည်း မုန့်ဖိုးပေးတယ်။
ဘိုးကြီးရှိနေသေးတော့ …ဘိုးဘိုးကြီးဆီကလည်း မုန့်ဖိုးရတယ်။
ားသွားကြီးဆိုရင် ပိုဆိုးတာပေါ့ကွာ …အင်း …ကလေးတစ်
ာက်ရဲ့ ကျောင်းမုန့်ဖိုးလောက်တောင် မကဘူးပေါ့ကွာ …"

"ဆက်စမ်းပါဦး …"

"ဒါကိုသိတဲ့ မျိုးသန့်က ငါ့မှာရှိတဲ့ မုန့်ဖိုးရဲ့ သုံးပုံပုံနှစ်ပုံကို
ကိုပေးရတယ်ကွ …"

"ဟာ မိုက်ရိုင်းတာပဲ …"

"တကယ်လို့ ဆရာမကို တိုင်ရင် အိမ်ကိုပြန်တိုင်ရင် သူ့အ
ကြောင်းသိစေရမယ်လို့ ဒီကောင်က ကြိမ်းတယ် အင်း …ငါလည်း
ရှုံပြီး ပေးပေးနေရတာပေါ့ကွာ …တစ်ခါတလေများ ငါ့ဆီမှာ
ဲ့ မုန့်ဖိုးအားလုံးကို ဒီကောင်က ယူချင်ယူတာ …"

"ဟာကွာ …"

"ပေးပေးနေရင်း ငါကျောင်းသွားရမှာ ကြောက်လာတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်နဲ့ တွေ့မှာ ကြောက်နေတာကွ"

"ဆက်ပြောပါဦး ..."

နောင်နောင်က ဆက်ပြီး သိချင်ပုံရပါသည်။

"နောက်ပိုင်းကျတော့ ငါတွေးတွေးပြီး ဒေါသဖြစ်ဖြစ်လာတယ်ကွ ..."

"အေးပေါ့ဟ ...ဒီလောက်အနိုင်ကျင့်နေတာကြီးကို"

"တစ်နေ့တော့ ငါဆုံးဖြတ်ချက် ချလိုက်တယ် ...ဒီကောင်ကို ငါ ဆော်မယ်လို့ ..."

"ကောင်းတယ် ..."

"ဒါပေမယ့် နောက်နေ့တွေကြတော့ ဒီကောင်ကို တွေ့ပြန်ရင် ငယ်ကြောက်လိုဖြစ်နေတော့ ပိုက်ဆံပေးမိပြန်ရော ..."

"မင်းဟာကလည်း ..."

ကျွန်တော် ပြုံးမိပါသည်။

"တစ်နေ့တော့ ငါ့ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချခဲ့တယ်။ မနက်ကျောင်းမသွားခင်ကတည်းက တစ်တောင်ကျော်ကျော် ငါးမူး လုံးလောက်ရှိတဲ့ သံပိုက်လုံးကို လွယ်အိတ်ထဲ ထည့်ဖွက်ပြီး ယူလာခဲ့တယ်။ ဒီကောင်ကလည်း ထုံးစံအတိုင်း မိုက်ကြေးခွဲတာပေါ့ကွ ...ငါလည်း အဲဒီနေ့က ပိုက်ဆံပေးလိုက်ပြန်ရော ..."

"လုပ်ပြန်ပြီ ..."

"လာမယ်လေ ...ဒီကောင်က ငါပေးတဲ့ ပိုက်ဆံတွေကို ရေနေ
ဖဲ့အပေါ် အာရုံမရောက်တော့မှ ငါ သူ့ခြေသလုံးကို ဖွက်ယူလာ
သံပိုက်လုံးနဲ့ တီးထည့်ပါလေရော ...."

"ကောင်းတယ် ..."

"မကောင်းနဲ့ဦး နောင်နောင်၊ ငါရိုက်လည်းရိုက်ပြီးရော သံပိုက်
းကိုလွှတ်ချပြီး မျက်ရည်တွေကျ ငိုပြီး အတန်းပိုင်ဆရာမရှိတဲ့
ရာများ နားနေဆောင်ကို ပြေးတာပေါ့။ ဆရာမကိုလည်း မျိုးသန့်
ကျွန်တော့်ကို အနိုင်ကျင့်တယ်ဆိုပြီး တတွတ်တွတ်အော်ငိုပြီး တိုင်
ာပေါ့၊ ဆရာမက ငါ့လက်ဆွဲပြီး အတန်းထဲလဲပြန်လာရော ခြေ
ထောက်ရိုးငေါထွက်နေတဲ့ မျိုးသန့်ကိုတွေ့ပါလေရော၊ ဆရာမလည်း
ကြောင်သွားတာပေါ့။ ငါက ဦးအောင်တိုင်ထားတာကို ဖေဖေတို့
ကော်တော်ရှင်းယူလိုက်ရတယ်၊ အမှန်က ငါ ကျောင်းထုတ်ခံရမှာ"

"ဘွားဘွားကြီးရှိနေတာ မင်းကံကောင်းတယ်ပေါ့"

နာဠာဂီရိက သိနှင့်နေတာမို့ နှုတ်ခမ်းတွန့်ကာ ပြောတော့
ကျွန်တော် ခေါင်းညိတ်ပြမိသည်။

"ရှိသေးတယ်။ အဲဒီကစပြီး ငါ နည်းနည်းရဲလာတယ် သူငယ်
ချင်း။ ဒါပေမယ့် ရိုက်ရဲပုတ်ရဲတော့ မရှိသေးဘူး"

"ပြောစမ်းပါဦး"

"ပြောပါမယ် ဇောင်းရာ၊ ဒီလိုကွ အရွယ်လေးကရောက်လာ

တော့ လူရာဝင်ချင်တဲ့ စိတ်လေးက ဖြစ်လာတယ် ဒါနဲ့ပဲ လမ်းထိပ် အုတ်ခုံမှာ အမြဲထိုင်နေတဲ့ ဂစ်တာ တခေါင်ခေါင်နဲ့ ရပ်ကွက်အော ကြောလန် ပုဂ္ဂိုလ်ကြီးတွေ ကိုစိုးမြင့်တို့နဲ့ ထိုင်ပါလေရော။"

"မူးမူးနေတဲ့ အဖွဲ့လား"

"အင်း ကိုစိုးမြင့်တို့က လက်ရဲဇက်ရဲသမားတွေ သူတို့ကပြော တယ်။ မင်း ငါတို့နဲ့ ဘော်ဒါလုပ်ချင်ရင် လူတစ်ယောက်ရဲ့ မျက်နှာ ကို ဓားတွေးနဲ့ ထွေးရမယ်တဲ့ ..."

"ဟာ မင်းကို အချွန်နဲ့ မတာပေ့ါ ..."

"အေး ...မတာတော့ အကြီးကြီးကို မတာ ပြီးတော့ ငါ ကြောက်တတ်တာကိုလည်း သိတယ်လေ ..."

အားလုံးက ကျွန်တော်ပြောမယ့် စကားကို စိတ်ဝင်တစား နားစွင့်နေကြသည်။

"ငါလည်း သူတို့ပြောတဲ့အတိုင်း လုပ်မယ်ပေါ့...ဒီလိုနဲ့ လမ်း ထိပ်အုတ်ခုံမှာ ထိုင်နေရင်း လမ်းထဲက တစ်ကောင်ထွက်လာပါလေ ရော ..."

"ဘယ်သူလဲ"

ကြည်သာ အမေးကြောင့် ကျွန်တော်ရယ်ရင်း ...

"ကံဆိုးသူ လှအေးပေ့ါ ..."

"ဟာ မင်းနဲ့ မကြည်တဲ့ကောင်ပဲ ..."

"အေး ဒါပေမယ့် ဒီကောင်က ငါ့ထက် အရွယ်ကြီးတယ် ...ငါ ညီး သူတို့နဲ့ အတူထိုင်ရင်း ဒီကောင့်ဆီ လျှောက်သွားလိုက်တယ်"

"ပြီးတော့ ..."

"ပြီးတော့ ...ကိုစိုးမြင့်တို့ပြောတဲ့အတိုင်း ....အဲဒီကောင် မျက် ကို တံတွေးနဲ့ထွေးလိုက်ပါလေရော ..."

"ဒီကောင်က ပြန်မလုပ်ဖူးလား ..."

"ဒီကောင်မလုပ်ခင် ငါက ဒီကောင်မျက်ခွက်ကြီးကို ထိုးထည့် လိုက်တာ ဒီကောင် ကမူးရှူးထိုးနဲ့ ငါ့ကို တီးမယ်လဲလုပ်ရော ...ကိုစိုး မြင့်တို့ရောက်လာပြီး ဟိုလူဆွဲ ဒီလူဆွဲနဲ့ ဖျန်ဖြေသလို လုပ်တာ ပေါ့..."

နောင်နောင်က ခေါင်းတညိတ်ညိတ်နဲ့ ...

"အဲဒီကစပြီး ပျက်စီးတယ် ဆိုပါတော့ ..."

ကျွန်တော်က ပြန်မဖြေပဲ ရယ်နေလိုက်ပါသည်။

ပြန်တွေးကြည့်မိတော့ ဘဝမှာ ဆိုးသွမ်းမှုတွေက မနည်း ရှေ့ ကို ဘာတွေဖြစ်လာမလဲ ကျွန်တော် မတွေးကြည့်မိခဲ့ ....

တစ်ထောင့်တစ်ည အိပ်မက်တွေနဲ့ မှော်ရုံအလွမ်းလို ငါ့ရဲ့ရင်ခွင်ကို ပစ်သွင်းခွင့်ရမယ့် ကောင်မလေး မင်း ဘယ်ဆီမှာလဲ ရေဗက္ကာ ....

ထူးဆန်းလွဲမှားတဲ့ အက္ခရာနဲ့ ဖွဲ့စည်းထားတဲ့ လေသံလေးတွေ ကြားတိုင်း မင်းကို သတိရမိတာ ခွင့်ပြုပေးပါ။

ငါ မေးကြည့်ချင်တယ် ရေဗက္ကာ အချစ်ဆိုတာ ထက်မြတဲ့ဓားသွားလား ...အေးမြတဲ့ ရေစက်လား ...

ခက်ခဲတဲ့ ပုစ္ဆာတွေ မတွေ့တတ်တဲ့ ငါ့ဦးနှောက်မှာ အချစ်ဆိုတာ လိုရာပုံသွင်းလို့ကောင်းတဲ့ ဖယောင်းရုပ်တုတစ်ခုလို ငါထင်မိခဲ့ တာ မှားသမား ရေဗက္ကာ ...

ခဏလေး ဆုံတွေ့ခဲ့ရတဲ့ ကာလလေးပါ ဒါပေမယ့် အချိန် အကြာကြီးတွေ့မြင်ခွင့်ရချင်တယ် ...

အလုပ်မရှိ အကိုင်မရှိ မှုးမှုးရှူးရှူးနဲ့ လေးယောက်သား ကား လျှောက်မောင်းရင်း ဘယ်လိုက ဘယ်လို အဝေးပြေးကားဝင်းထဲ ရောက်လာသည်မသိ ... ကားဂိတ်ဝင်းထဲရောက်တော့ ... နာဋ္ဌာဂီရီ က ....

"လုပ်ကွာ သခ်ီ ငါတို့ကို အရက်ထပ်တိုက်ကွာ ..."

"မင်းကလည်း နာဋ္ဌာဂီရိလို့ မပြောရဘူး အရက်သောက်ဖို့ပဲ ပြောနေတာ ..."

နောင်နောင် စကားကြောင့် နာဋ္ဌာဂီရိက နောင်နောင်နားရင်း ကို အုပ်ကာ ....။

"ဒါဆို မင်း မသောက်နဲ့လေ ..."

"ဒါကတော့ မင်းတစ်ယောက်တည်းသောက်တော့ ငါက အားနာတာပေါ့ ..."

ကျွန်တော်က ကြည်သာကိုကြည့်တော့ ဒီကောင်ကလည်း

လျှာတသပ်သပ် ...ကျွန်တော် ကိုယ်တိုင်ကလည်း ထပ်သောက်ချင်နေတာကြောင့် ....။

"မင်းတို့ရှေ့က ဆိုင်မှာစောင့်နေ ငါ အိမ်ကို ဖုန်းဆက်ပြီးရင် လာခဲ့မယ် ..."

ကားပေါ်က ဆင်းတော့ နေအတော်ပူတာနဲ့ ဦးထုပ်ဆောင်း မျက်မှန်အနက်ကို တပ်ကာ ကျွန်တော် အများသုံးဖုန်းရှိရာဆီသို့ လျှောက်လာခဲ့ပါသည်။

အိမ်ကို ဖုန်းလှမ်းဆက်တော့ ....မေမေက ...

"ဟဲ့ ကောင်လေး တစ်ညလုံး တစ်နေ့လုံး ဘယ်လျှောက်သွားနေတာလဲ ..."

"ဟင် မေမေ မသိသေးဘူးလား ..."

"ဘာကိုလဲ ..."

"သားကို ဖေဒင်က ပေါထားတယ်လေ ..."

"မင်းကွယ် ..."

"တကယ်ပြောတာ မေမေရဲ့ တနင်္လာနေ့ အလုပ်နှစ်ခါမလုပ်ရအောင် ဥစ္စာ ပစ္စည်းတိုးပွားအောင် ရှစ်မျက်နှာ အရပ်ကို တလစပ် လျှောက်လည်ရမယ်တဲ့ မေမေ ..."

"ဒီကောင်လေးကတော့လေ ...ကဲ ပြော ..."

"ဘွားဘွားရော မေမေ ..."

"မင်းအဘွား ...ကိုရှိုတို့ အိမ်သွားတယ်လေ ..."

"ဟာ ဘွားဘွားကလည်း ကိုယ့်မြေး ပိုက်ဆံပြတ်နေတာ ...ကိုရဲ့နဲ့ ..."

"ဪ အဘွားကို ပိုက်ဆံပြတ်မှ သတိရတယ်ပေါ့ ...ဒါဆို ...း အဖေဆီကတောင်းပေါ့ ..."

"တော်ပါတော့ မေမေရယ် ..."

"အေး ...မင်း သတိထားနေ သခ်ီ မင်းအဘွားခံနေလို့ မင်း ...က်သာတယ်မှတ်ပါ ...မင်း အဖေက လက်ယားနေတာ ..."

"ဟာ ဖေဖေလက်ယားနေရင် မြွေနှစ်ကောင် ဝယ်ပေးလိုက် ...ပါ့ မေမေရာ ...ငွတ်ဘိုင်"

ကျွန်တော် ဖုန်းကို အမြန်ချကာ ဖုန်းဖိုး ပိုက်ဆံရှင်းပေးနေ...ပြီ ....

"ခြေထောက်တွေ ပုနေပြီဟာ ..."

ဒီအသံ ဒီလေယူလေသိမ်း ရင်ထဲမှာ လှစ်ခနဲဖြစ်သွားတဲ့ ...စားမှု ကျွန်တော် ကမန်းကတန်းလှည့်ကြည့်တော့ ....။

ပျော့စင်းစင်း ဆံပင်လေးတွေ ဝဲခါသွားအောင် လှုပ်ယမ်းပြတဲ့ ...သူမ ...ဒီတစ်ခါတော့ ထင်ထင်ရှားရှား အနောက်တိုင်း သူလေး ...တစ်ယောက်လို မျက်ခုံးမျက်လုံးတွေက ...

"ဟင် ..."

သူမနဲ့အတူ ရှိနေတဲ့ ဘေးက မိန်းကလေးက ပြည့်ဖြိုးမင်း၊ သူမတို့နှစ်ယောက်က ရန်ကုန်မင်္ဂလာ ကားဂိတ်အဆောက်အဦး ထဲဝင်သွားပါသည်။ ကျွန်တော် သူမတို့ရှိရာဆီလိုက်သွားမည်လုပ်ပြီးမှ အကြံတစ်ခုရကာ ချန်နေခဲ့လိုက်ပါသည်။ တအောင့်နေတော့ သူမတို့နှစ်ယောက် ပြန်ထွက်လာပါသည် ... ပြည့်ဖြိုးမင်းနဲ့ ကျွန်တော့်ရင်ခုန်သံ ဖျော့ဖျော့လေးတို့ နှစ်ယောက် ခပ်မြင့်မြင့် ကားတစ်စီးပေါ် တက်သွားပြီး သိပ်မကြာခင်မှာ ကျွန်တော်က သူမတို့ ဝင်သွားတဲ့ ကားဂိတ်ထဲ လိုက်ဝင်ပြီး လက်မှတ်ရောင်းတဲ့ လူဆီမှာ စုံစမ်းကြည့်ပါသည် ...။

"အစ်ကို ခုန ကျွန်တော် သူငယ်ချင်းကောင်မလေးနှစ်ယောက် လက်မှတ်လာဖြတ်သွားတယ် ထင်တယ် ..."

"ဪ ခုနကောင်မလေး နှစ်ယောက်ထင်တယ် ...ခဏလေး" လက်မှတ်ရောင်းတဲ့ လူက ကားခုံနံပါတ်ဇယားကို ကြည့်ပြီး ...

"ဟုတ်တယ် ညီလေး တစ်ယောက်က ပြည့်ဖြိုးမင်း တစ်ယောက်က ရေဗက္ကာ ..."

"ရေ...ဗ...က္ကာ ..."

သူ ရဲ့ နှုတ်ဖျားက ခပ်တိုးတိုးရွတ်ဆိုကြည့်တဲ့ စကားသံကြောင့် လက်မှတ်ရောင်းတဲ့ အစ်ကိုကြီးက မော့ကြည့်ပါသည်။ ကျွန်တော် ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်ပါသည် ...။

"ကျွန်တော့်ကို လက်မှတ်လေးစောင် ဖြတ်ပေးပါ အစ်ကို...သူ တို့နှစ်ယောက်နောက်ကနေ အစဉ်လိုက် လက်မှတ်ဖြတ်ပေးလို့ရ လား အစ်ကို ..."

"ရပါတယ် ညီလေး မှတ်ပုံတင်ပါလား..."

"မှတ်ပုံတင်တော့ မပါဘူး အစ်ကို ကားလိုင်စင်တော့ပါတယ်။ ကျန်တဲ့ သုံးယောက်ရဲ့ မှတ်ပုံတင်ကို ကျွန်တော် ကားပေါ်တက် တော့မှ ပေးလို့ရမလား ..."

'အဆင်ပြေပါတယ် ..."

လက်မှတ်လေးစောင် ဖြတ်ပေး၏။ ကျွန်တော်က ပိုက်ဆံရှင်း ပေးပြီး ဟိုကောင်တွေရှိရာဆိုင်ဆီဝင်တော့ ဒီကောင်တွေ ပုလင်း တစ်ဝက် ကျိုးနေပါပြီ ...။

"ဖုန်းဆက်တာ ကြာလိုက်တာ သခံ ရာ"

ကြည်သာ့စကားကြောင့် ကျွန်တော်က လေလေး တချွန်ချွန်နဲ့ ကားလက်မှတ်လေးစောင်ကို အိတ်ထဲက ထုတ်ပြီး စားပွဲပေါ် ချ တော့ ဒီကောင်တွေက လက်မှတ်တွေယူကြည့်ကာ ....

"ဗုဒ္ဓေါ အပျင်းပြေ အရက်ထွက်သောက်တာ မန္တလေးထိ အောင်လား ကိုသခံရယ် ..."

နောင်နောင့် စကားကြောင့် ကျွန်တော်က ...

"အစီစဉ်တွေ အများကြီးရှိတယ် ညီလေး စိတ်မစော်နဲ့ အမိက

က ...ငါ့ရင်ခုန်သံအတွက် ...နောက် ...ဒီက ညီလေး အစ်ကိုကြည်သာအတွက် ..."

"ဘယ်က ငါက ပါလာရတာလဲ ...သခ် ..."

"မင်းတို့မသိတဲ့ ငါ့ရဲ့စွဲလမ်းမှု တစ်ခုရှိတယ် ... ငါ ပြောပြမယ် နားထောင် ..."

စိတ်က လျင်မြန်စွာပြေးလွှားသွားပါသည်။ အိမ်မက်တစ်ခုအတွက် လေသံလေးချည်နှောင်ခံရပုံ၊ *ခဏလေးပါ ကိုလေးဖြူရဲ့ ခဏလေးများ မဟုတ်ပါဘူး သခ်အတွက် ခဏလေး ...*

"ဟာ သခ် ရင်ထဲမှာ အရက်ရှိတယ်ထင်နေတာ ..အချစ်လည်း ရှိတာပဲကွ ...ဒါနဲ့ လက်မှတ်ဝယ်တဲ့ကိစ္စ နောက်ပြီး ကြည်သာ့ ရင် ခုန်သံဆိုတာ ဘာလဲ ..."

"လာမယ်လေ ..."

ကျွန်တော်က ခုန ပြည့်ဖြိုးမင်းနဲ့ ရေဗက္ကာတွေ့ခဲ့မိပုံကို ပြောပြတော့ ကြည်သာက ...

"ဝ. ...သိုင်းကျူး အဲဒါတွေကြောင့် ငါတို့ကောင်ကြီးသခ်ကို ချစ်ရတာ လေးလည်းစားတ[illegible] ါးလည်းစားတယ် သခ်"

ကြည်သာ အူမြူးပုံကြောင့် ဟိုကောင်တွေက နှာခေါင်းရှုံ့ပါသည်။

"နှာနှစ်နှာ ကြားမှာ ငါတို့ကပါလာရသေးတယ်။ တစ်ခုရှိ


တယ် သခ်ိ ..."

နောင်နောင် စဉ်းစားဟန်နဲ့ပြောတော့ ကျွန်တော်က ဘာလဲလို့ မေးဆတ်ပြသည်။ နောင်နောင်က လက်ညှိုးနဲ့ လက်မ ဝိုင်းပြသည်။ ကျွန်တော်က နှာခေါင်းရှုံ့ရင်း ...

"သခ်ိပါကွာ ...အေးဆေး ကလေးမွေး မွေးတဲ့ကလေး ယောကျ်ားလေး ..."

"အင်းပေါ့လေ ...မင်းကပြောရဲတဲ့သူ ...ငါတို့ကလည်း လိုက်ရဲတဲ့သူ ..."

လက်ဖဝါးတွေ အချင်းချင်းရိုက်ပြီး အောင်ပွဲခံကြပါသည်။ ပြောသာပြောရတာ အိမ်မှာ ဘွားဘွားမရှိတော့ ပိုက်ဆံဘယ်လိုရှာမလဲ အကြံထုတ်နေရပါသည်။



ထပ်ဆင့်ညွှန်ကြားရင်
ကပြောင်းကပြန်စိတ်တွေနဲ့
အတိတ်ကအသံလေးကို
သတိရလိုက်တာ . . .

"ဒီကားပဲ ဦးစော ..."

ဖေဖေရဲ့ ကုန်ကားကို လက်ညှိုးထိုးပြတော့ ဦးစောက သေချာ ကြည့်သည်။ ဒီနေ့ အိမ်မှာ ဖေဖေရော မေမေရော မရှိမှန်း သူသိ ည်။ ညီငယ် သီဟက ကျောင်းသွားခါနီး သူ့ဆီလျှောက်လာကာ...

"ကိုလေး သားကို မုန့်ဖိုးပေး"

ကျွန်တော်လည်း မြန်မြန် ကိစ္စဖြတ်ချင်တာနဲ့ပဲ အိတ်ကပ်ထဲ ာ ပိုက်ဆံကို မရေတော့ဘဲ မုန့်ဖိုးအမြန်ပေးလိုက်ရပါသည်။ ဓိဟက ကလေးမို့ သူရချင်တာ ရပြီဆိုတော့ အပျော်ကြီးပျော်ကာ ်ထွက် သွားပါသည်။

ဦးစောက ကားကို သေချာစစ်ဆေးမောင်းကြည့်သည်။ ကျေ ပ်ပြီဆိုတော့မှ သူ့ဆီလျှောက်လာကာ ...

"အိုကေ မင်းပြောတဲ့ ဈေးကတော့ သင့်ပါတယ်။ ညနေ ငါ့ဆီ

လာခဲ့ လိုအပ်တဲ့ စာရွက်စာတမ်းတွေ စာအုပ်တွေ ငါ့ဆီယူလာခဲ့”

“စိတ်ချ ဦးစော ခင်ဗျားသာ ပိုက်ဆံ အဆင်သင့်ပြင်ထား”

“စိတ်ချပါ ... သခ်ိရာ ကဲ ဒါဆို ငါ သွားတော့မယ်”

ဦးစောက ကျွန်ုဳကော့်ကို နှုတ်ဆက်ကာ သူ့ရဲ့ကားလေးပေါ် တက်ကာ လက်ပြနှုတ်ဆက်ပြီး မောင်းထွက်သွားပါသည်။

ဦးစောထွက်သွားမှ ကျွန်ုပ်တော်လည်း အိမ်ပေါ်တက်ကာ ခရီးထွက်ဖို့ အဝတ်အစားတွေကို ဗီရိုထဲမှ ထုတ်၍ ကျောပိုးအိတ်ထဲ ထိုးထည့်ကာ ဇစ်ပိတ်လွယ်ပိုးပြီး ဖေဖေ့ အခန်းဆီ လျှောက်ကာ ငြိမ်သက်နေတဲ့ အိမ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ပြီး အခန်းတံခါးကို အသာဖွင့် ကားနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို ယူကာ အခန်းကို ပြန်ပိတ်ပြီး ဦးစောနဲ့ ချိန်းထားရာခုံမှတ်ဆီ တိုင်စီငှားပြီး လစ်ထွက်လာခဲ့ပါသည်။

"ဟ မြန်လှချည်လားကွ"

စာအုပ်ကို စားပွဲပေါ် ပစ်ချတော့ ဦးစောက အံ့အားတသင့်ရှိပုံ
သည်။

"ဦးစော ကိုအေးမင်းရဲ့ လီမီတက်အဖြူရောင်ကို ကြည့်ချင်လို့
တဲ့ ...."

ဦးစောရဲ့ တပည့် ကိုထွန်းက ကျွန်တော့်ကို ပြုံးပြရင်းဦးစော
ကို ပြောတော့ ဦးစောက ကားသော့ကို လှမ်းပေးရင်း ...

"မင်းလုပ်ထားလိုက်ကွာ ငါ ဒီကောင်နဲ့ အလုပ်လေးတစ်ခု ရှိလို့...။

"ဟုတ်ကဲ့ ဦးစော ..."

ကိုထွန်းထွက်သွားပြီးမှ ဦးစောက ...

"ကဲ မင်း အိမ်လိုက်ပြီး ပိုက်ဆံလိုက်ယူ ..."

"တစ်ခုတော့ရှိတယ် ဦးစော"

"ဘာလဲကွ ..."

"ကားသော့ကို ဦးစော အိမ်မှာ သွားယူလိုက် မနက်ဖြန်လောက် ဒီနေ့ အိမ်မှာ ကားသုံးစရာတစ်ခုရှိလို့ ..."

"ရတယ် ကိစ္စမရှိဘူး"

"ကဲ ဒါဆို လစ်ကြမယ် ..."

ဦးစောနှင့် အတူ သူတို့ပွဲစားတန်းက လက်ဖက်ရည်ဆိုင်လေးထဲက ထွက်လာပြီး ဦးစောရဲ့ ကားလေးနဲ့ပဲ ဦးစောရဲ့ အိမ်မှာ ပိုက်ဆံ လိုက်ယူပါသည်။

ပိုက်ဆံတွေကို ရေတွက်ပြီးစီးတော့ ...

"လာ မင်းကို ငါ ဘီယာတိုက်မယ် ..."

"အဆင်ပြေတာပေါ့ ဦးစောရယ် ..."

ဦးစောတို့ အိမ်အနီးနားက ဆိုင်တစ်ဆိုင်မှာ စားကြသောက်ကြပြီး လမ်းခွဲတော့ ...နေအတော်စောင်းနေပါပြီ။ ဆိုင်က ထွက်ထွက်ချင်း အနီးဆုံး ဖုန်းဆိုင်ကနေ ဟိုကောင်တွေ အထုပ်ဆွဲထွက်ခဲ့ဖို့ နှိုးဆော်ပြီး သူတို့သောက်နေကြဆိုင်မှာ ထပ်ချိန်းပါသည်။ ပြီးတော့ ဘွားဘွားကြီးဆီကို ဖုန်းဆက်သည်။

"ဟလို ဘွားဘွားလား"

"ငါ့မြေး ...ဘာတွေ ပူဆာဦးမလို့လဲ"

"ဘာမှ မပူဆာပါဘူး ဘွားဘွားရဲ့ သား အခု ခရီးထွက်မလို့

းသွား"

"ဟဲ့ ရုတ်တရက်ကြီးကွယ် ..."

"ဟုတ်တယ် ဘွားဘွား အဲဒါ ဘွားဘွား ဖေဖေကို ပြောပေးဦး။ းလစ်ပြီး ပြန်လာရင် ဘွားဘွားအတွက် လက်ဆောင်ဝယ်လာခဲ့ ယ်"

ဖုန်းကို အမြန်ချကာ တိုင်စီငှားပြီး ထွက်လာခဲ့ပါသည်။

"အဆင်ပြေလား သခင် ..."

ကြည်သာက ဝင်ဝင်ချင်း လက်ညှိုးနဲ့ လက်မဝိုင်းပြတော့ ကျွန် က်က ခေါင်းညိတ်ပြမိပါသည်။

"ဟိုနှစ်ကောင် မရောက်သေးဘူးလား"

"လာတော့မှာပါ ...."

ကြည်သာက အသင့်မှာထားတဲ့ ဘီယာခွက်ကို ကျွန်တော်ရှေ့ ပေးသည်။ ကျွန်တော် ဘီယာမော့သောက်တော့ ကြည်သာက ကဲ ခတ်ရင်း ...

"မင်းကြည့်ရတာ သောက်ထားပြီးပြီပုံပဲ"

"အင်း ငါ ဦးစောနဲ့ သောက်လာသေးတယ်"

"ဩော် ...ဟောဟိုမှာ ဟိုနှစ်ကောင် မောကြီး ပန်းကြီးနဲ့ လာ ပြီ ..."

ကျောပိုးအိတ်ကိုယ်စီနဲ့ မောကြီးပမ်းကြီး ဝင်လာတဲ့ နောင်နောင်

နဲ့ နာဋ္ဌာဂီရီ ...။

"ဟူး မောလိုက်တာကွာ ...အမေ မပြောတဲ့ အမောပြေ ဘီယာ လေး လုပ်စမ်းပါကွာ ..."

"တိုက်ပါ့မယ် နာဋ္ဌာဂီရီရယ် ...အရက် ကိုးမောင်းလောက်ကို တိုက်ဦးမယ် ..."

"မလိုဘူး ကြည်သာ၊ ဘီယာ ကိုးဂျားလောက်ဆို ဖြစ်ပါတယ်ကွာ"

ဒီကောင့်စကားကြောင့် ကျွန်တော်ရယ်မိပါသည်။

ဘီယာခွက်ကိုယ်စီရှေ့ရောက်တော့ ချီယာလစ် လုပ်ကြပြီး နောင်နောင်က ...

"နေပါဦး ..."

"ငါက ဘယ်သွားလို့လဲ"

ကြည်သာက ခပ်တည်တည်နဲ့ နောက်တော့ နောင်နောင်က မျက်စောင်းထိုးရင်း ...

"နေပါဦး ဆိုတာ စကား စမလို့ကွ ..."

"စကားဆိုတာ ငါတို့ အိမ်အေးနားက ကောင်မလေး သူ့ကို သွားမစနဲ့ သူ့အစ်ကိုက လက်သီးပြင်းတယ် နောင်နောင် ..."

"တော်ပါတော့ ကြည်သာရာ ငါစကားအတည်ပြောမလို့ဟာ"

"အတည်ဆိုတာ အကြည်အောက်က မောင်လေး ..."

"ဟော့ကောင် ..."

နောင်နောင် မျက်ဝန်းပြူးပြတော့ ကြည်သာက ဆက်စပြန်
ည်း

"ငါ သရဲမကြောက်ဘူး ငနောင် …"

"ဟိုကောင်က နှာကစ်လာကာ ကြည်သာကို ဖက်ပိုးအုပ်တော့
နှ်တော်တို့ အားလုံး ရယ်မိကြပါသည်။ ရယ်မောလို့ ဆုံးတော့မှ…

"မင်း ပိုက်ဆံ ဘယ်လို ဖန်တီးလာလဲ သခ် …"

ငနောင် အမေးကြောင့် ဟိုကောင်တွေကပါ သူ့ကို သိချင်ဟန်
ကြည့်ကာ ….

"ငါ့ အိတ်ကို ဖွင့်ကြည့်စမ်း ငနောင် …"

ငနောင်က ဇဝေဇဝါနဲ့ ကျွန်တော် အိတ်ကို ဖွင့်ကြည့်တော့
ုံလုံးပြူးကာ …

"ဟ …ပိုက်ဆံတွေ များလှချည်လား …"

ဟိုကောင်တွေကပါ ကျွန်တော့်အိတ်ကို ထကြည့်သူက ကြည့်
ပါသည်။

"မင်း ဘယ်လို တိုက်ကွက်နဲ့ အကွက်ရွှေ့လာတာလဲ သခ်"

"အရှုံး လိပ်ပြာဖမ်းတဲ့ တိုက်ကွက်လေ …"

ကျွန်တော်က အိမ်က ကုန်ကားကို လက်ညှိုးထိုးရောင်းစား
တဲ့ အကြောင်းကို ဖြစ်ကြောင်းကုန်စင်ပြောပြတော့ ….။

"ဟာ ပြဿနာပဲ မင်းအိမ်ပြန်ရောက်ရင်တော့ အဘိုးကြီး တီး

ပြီ ...”

“မင်းက တုံးပျံ့ ငနောင်ရာ ဒီကောင့်မှာ ဘွားဘွားကြီး ရှိတယ်လေ။ ဟိုတစ်ခါ ဘွားဘွားကြီးအိမ်ကို လက်ညှိုးထိုးရောင်းခဲ့တာလေ ...အခုပုံစံပဲ ....”

နာဋ္ဌာဂီရိစကားကြောင့် ငနောင်က ပြုံးစိစိနဲ့ ...

“ဩော် ...အရှုးလိပ်ပြာဖမ်းတဲ့ တိုက်ကွက်က ဒါဆို ငါတော်တော် တုံးတာပဲ ...နောက်ထပ် အဆင့်မြင့် တိုက်ကွက်ရှိသေးလားသခံ ...”

ကျွန်တော် ပြုံးစိစိနဲ့ ...

“မနက်ဖြန် ရေဗဏ္ဏာနဲ့တွေ့ရင် ဘီလူးပန်းခူးတိုက်ကွက်ကို ငါသုံးမယ် အခုတော့ ဒီကပြီးရင် ဘယ်မှာ အိပ်ကြမလဲ”

ကျွန်တော့် စကားကြောင့် ကြည်သာက လက်ဖျောက် တစ်ချက်တီးပြီး ...

“အဝေးပြေး ဂိတ်မှာ တည်းခိုခန်းတွေပုံလို့ ...”

“အိုကေ ကဲ ကိုကြီးကျော်တို့ နာဋ္ဌာဂီရိတို့ ဒီပွဲလေးကို ဆင်နွှဲလိုက်ကြရအောင် ...”

ကျွန်တော် စကားကြောင့် ရယ်ကြပါသည်။

"မင်းပြောတဲ့ ကားရဲ့ အခြေအနေက ဘယ်လိုလဲ စောထွန်း"

ဦးစောဂျိုးဇက် ဖုန်းဆက်ပြီး သတင်းမေးတော့ တစ်ဖက်က စောထွန်းက ခွက်ထိုးခွက်လန် ရယ်ပါတော့သည်။

"အခုပဲ ကားပိုင်ရှင်နဲ့ အဲဒီအကြောင်းပြောနေတုန်း မင်းဖုန်းဆက်တာ ဂျိုးဇက်"

ဦးစောထွန်းက ဦးမင်းညိုကို လက်ကာပြတော့ ဦးမင်းညိုက လည်း သဘောပေါက်စွာ ခေါင်းညိတ်ငြိမ်နေပေးပါသည်။ အမှန် ဦးစောနဲ့ ဦးမင်းညိုက ခင်မင်ရင်းနှီးနေတဲ့ မိတ်ဆွေတွေ သခ် ဦးစောထွန်း ပတ်သက်ခင်မင်နေပေမယ့် ဦးစောထွန်း ဦးမင်းညို သခ် သားအဖအဖြစ် ပတ်သက်လိမ့်မည်ဆိုတာ တကယ်ကို သိခဲ့ပါ။

"ဒီလိုကွ ငါ့ရဲ့ အကောင်းစား ဘော်ဒါ မိတ်ဆွေလေး သခ်မင်းညို ဆိုတဲ့ ကောင်လေးက ..."

"ကိုစော မင်းညို ဆိုတဲ့ ကျူပ်နာမည်ကို ထည့်မသုံးစမ်းပါနဲ့ဗျာ ကျူပ် ရှက်လွန်းလို့"

ဦးမင်းညို မနေနိုင် မထိုင်နိုင် ဝင်ပြောတဲ့စကားကို တစ်ဖက်က အတိုင်းသားကြားနေရပါသည်။ ဦးစောထွန်းက ရယ်ပြီးရင်း ရယ်လို ပါပဲ။

"အေးပါဗျာ ဒီလိုကွ ဂျူး ...ငါ့ ပိုက်ဆံ နည်းနည်းလိုနေတာ မင်း ကုမ္ပဏီအတွက် ကားလိုနေတယ်ဆိုတော့ ကွက်တိဆိုပြီး အဲဒီ ကားကို ငါ စိုက်ပေးလိုက်တာ ..."

"အေးလေ တစ်နေ့ကလဲ မင်းပဲ ငါ့ဆီက ပိုက်ဆံလာယူသွားပြီး တော့ ..."

"ဟုတ်ပါတယ် စကားဆုံးအောင် နားထောင်ပေးပါဦး... မင်းဆီ က ပိုက်ဆံယူပြီး မနေ့က ငွေချေပေးလိုက်တယ်။ အဲ ...သခ်ီ မင်း အဲလေ ...သခ်ီက ...ငါနဲ့ အရမ်းခင်နေတယ်ဆိုတော့ ဒီကောင်ပြော တဲ့စကားကို အဟုတ်မှတ်ပြီး ကားနဲ့ ပတ်သက်တဲ့ စာအုပ်စာရွက်စာ တမ်းတွေ အိမ်မှာ သွားတောင်းတော့မှ ငါတို့ အပတ်ခံလိုက်ရမှန်း သိတယ်။ ဒီကောင် ကားကို အသလွှတ်ယူလာပြီး လက်ညှိုးထိုး ရောင်းသွားတာ ..."

"ဟာကွာ ...အဲဒီချာတိတ်ကရော ..."

"မရှိဘူး ခရီးထွက်သွားပြီ မေမြို့ဆိုလား တောင်ကြီးဆိုလား မသိဘူး ...ကံကောင်းတာပေါ့ကွာ ငါ့မိတ်ဆွေရဲ့ သားဖြစ်နေ တယ်ဆိုတော့ ... ညှိနိုင်းရတာ အဆင်ပြေပါတယ်။ သခ်ီရဲ့ အဘွား

ဗျ သစ် ယူသွားတဲ့ပိုက်ဆံကို အပြည့်ပြန်ပေးလိုက်လို့ တော်သေး တာပေါ့ကွာ"

"တော်သေးတာပေါ့ကွာ ... တော်တော်ဆိုးတဲ့ ချာတိတ်ပဲ စော ထွန်း"

"ဒါ အစွန်းအစပဲရှိသေးတယ် စောထွန်း ဒီထက်ဆိုးတာတွေ ကောင်လုပ်ခဲ့တာ အများကြီး ..."

"မင်း မိတ်ဆွေ ဘော်ဒါလေးက ... ကျောချမ်းစရာပါလားကွာ ထဲ ပိုက်ဆံပြန်ရတယ်ဆိုရင်ပြီးတာပဲ ..."

"ငါ ညနေ ပိုက်ဆံလာပေးလိုက်မယ် ဂျူး ..."

"ရတယ် နောက် အေးအေးဆေးဆေးမှ လာပေး ... မပေးရင် ယည်း မပေးနဲ့ .... ဒီပြင် တစ်စီးလိုက်ရှာကွာ ...။"

"အိုကေ ... သူငယ်ချင်း ... ဗွတ်ဘိုင်"

ဦးစောထွန်းဖုန်းပြန်ချပြီးတော့ ဦးမင်းညိုကို အခုလိုပြောပါ တယ်။

"အဆင်ပြေပါတယ် ကိုမင်းညိုရာ"

"ကျုပ်သာဆို မှတ်လောက်သားလောက်အောင် အချုပ်ထဲ ထည့်တယ် ကိုစော ..."

"မလုပ်ပါနဲ့ဗျာ ကိုမင်းညိုတင်မဟုတ်ဘူး ကျုပ်ပါ ခင်ဗျား အမေ ကို ကြောက်တယ်ဗျ"

ဦးမင်းညိုဆီကသိထားတဲ့ သစ်ဘွားဘွား ဒေါ်မြစိန်အကြောင်း ည်ရှယ်သည်မို့ ဦးမင်းညိုက စိတ်ပျက်စွာ ...

"ဟုတ်ပါ့ဗျာ မေမေကြောင့်လည်း ခက်တယ် ကိုစော…၊ ဒီကောင် ဒီလောက်အထိအောင် မီးကုန်ယမ်းကုန် ပျက်စီးနေတာ အဲဒီ အလို လိုက်မှုတွေလည်း ပါလို့ပေါ့ဗျာ …"

ဦးမင်းညိုစကားကို ဦးစောထွန်း သဘောပေါက်သည်။

"အမှန်က သခ်ကြ သန္ဓေကောင်းတယ်လို့ပြောရမှာပဲ သူကို အလိုလိုက်ပေးတော့ လမ်းမှန်ကို မသိဘူး၊ သူ့ဘဝမှာ အထိနာခဲ့မှု တွေ မရှိဘူး၊ အဆင်သင့်ဆိုတဲ့ ဘောင်အောက်မှာ ဒီကောင်နေရ တော့ ပိုဆိုးတာပေါ့"

"မှန်တာပေါ့ ကိုစောရယ် …၊ သူ့အမြင်မှန်ရအောင် ဘာလုပ် သင့်လဲ ခင်ဗျားထင်လဲ …"

"ကျွန်တော် ပြောရင် စိတ်မဆိုးနဲ့နော်"

ဦးမင်းညိုပြုံးသည်။

"လွတ်လွတ်လပ်လပ် ပြောပါဗျာ…၊ ဒီကောင့်အတွက် ကျုပ်တို့ ဆွေးနွေးကြတာပဲဗျာ"

ဦးစောထွန်း ကားလမ်းမပေါ်က တရိပ်ရိပ် အငွေ့ထနေတဲ့ တံလျှပ်တွေကိုကြည့်ပြီး …

"တစ်ချိန်မှာ အချိန်ကိုက် သူ နားလည်လာလောက်တဲ့ အထိ နာမှုတစ်ခုခုနဲ့ ကြုံခဲ့မယ်ဆိုရင် နာလန်မထူနိုင်လောက်တဲ့ ခံစားမှု မျိုးနဲ့ကြုံရင် အပြောင်းအလဲတစ်ခုတော့ ဖြစ်လာမယ်လို့ ကျုပ် ယုံကပ် ကိုမင်းညို"

"အပြောင်းအလဲ တစ်ခု"

ဦးမင်းညို လေးလေးနက်နက် စဉ်းစားတွေးနေမိပါသည်။

သားဖြစ်သူရဲ့ ပြောင်းလဲမှုတွေအတွက် နေ့စဉ်နေ့တိုင်း ဦးမင်းညို စဉ်းစားတွေးတောနေမိတာ အဖေဖြစ်သူ တစ်ယောက်ရဲ့ တာနာ ဆိုတာ သခ် မသိနိုင်သေးပါ။

သူရဲ့ ဆုပ္ပ အောင်ပေါက်မှုတွေဟာ ဒီကောင် တစ်နေ့တစ်ချိန် သဘောပေါက်လာလိမ့်မယ်လို့ ဦးမင်းညို ယုံကြည်နေမိပါသည်။

အဲဒီ တစ်နေ့ဟာ ကိုစောပြောတဲ့ နာလန်မထူနိုင်တဲ့ နေ့တစ်နေ့ ဖြစ်လာမယ်ဆိုရင် အဆိုးဝါးဆုံး မခံစားရပါစေနဲ့လို့ ဆုတောင်းနေရ တော့မှာပေါ့ ...။

သခ် ...ဒီကောင့်ကြောင့်လည်း ခက်ပါတယ်လို့ ဒီအချိန်မှာ ညည်း ညူယုံမှ တစ်ပါး အခြားမရှိတော့ပြီ ...။

သစ်ပင် ပန်းပွင့်လေးတွေ ပွင့်သလို
လေပြည်တွေ အမြဲမပြတ် စီးဆင်းနေသလို ...။
ထပ်ပြီး ပြောပြရရင်...
နေ့မှာ ဖြာကျနေတဲ့–နေရောင်ခြည်နဲ့အတူ...
ကောင်းကင်မှာ မှိန်ပျပျလင်းနေရင်း
ငုတ်တုတ်ငိုက်မျဉ်းနေတဲ့ကြယ်ပွင့်လေးတွေလို...
မင်းကိုချစ်တယ် ရေဗက္ကာ.....

နှင်းတွေက မြေပြင်ပေါ် တိုးတိုးတိတ်တိတ် ခုန်ဆင်းလာပုံက ရင်ခုန်ချင်စရာ အဝေးပြေး ဂိတ်အတွင်းမှာ မီးရောင်က နေ့ရဲ့အလား ...။

ကျွန်တော် လက်တွေကို ဆုပ်ချည်နယ်ချည်ပြုရင်း သူမနှင့် တူတဲ့အရိပ်အယောင်ကို လှည့်ပတ်ရှာကြည့်နေမိပါသည်။

"ဟုတ်ရော ဟုတ်ရဲ့လား သခ်ရာ၊ ကားက ထွက်ဖို့နီးနေပြီ"

"ဟုတ်ပါတယ် ဆိုကွာ ..."

ကျွန်တော်က စိတ်ညစ်ညစ်နဲ့ ကြည်သာကို ဘုတောမိပါသည်။ နှင်းတွေကိုလည်းကျော်လွန်ခဲ့လို့ နေရောင်ခြည်ရဲ့ အလှည့် ရောက်ခဲ့ပြီ။ အချိန်တွေက တစ်နာရီပြီး တစ်နာရီ ....

"တောင်ကြီးသွားမယ့်ခရီးသည်တွေ ကားထွက်တော့မယ်၊ ကားပေါ်တက်ကြပါ"

ဂိတ်အတွင်းက လှမ်းအော်သံကြောင့် ကျွန်တော် စိတ်ပျက်

လက်ဖျက် ထ,ရပ်မိသည်။ နာရီကို ကြည့်တော့ (၁၁) နာရီထိုးပြီ၊ ဟိုကောင်တွေက ကျွန်တော့်အခြေအနေကို အကဲခတ်ရင်း ကားဆီ လျှောက်လာကြပါသည်။ ကိုယ်ထိုင်မယ့် ခုံနံပါတ်မှာ ဝင်ထိုင်ရင်း ကိုယ့်ရှေ့က လွတ်နေတဲ့ ထိုင်ခုံလေးကို တစ်ချက်ကြည့်မိပါသည်။ စပယ်ယာဖြစ်သူက ထိုင်ခုံတွေကို စစ်ဆေးရင်း လွတ်နေတဲ့ ထိုင်ခုံကိုကြည့်ပြီး ကားခေါင်းခန်းက နာရီကိုကြည့်ကာ ...

"နောက်ထပ် ဆယ်မိနစ်မှ ခရီးသည် မလာရင် ထွက်မယ် ကိုခင်သန်း ..."

ဒရိုင်ဘာခုံက ပုဂ္ဂိုလ်ကလည်း သဘောတူကြောင်း သက်သေခံပါတယ်။ ကျွန်တော့်ရဲ့ ငယ်ပေါင်းကြီးဖော်တွေကတော့ အချင်းချင်း နောက်ပြောင်နေကြရင်း ကျွန်တော် အဖြစ်ကို သတိမထားမိကြ ....

လက်ကနာရီကိုငုံ့ကြည့်ရင်း စက္ကန့်သံရှေ့လျှားသံကို ပီပီပြင်ပြင်ကြားနေရသည်။ အဲဒီ စက္ကန့်သံက အချိန်ကိုက် ဗုံးတစ်လုံးရဲ့မြည်သံလို ကျွန်တော် မှတ်ထင်မိသည်။ အချိန်က ပြည့်ဖို့ တစ်မိနစ် ...။

စိတ်ထဲက မျက်ဝန်းမှိတ်ရင်း စက္ကန့်အတိုင်း လိုက်ရွတ်မိသည်။

"နှစ်ဆယ့်ငါး ..နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုး...သုံးဆယ် ...သုံးဆယ့်တစ် ...သုံးဆယ့်နှစ် သုံးဆယ့်... သုံး ..."

"ဟော လာကြပြီ ..."

ကျွန်တော်တို့ ကားရဲ့ အင်ဂျင်နှိုးသံနှင့်အတူ။ ကျွန်တော်ဘေး
ကြည်သာရဲ့ စကားကြောင့် ဖျတ်ခနဲ ဖြစ်သွားတဲ့ ရင်ထဲက
ဒနာနှင့်အတူ မျက်ဝန်းကို ဖွင့်ပြီး ဘေးပြတင်းပေါက်မှ အပြင်ကို
ကြည့်မိတော့...

လှပခန့်ညားတဲ့ အကောင်းစားကားတစ်စီးက သူတို့ ကားကြီး
ားမှာ လာရပ်ပါသည်။ အဲဒီကားလှလှလေး ထိုးဆိုက်ဆိုက်ချင်း
ရင်ဆုံး အလောတကြီး ဆင်းလာသူက ပြည့်ဖြိုးမင်း ...။

နောက်တံခါးတစ်ချပ် ထပ်ပွင့်သွားသည် ဝေ့ါကင်းရှူးအဖြူ
ရောင်လေးတစ်ဖက် အရင်ဆုံး မြင်ရသည် ထို့နောက် အဖြူရောင်
ကျီလေးနဲ့ သူမ ဆံပင်တွေကို ပင့်တင်လိုက်ပြီး ခရီးဆောင်အိတ်
ကို မနိုင်မနင်း ဆွဲမလာပုံက ကျွန်တော် မျက်တောင်မခတ်မိအောင်
ငေးကြည့်ချင်စရာ ...

"တကာတို့ စိတ်ကိုထိမ်းမှပေါ့ ...သတိကို အမြဲမပြတ်ထိမ်းရ
မယ် တကာ ..."

"မှန်ပါ့ ...အချင်ဘုရား ..."

ကျွန်တော်နဲ့ ကြည်သာ့ နောက်တန်းက ဘရုတ်သုတ်ခ နှစ်
ကောင် လှမ်းနောက်နေသည်။ စပယ်ယာတွေက သူတို့အိတ်တွေ
ကို ကားဝမ်းဗိုက်အောက်က ကုန်ပစ္စည်းသိုလှောင်တဲ့ အခန်းထဲ

ထည့်ပေးပြီးတော့ ပြည့်ဖြိုးမင်းက ရှေ့ဆုံးက တက်လာပါသည်။

ရှေ့ဆုံးက တက်လာတဲ့ ပြည့်ဖြိုးမင်းက ခုံနံပါတ်တွေကို လိုက်ကြည့်ရင်း ထိုင်ရမယ့် ခုံရှေ့အရောက်မှာ ကျွန်တော်တို့ကို မြင်သွားကာ ...ဝမ်းသာအားရ ဖြစ်သွားပုံရသည်။

"ဟယ် နင်တို့ နှစ်ယောက် ဘယ်လဲ ..."

ပြည့်ဖြိုးမင်းက ဝင်ထိုင်ရင်း လည်ပြန်မေးသည်။

"တောင်ကြီး"

ရေဗက္ကာက ကျွန်တော်တို့ကို အမှတ်မထင် လှမ်းကြည့်သည်။ ကျွန်တော့် နောက်က ပုဂ္ဂိုလ်တွေကလည်း ထိုကောင်မလေးကို အငမ်းမရ လှမ်းအားပေးတာကြောင့် သူမက ရှက်ကိုး ရှက်ကန်း ဖြစ်သွားပုံနဲ့ ဝင်ထိုင်ပါသည် ....။

"အတော်ပဲ ငါတို့ နှစ်ယောက်နဲ့ ခရီးစဉ်အတူပဲ လမ်းမှာတော့ နင်တို့ဆီက ညှင်းစားလို့ရပြီ ရေဗက္ကာ ..."

ပြည့်ဖြိုးမင်းက သူ့သူငယ်ချင်းကို လှမ်းတိုင်ပင်ဟန်ပြောတာကြောင့် ရေဗက္ကာဆိုတဲ့ ကောင်မလေးက ပြုံးသည်။

ကားက စထွက်ပါပြီ၊ ပြည့်ဖြိုးမင်းက ကြည်သာနဲ့ ကျွန်တော့်ကို တစောင်းထိုင်ပြီး စကားတွေလှမ်းပြောပါသည်။ တစ်ခါတစ်ရံ ရေဗက္ကာကို လှမ်းပြောလိုက်နဲ့ တော်တော်အလုပ်ရှုပ်ပါသည်။ ကိုယ်တော်ကြီး ကြည်သာလည်း တဟဲဟဲနဲ့ ပါးစပ်ကို စေ့သည်မရှိ။

"ဒါနဲ့ ... နင်တို့က ဘယ်လဲ"

"ညာဖက် ..."

ကျွန်တော်စကားကြောင့် ပြည့်ဖြိုးမင်းက မျက်စောင်းထိုးသည်

ည့်သာက ကျွန်တော့်ကို ပခုံးနဲ့ တိုက်ရင်း ...

"မင်းကလဲ ပြည့်ဖြိုး အကောင်းမေးနေတဲ့ဟာကို ..."

ကြည်သာတို့များ ချက်ချင်း မဘက်လိုက်ပြီး မိုက်ဘက်စပါပြီ။

"တောင်ကြီး အင်းလေးဘက် ပျင်းလို့ ခရီးထွက်တာ ပြည့်ဖြိုး

သန္တရ ဗဟုသုတပေါ့ ဒီကောင်တွေတောင် ကျွန်တော် မနည်း

ါ် လာရတာ ဒါတောင် ဒီကောင်တွေက မလိုက်ချင်ဘူး ..."

ကောင်းရော ... ကြည့် ....ကြည်သာတို့များ ပြောတတ်ဆို

တ်နေရာယူတတ်လိုက်တာ ကျွန်တော့် နောက်တန်းက ကိုယ်

က်နှစ် ယောက်ကို ကြည့်တော့ တခေါ်ခေါ် ဖြစ်နေရှာပါပြီ ....


ကျွန်တော့်ရှေ့က ရေဗက္ကာဆီက အသံလုံးဝမထွက် ကျွန်

က်လည်း အလိုလိုငြိမ်သက်နေမိပါသည်။ မျက်ဝန်းကို မှိတ်ပြီး

းဆီက ထွက်ကျလာတဲ့ သီချင်းသံကို နားထောင်ရင်း လိုက်ပါ

တနဲ့ပါသညီ။

မေးခနဲ ဖြစ်သွားပါသည်။



"ဟော့ကောင်ထ ...ပဲခူးရောက်ပြီ ..."

ကြည်သာ လှုပ်နှိုးတော့ အိပ်ချင်မူးတူးနဲ့ ဘေးဘီကို ငေးကြည့်
ည်။ ရေဗက္ကာ မတ်တတ်ရပ်ရင်း သူ့ပုံစံကိုကြည့်ကာ မသိမသာ
သည်။ ကျွန်တော်က ကျောပိုးအိတ်ကို လွယ်ရင်း ဆံပင်တွေထဲ
က်ချောင်းတွေ ထိုးထည့်ကာ သပ်ရပ်အောင် ပြင်ဆင်သည်။

ကားအောက်ရောက်တော့ ဂျာကင်အင်္ကျီကို ချွတ်ကာ ဆိုင်ထဲ
သည်။

အပေါ့အပါးသွားပြီးတော့ ရေသန့်တစ်ဘူးနဲ့ မျက်နှာသစ်ကာ
်းဆန်းအောင်လုပ်ပြီး ဆိုင်ထဲဝင်တော့ ကိုယ့်အုပ်စုက လူစုံနေပြီ
န်တော် လွတ်နေတဲ့ ခုံမှာဝင်ထိုင်တော့ အပေါင်းအသင်းတွေနဲ့
တီးထားမှုကြောင့် ရေဗက္ကာနဲ့ ဘေးချင်းကပ်၊ ကြည်သာက
န်တော့်ကို မေးဆတ်ပြပြီး ...

"မင်း ဘာစားမလဲ သခ်"

"ထမင်းကြော် ကြက်ဥနဲ့ ..."

ကြည်သာက လှမ်းမှာပေးပါသည် ...။

"ကဲ တစ်ကားထဲစီး တစ်ခရီးတည်းသွားကြတဲ့ အပေါင်းအ
သင်း မိတ်ဆွေတွေဆိုတော့ အချင်းချင်း မိတ်ဆက်ကြရအောင်"

ကြည်သာက ညာတာပါတေးနဲ့ စကားစသည်၊ ပြည့်ဖြိုးမင်း
က ...

"ဟုတ်တာပေါ့ ...နင်တို့စ မိတ်ဆက်လေ ..."

ကြည်သာက ခေါင်းညိတ်ပြရင်း ...

"ဒီက ငါ့သူငယ်ချင်းက သခ်ီမင်းညိုတဲ့ ..."

ကြည်သာ မိတ်ဆက်ပေးသံကြောင့် ရေဗက္ကာက အပြုံးလေး
နဲ့ ခေါင်းညိတ်ပြတော့ ကျွန်တော်က ....

"တွေ့ရတာ ဝမ်းသာပါတယ် ရေဗက္ကာ ..."

သူမ ပါးစပ် ဝိုင်းဝိုင်းလေးနဲ့ အံ့ဩပုံက ဆွဲမွှေ့ယမ်းချင်စရာ
ကောင်းတဲ့ အပြုအမူ ...။

ဒီ ပုံစံတိုင်းသာဆို တောင်ကြီးက ရန်ကုန်အပြန်လမ်းမှာ ကျွန်
တော့် နှလုံးသား မွမွကြေလောက်ပါပြီ ...။

"ယူက တို့ကို သိတယ် ...အံ့ဩနေပြချင်တယ် ..."

သူမ စကားအပြောအဆိုကြောင့် ...

"အဲဒီ စကားသံတွေနဲ့ပဲ ကျွန်တော် စတင်ရင်းနှီးခဲ့တာ

ဇက္ကာ ...”

“နင် ဘယ်လိုသိရတာလဲ သိခ် လျှင်ပါပေ့ဟယ် ...”

ပြည့်ဖြိုးစကားကြောင့် ကျွန်တော် ရေဇက္ကာနဲ့ စတွေ့ပုံကို ပြော

သည်။

သူမ မျက်ဝန်းက အရောင်တလဲ့လဲ့ ...

“ဩော် အဲဒါ တို့ ကာဆင် တစ်ဝမ်းကွဲလေ ...”

“ကာဆင်ဆိုတာ ...ကုလားကြီးလား ...”

နာဂ္ဂါဂီရိက ဝင်နှောက်တော့ နှောင်နှောင်က ...

“ဘယ်ကမှာလဲ ...”

“ဘယ်နဲ့ ကလို့မရရင် ညာနဲ့က နှောင်နှောင် ...”

“မဟုတ်ဘူး ...ကာဆင်ဆိုတာ ကင်ဆာလို့ ပြောတာဖြစ်မယ်”

အပြောင်အနှောက်ကြောင့် သူမက ရယ်သည်၊ ပြည့်ဖြိုးမင်းက

“ပြောင်ချင်ရင် ဓာတ်ထဲသွားကြ ...နှောက်နေရင် အဲဒီရေမ

သာက်နဲ့ ...”

“ဒီသူငယ်မက အလာကြီးပဲ....”

“ခါလာကြီး မဟုတ်ပါဘူး ကျွန်မနာမည်က ...”

“ကိုပြည့်ဖြိုးမင်း ပါ”

“ဟုတ်တာပေါ့ မကြည်သာရယ်”

ဒီနောက် အလှည့်ကျ မိတ်ဆက်ပေးသည်။

စားသောက်ပြီး ကားပေါ်ရောက်တော့ ကြည်သာ ဘယ်လို စည်းရုံးလိုက်သည်မသိ ...

"ပြည့်ဖြိုး ငါ နင်နဲ့ ထိုင်ပြီး စကားပြောကြတာပေါ့ ...ရေဗက္ကာ က သခ်ံနဲ့ ထိုင်လေ ..."

ပြည့်ဖြိုးမင်းက မျက်ခုံးလေးမြင့်ပြီး ရယ်ချင်ချင်နဲ့ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က မျက်နှာအထားရခက်နေပုံကြောင့် ရေဗက္ကာက ပြုံးတုံ့တုံ့နဲ့ ကျွန်တော့်ကို ကြည့်ပြီး ရယ်ချင်ဟန်ကို နှုတ်ခမ်းဖြင့် ဖိကိုက်ကာ .... .

"ရပါတယ်"

ကျွန်တော်က သူမ ပြတင်းပေါက်ဘက်ထိုင်လို့ အဆင်ပြေအောင် လမ်းဖယ်ပေးသည်။

ကားစထွက်တော့ ...ကျွန်တော်က သူမလက်ထဲ စပျစ်သီးအထုပ်ကိုပေးသည်။

"သခ်ံ လဲ စားလေ ..."

ကျွန်တော်က ခေါင်းခါပြတော့ ...

"ဒါဖြင့် ဘာလို့ ဝယ်လာတာလဲ ..."

"ရေဗက္ကာစားဖို့ ..."

သူမက မျက်ခုံးတွန့်စဉ်းစားရင်း ...။

"သခ်ံ ပဲခူးမှာ ဝယ်တာ မတွေ့ပါဘူး ..."

ကျွန်တော်က ပြုံးလိုက်ရင်း ....

"ရန်ကုန်က ဝယ်လာတာ ရေဗက္ကာရဲ့ ..."

"ဒါဆို သခ်ကက ဒီကားနဲ့ ဗက္ကာ ပါလာမယ်ဆိုတာ သိတာပေါ့"

ကျွန်တော်က ဘာမှ ပြန်မဖြေ ...ကျွန်တော့် အမူအရာကြောင့် ကေ မကျေနပ်ဟန်ရှိသည်။ နောက်တော့ ချက်ချင်းမေ့ပျောက် ယ်တဲ့ ထိုကောင်မလေးက ပတ်ဝန်းကျင် ရှုခင်းတွေထဲ မျောလွင့် းပြန်ပါတယ်။

ကျွန်တော်က ဘေးတစောင်းမြင်ရတဲ့ မျက်နှာလေးကို ငေး ရင်း လိုက်ပါလာခဲ့ပါသည်။

"မြန်မာပြည် ရှုခင်းက ရင်ထဲချမ်းသွားတာပဲ ..."

ကျွန်တော်က အသံထွက်ရယ်မိတော့ ...သူမက မသိနားမ ည်ပုံရသည်။

"ဘာဖြစ်လို့လဲ သခ် ..."

"အဲဒီလို မပြောရဘူး ဗက္ကာရဲ့ ရင်ထဲအေးသွားတာပဲလို့ ပြောရ ယ် ..."

"ဩော် ဒီလိုလား ..."

ကျွန်တော်က ခေါင်းညိတ်ပြရင်း ...။

"ဗက္ကာက မြန်မာ စကားအသုံးအနှုန်း သိပ်မကျွမ်းကျင် သလိုပဲ နော် ...."

ကျွန်တော့် စကားကြောင့် ....။

"ဗက္ကာက ညြဇီက ပြန်လာတာ လပိုင်းပဲရှိသေးတယ် သခ်ရဲ့ ငယ်ငယ်လေးထဲက ဟိုမှာ နေတာလေ ..."

"ဪ ..."

"ဗက္ကာမှာ အခင်မင်ဆုံး သူငယ်ချင်းဆိုလို့ ပြည့်ပြည့် တစ်ယောက်ပဲရှိတာ ...နှစ်နှစ် တစ်ခါ သုံးနှစ်တစ်ခါ မြန်မာပြည်ကို အလည်လာတတ်တယ် ..."

"ဒီမှာပဲ အမြဲနေပေါ့ ဗက္ကာ ...."

သူမက ကျွန်တော့်စကားကြောင့် ပြုံးစိစိလေးဖြစ်သွားရင်း ကျွန်တော့်ကို သေချာစိုက်ကြည့်နေပါသည်။

ကျွန်တော်က ရှက်ကိုး ရှက်ကန်း ရယ်တော့ ....

"ဟောတော့် သခ်က ရှက်နိုင်းရှက်ကန်း ဖြစ်နေရတာလဲ ..."

သူမကတော့ လုပ်ပြီ ...

"ရှက်ကိုး ရှက်ကမ်းလို့ ခေါ်တယ် ကောင်မလေးရဲ့ ..."

"ကိုးနဲ့ နိုင်းက အတူတူပါပဲ သခ်ရယ် ..."

"ဗက္ကာလုပ်မှပဲ မြန်မာဝေါဟာရတွေ ပြောင်းတော့မယ်ထင်ပါရဲ့ ..."

သူမက သဘောကျစွာ ရယ်သည်။ တစိမ့်စိမ့် ငေးကြည့်ချင်စရာ ကောင်းတဲ့ အချစ်ဆိုတဲ့ အရာကို ကျွန်တော့်နှလုံးသားပေါ်

ပေးတဲ့ တစ်စုံတစ်ရာကိုလည်း ကျွန်တော် ကျေးဇူးတင်သည်။

ပွင့်လင်းရိုးသားတဲ့ ဒီကောင်မလေးကို တစ်စက္ကန့်တိုးရင် တစ်စက္ကန့်စာ ပိုတိုးတိုးချစ်လာတာ ဘာကြောင့်လဲ၊ လူ့ဘဝကိုဆိုးသွမ်းစက်မဲ့စွာ ဖြတ်သန်းခဲ့ဖူးတဲ့ ကျွန်တော် ချစ်ကြည်ဖို့ ကျွန်တော် မစဉ်းစားမိခဲ့တာ အမှန်ပါ။

လမ်းခရီး ကားရပ်နားကြတဲ့အခါ စားကြသောက်ကြ စကြားဖက်ကြရင်း ရင်းနှီးမှု့တွေပိုမြန်လာသည်။ သံယောဇဉ်တွေပိုအောင်ဖွဲ့လာသည်။

ရင်းနှီးမှုနဲ့ သံယောဇဉ်ဆိုတာ ...နှစ်အတိုင်းအတာနဲ့ ပိုဆိုင်သလား ကျွန်တော် မသိပေမယ့် အဲဒီတိုင်းတာချက်ကို ကျွန်တော်နဲ့ ကျွန်တော့်ဘေးက သံယောဇဉ်နှောင်ကြိုးလေး တစ်မျှင်က ရိုက်ချိုးပြီ ...။

လမ်းခရီး တစ်လျှောက် သူမ မေးစက်ဖို့ဆိုရင် ...ကျွန်တော့်ခုံးက အဆင်သင့် ....

ရှေ့ဆက်တိုးသွားတဲ့ ဒီကားကိုပဲ ကျွန်တော်နဲ့ ဗက္ကာသည်လည်း ....



"ထတော့ ဗက္ကာ ဝက်ဖြူရောက်ပြီ ..."

သူမက ဆံနွယ်တွေကို သိမ်းရင်း သူမ ကိုယ်ပေါ်က ကျွန်တော့် ဂျာကင်ကို တွေ့ကာ ....

"ကျေးဇူးလို့ ပြောရမှာလား ...သခင် ...."

ကျွန်တော် ပခုံးတွန့်ပြသည်။ ပတ်ဝန်းကျင်က မှောင်နေပြီ ဆိုင်တွေက မီးရောင်က ထိန်ထိန်လင်းနေသည်။ နာရီကိုကြည့်တော့ ညနက် ငါးနာရီထိုး လုလု ....

"ဆင်းမယ်လေ ..."

"ဘယ်နေရာရောက်နေတာလဲဟင် ...."

သူမက ပတ်ဝန်းကျင်ကို စူးစမ်းရင်းမေးတော့ ....

"ဒီနေရာက တောင်ကြီးနဲ့ သာစည် လမ်းခွဲလေ ..."

"ဪ ..."

မသိနားမလည်ပုံလေးနဲ့ သူမရဲ့ အာမေဋိတ်သံစကားကြောင့် ကျွန်တော်ရယ်သည်။

"ဘာရယ်တာလဲ ..."

"ဗက္ကာက ကိုယ်ပြောတဲ့ သာစည်ဆိုတာကို သိလို့လား ..."

ကျွန်တော်က လက်ကမ်းပေးရင်း ပြောတော့ ....

"ဟုတ်သားပဲ ..."

"အမွှေးထည်ဝတ်ထားလေ ..."

"အဟာမ်း ...အဟွန်း ..."

ဟိုကောင်တွေရဲ့ ချောင်းဟန့်သံကို ဗက္ကာက သဘောမ ပေါက် ....။

"အဲဒါ ဘာဖြစ်တာလဲ ..."

"ဒုက္ခပဲ ဝေါဟာရတွေ အပြုအမူတွေ ရှင်းပြရမယ့်ပုံပဲ ..."

နာဋ္ဌာဂီရိက နဖူးကို လက်နဲ့ရိုက်ကာ ညည်းသည်။

"ပြည့်လေး ဘာစားမလဲ ..."

ကြည်သာ့ စကားကြောင့် ဟိုကောင်တွေ မျက်လုံးပြူးပြီ ....။

"ဟ မြန်လှချည်လား ...။"

"နင်နော် ...ညာတာပါတေးနဲ့ ရောမချနဲ့ ..."

"ရောမချပါဘူး ပြည့်လေးရယ် အရက်ကို အရင်သောက်ပြီးမှ နောက်က ရေလိုက်တာပါ ...."

"အသည်းကောင်းတယ်ပေါ့ ..."

"အသည်းကောင်းလို့ ပွဲတောင်းတယ်ဆိုပေမယ့် မလွဲကောင်းတဲ့ အရာက အချစ်ပါ ..."

"လုပ်ထားကွ ဖေ့ကောင်ကြီး ..."

"ညာတာပါတေးနဲ့ ရည်းစားစကားလာမပြောနဲ့ ..."

"တကယ်ပါ ပြည့်လေးရယ် ...တို့က ချစ်ကို ချစ်တာတ်တာ ... စားရင်တောင် ချဉ်ပေါင်ငါးဟင်း ချဉ်ဖတ် ချောကလက် စီးရင်တောင် ချောကလက် ...ချိုဆိမ့် ဘောအိမ်မှာ ကိုချက်ကြီးရှိတယ်။ မနေ့ကဆို ချော်လဲခဲ့တယ် နာမည်ကိုက ချစ်ကြည်သာဖြိုးလို့ ပြောင်းချင်ခဲ့တာ တကယ်ပါ ...."

"မိုက်တယ်ကွာ ...ကြည်သာတဲ့ကွနော် ..."

ငနောင်က မြှောက်ပေးသည်။ ဒါပေမယ့် ပြည့်ပြည့်တို့ကလည်း မခေတဲ့ အတန်းအစားထဲကပါ ...။

"ဒီမှာ ကိုကြည်သာ ကျွန်မကလည်း မုန်းကို မုန်းတတ်တာ စားရင်တောင် မက်မန်းသီး မာလကာသီး အမြဲလည်း မေ့တတ်တယ် ရှင့် မြောင်းရေသောက်ပြီး မူးမူးပြီး မပြောနဲ့ တို့က မိတ္ထီလာသူနော် အမေက အမေဂျမ်းနဲ့ ရုပ်ချင်းဆင်တယ်။ မမက မှုခင်းအရာရှိ ထောင်ထောင်မောင်းမောင်းနဲ့ မကွေးရာ မမြဲသောင်းတဲ့ ..."

"သေပါတော့ အမေရေ ...."

တဟားဟားပွဲကျနေကြပါသည်။

"တော်တော်ပျော်တတ်တဲ့ သူတွေပဲနော် သစ် ..ဗက္ကာတော့ သစ်တို့နဲ့တွေ့ရတာ ဝမ်းသာစရာပဲ ..."

"နောက်မှ ဝမ်းသာ အချိန်မရဘူး ဘာစားမလဲ ဗက္ကာ ..."

ပြည့်ပြည့်စကားကြောင့် ကျွန်တော်က ...

"ဒီမှာ ဂျီသား ဆတ်သားရတယ် ဗက္ကာ ...."

"တကယ် ..."

"အင်း ..."

"ဒါဆို ဂျီသား ...စားမယ် ...."

ကျွန်တော်က ဗက္ကာအတွက်မှာပေးရင် ကျွန်တော့်အတွက် လည်း မှာပေးပါသည်။ ဟိုကောင်တွေနဲ့ ပြည့်ပြည့်ကလည်း အသီး သီးမှာကြပါသည်။

"ဗက္ကာတို့က ဘယ်မှာတည်းမှာလဲ ..."

ဗက္ကာက ပြည့်ပြည့်ကို ကြည့်တော့ ပြည့်ပြည့်က ...

"ငါတို့က ဒီမှာတစ်ရက်နေပြီး မြို့ထဲလျှောက်လည်မယ်၊ နောက် တစ်နေ့ ...အင်းလေးသွားမယ် နင်တို့ရော ..."

"ငါတို့လည်း အဲဒီလိုပါပဲ ...မြို့ထဲရောက်မှ တည်းခိုခန်း တစ်ခု ခုကို ငါတို့ရွေးကြတာပေါ့ အဆင်ပြေမလား ..."

"ကြိုက်သလိုလုပ် ..."

ပြည့်ပြည့်စကားကြောင့် ကြည်သာက ...

"မောင့်လက်ထဲ ဝကွက်အပ်တယ်နော်...ဒါဆို နမ်းကြည့်မယ်"

ကြည်သာ့စကားကြောင့် ပြည့်ပြည့်က ကြည်သာ့ ကျောကို ထုပါတော့သည်။

အားလုံးရဲ့ စိတ်တွေ လန်းဆန်းနေပါသည် ....။

သူတို့ တောင်အောက်ကားဂိတ်ရောက်တော့ မိုးလင်းနေပေမယ့် နှင်းတွေကြောင့် မသဲမကွဲ ကားပေါ်က အလျှိုလျှိုဆင်းနေကြတာကြောင့် ဗဏ္ဏာက ...

"ဒီမှာ ဆင်းရမှာလား သခ် ..."

"ဟင့်အင်း အပေါ်ဂိတ်ကြမှ **ဆင်းရမှာ** ..."

တောင်အောက်ဂိတ်စခန်းမှာ **နာရီဝက်**လောက်ကြာပါသည်။ ပြီးတော့ကားက တောင်ပေါ်တက်ပါသည်။ တောင်ပေါ်ဈေးရောက်တော့ ...ဈေးရှုခင်းကိုကြည့်ကာ ဗဏ္ဏာ မျက်နှာမှာ အပြုံးနဲ့ ...

"သိပ်အေးချမ်းတဲ့ မြို့လေးပဲနော် သခ် ..."

ဗဏ္ဏာရဲ့ ပုံကိုကြည့်ကာ ကျွန်တော်ပါပျော်သည်။ ,

"ဗဏ္ဏာ ဗိုက်ဆာတယ် သခ် ..."

"ဟုတ်တယ် ငါတို့လည်း ဆာတယ် ..."

"ဒါဆို ရှမ်းခေါက်ဆွဲ စားမလား ..."

“ကောင်းလား ...”

ဗဏ္ဏာ အမေးကြောင့် ကျွန်တော်က ...

“စားကြည့်လေ ...”

“အင်း ...”

“လာ ...”

ဗဏ္ဏာလက်ကိုဆွဲပြီး ရှမ်းခေါက်ဆွဲ ဆိုင်ထဲဝင်ထိုင်မိကာ မှာသည်။

“ဟဲ့ ငါတို့လည်း ဗိုက်ပါ၊ ပါတယ် သခ်ီရယ် ...”

ပြည့်ပြည့်ရဲ့ ဝေါ့တော့တော့ စကားကို ကျွန်တော် မသိချင်ဟန်ဆောင်နေရပါသည်။ ငနောင်က ...။

“သူငယ်ချင်းရယ် မင်းနဲ့ ငါတို့နဲ့က ငယ်ပေါင်းကြီးတွေပါကွာ”

“ဩော် ...ငနောင်ရယ် ...အခု သခ်ီက ကြီးပေါင်းကြီးဖော်လေးနဲ့ တွေ့နေပြီလေ ...”

“ဟာကွာ ...”

ဗဏ္ဏာရဲ့ ရှက်ကိုး ရှက်ကန်း အပြုအမူလေးကြောင့် ကျွန်တော်က ...

“အဲဒါ ဘာဖြစ်လဲ ...ငါတို့က ရိုးရိုးပါကွာ ...”

ပြည့်ပြည့်က နှုတ်ခမ်းမဲ့ရင်း ...။

“အေးပါ နောက်မှ ရိုးရိုးကနေ ရှယ်ဖြစ်လာပါလိမ့်မယ် သခ်ီ...

ရယ် ...”

ရှမ်းခေါက်ဆွဲရောက်လာတော့ ကျွန်တော်က နံ့အောင်နယ်ပေးရင်း ချဉ်ဖတ်နဲ့ တွဲစားအောင် အသင့်ပြင်ပေးတော့ ...နာဠာဂီရိက ...

“ဘွားဘွားကြီးသာ သိလို့တော့ သခံကို ဘာပြောမလဲ မသိဘူး”

“ကောင်းလား ဗက္ကာ ...”

ဗက္ကာက မျက်ခုံးမြှင့်ပြရင်း ...အရသာကို နှစ်သက်ဟန်ရှိပါသည်။

စားသောက်ပြီးစီးတော့ ...ကျွန်တော်တို့ ဟိုတယ်ကိုရှာရပါသည်။

ဟိုတယ်ရတော့ ဗက္ကာနဲ့ ပြည့်ပြည့်က တစ်ခန်း ကျွန်တော်နဲ့ ကြည်သာက တစ်ခန်း ဟိုနှစ်ကောင်က တစ်ခန်းယူပါသည် တအောင့်ကြာအနားယူပြီး ရေမိုးချိုးကာ တစ်အုပ်စုကြီး မြို့ပေါ်လျှောက် လည်ပတ်ကြပါသည်။

ဟိုတယ် ပြန်ရောက် တအောင့်နားပြီး နေ့လယ်စာ စားသောက်ပြီးစီးပြီး ခဏနားကာ ဆိုင်ကယ်ငှားပြီး စူဠာမုနိ တောင်ပေါ်တက်ပါသည်။ နောက် အောင်ချမ်းသာ စေတီနဲ့ မြစိမ်းရောင်တောင်ဘက်ကို ခရီးဆက်ထွက်ခဲ့သည်။ ဘုရားဝတ်ပြုပြီးတော့ ဗက္ကာကိုခေါ်ကာ တောင်များအစွန်းကနေ တောင်ကြီးမြို့တစ်မြို့လုံးကို

ပေါ်စီးက နေ ကြည့်နေပါသည်။

"ဒီနေရာလေးက စိတ်ကြည်နူးစရာလေးနော် သခ် ..."

ကျွန်တော်က လက်ပိုက်ငေးကြည့်နေပါသည်။

"လူတစ်ယောက်ပျော်တာကို ဘေးက လူတစ်ယောက်ရင်ထဲ
ို သူ့အပျော်တွေ ကူးစက်တတ်တယ်ဆိုတာ ...ကိုယ်အစက မသိ
ူး ...ဒီလို အတွေးမျိုးလည်း မတွေးခဲ့ဖူးဘူး ..ဗဏ္ဏာ ..."

"အဲဒါကို ဘယ်လိုခေါ်လဲ ..."

ဗဏ္ဏာက လက်လေးနှစ်ဘက် ဆန့်တန်းရင်း မေးပါသည်။

"အချစ် ..."

သူမက နှုတ်ခမ်းစူသည် ဒါပေမယ့် စိတ်ဆိုးဟန်ရှိပုံမရ ...

"ဟုတ်တယ် ဗဏ္ဏာကို စသိခဲ့ရတော့ ဈွဲလမ်းခဲ့ရတာ ..."

"စွဲလမ်းတယ်ဆိုတာ ဘယ်လိုအဓိပ္ပါယ်လဲဟင် ..."

သူမ နားမလည်ဟန်ပုံရှိသည်။ ကျွန်တော် အပူတပြင်း ရှာရပါ
ည်။

"စွဲလမ်းမှုဆိုတာ လွယ်လွယ်နဲ့ကို သဘောပေါက်သလို နား
ည်ရရင် မင်း မရှိတဲ့ အချိန်မှာတောင် မင်းကိုယ့်အနားမှာ ရှိသလို
တိရနေသလိုပဲလို့ အကြမ်းဖျင်းပြောရမှာပဲ ..."

"စွဲလမ်းမှု ..."

သူမက ခေါင်းလေးမော့ပြီး ပြောပုံက ပတ်ဝန်းကျင်ကို မေ့

လျှော့ချင်စရာ ...

"ချစ်တယ်ဆိုတာတော့ မင်း သိပါတယ်နော် ရေဗက္ကာ ..."

သူမက နှာခေါင်းရှုံ့ရင်း ...။

"Love ဆိုတဲ့ အဓိပ္ပါယ်ကို နားမလည်ဘူး ဒါပေမယ့် ..."

သူမက စကားကို မဆက်ပဲ ခပ်ညစ်ညစ်နဲ့ စကားကို ဖြတ်ထားပါသည်။

"ကိုယ် ဒီအဖြေကို အတင်းမတောင်းဆိုချင်ဘူး ဗက္ကာ ...ဒါပေမယ့် ဗက္ကာရင်ထဲမှာ ရှိလာမှ အဖြေပေးစေချင်တယ် ..."

သူမက ကျွန်တော့်ကို ငေးကြည့်နေပါသည်။ ပြီးတော့ သူမမျက်ဝန်းမှာ အရောင်ဖျော့ရီဝေဝေတိမ်တိုက်တွေ ...

တောင်ကြီးရဲ့အောက်က အသည်းခိုက်ချင်စရာ ဒီလိုဒေသ
ာင်းမျိုးနဲ့ မတွေ့ဖူးတာကြောင့် ကျွန်တော် အိပ်မရဖြစ်ကာ
က်ဖိခွက်ကိုင်ကာ ဟိုတယ်ရှေ့ မြက်ခင်းဆီ လျှောက်လာမိပါ
ည်။ မြက်ခင်းပြင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်တော့ ...။
ဟိုတယ် ဂီတ၀ အစောင့်တဲလေးဆီမှာ ဂစ်တာသံထွက်လာပါ
ည်။ သီချင်းကို နားစွင့်မိတော့ ဝိုင်ဝိုင်း ရဲ့ သီချင်း ...
(xxx ရင်မှာမေ့ထားလိုက်ပါကွယ် xxx ဘယ်လိုမှ သဘောမ
ားပါနဲ့ အချိန်က ကိုယ့်ကိုထားခဲ့လည်း မင်းကို နားလည်မယ် xxx
ချစ်ထက် အရေးကြီးတဲ့ အရာတွေ xxx တို့ဘ၀ကို ချုပ် ကိုင်
တယ်တဲ့ xx ကြိုတင်တွေ့မြင်မထားနိုင်တဲ့ ကန့်သက်ချက်
းရယ် xxx မင်းပြန်လာမယ်ဆို xxx အမြဲတမ်း အသင့်လေ xxx
ကြိုနေမယ် xxx တံခါးလေးဖွင့်ရက်လေ xxx)
"သစ် ..."

ကျွန်တော်မော့ကြည့်တော့ အဖြူနှင်းများကြားထဲက ကျွန်တော့်အတွက် အနွေးထွေးဆုံးသောနတ်သမီး တောင်ကြီးရဲ့နှင်းက လွှို့ဝှက်ကကွက်တွေနဲ့ခင်းကျင်းထားတဲ့ကကွက်တစ်မျိုးအေးမြမြဆောင်းအနာဂတ်တွေကြားမှာ သူနဲ့ ကျွန်တော် အတူဖြတ် သန်းခွင့် ရှိပါ့မလား...။ ဆုံးရှုံးရမယ့် အစွဲအလမ်းတစ်ခုဆိုရင် အဲဒီ စွဲလမ်းခြင်းကို ဖက်တွယ်ထားသင့်သလား ....။

"ညည်း ဘာဖြစ်နေတာလဲ သခ် ..."

ရင်းနှီးမှုနဲ့ စိုးရိမ်မှု ရောစပ်ထားတဲ့ မျက်ဝန်းလေး ...သေချာပါပြီ ကျွန်တော် ကျေကျေနပ်နပ် အချည်အနှောင်ခံလိုက်ရပြီဆိုတာ ဒါပေမယ့် ကျွန်တော် ပျော်ရွှင်စွာ ကျေနပ်ခဲ့ပါသည်။

"ရေဗက္ကာ နာမည် အသံထွက် တစ်မျိုးပဲနော် ..."

ကျွန်တော့် ဘေးမှာဝင်ထိုင်ရင်း နှင်းတွေကို ငေးကြည့်နေတဲ့ သူမက နှင်းငွေ့ငွေ့လိုပဲ အေးအေးချမ်းချမ်း ပြုံးပြပါသည်။

"အင်း ...အမှန်က ဗက္ကာရဲ့ နာမည်က အသံထွက်က ရီဘတ်ခါလို့ အသံထွက်တယ် သခ် ...ဒါပေမယ့် ရေးရင်တော့ ရေဗက္ကာလို့ပဲ သုံးကြတယ်လေ ..."

"ဗက္ကာ ဟိုကို ပြန်မှာလား ..."

သူမ ဆတ်ခနဲ လှည့်ကြည့်သည်။

"ဒီအချိန်မှာ ဒီမေးခွန်းကို မေးလို့ ဗက္ကာ စိတ်ဆိုးသွားတယ်

တယ်"

သူမက ပြန်မဖြေ ...ကျွန်တော့်ကိုသာ ငေးကြည့်နေပါသည်။

"အဲဒီမေးခွန်းရဲ့ နောက်မှာ နောက်ထပ်စကားတစ်ခွန်းရှိတယ် ။ အချိန်တိုတိုအတွင်းမှာ ဒီစကားက ဖြစ်တည်လာတာပဲ၊ ဗဏ္ဏာ ယုံသင့်မယုံသင့် ကျွန်တော် ပြောသင့်၊ မပြောသင့် စဉ်းစားနေခဲ့တာ နှံပဲ ဗဏ္ဏာ"

သူမ သက်ပြင်းချမိပါသည်။

"ရင်တွေ ခြေကုန်လက်ပန်းကျနေတယ် သခ်ီ"

ရင်တွေ မောတယ်ဆိုတဲ့ စကားကို သူမ သိသလို ပြောတာ ကြောင့် ကျွန်တော် ပြုံးမိပါသေးသည်။

"တစ်ချိန်မှာ ဘာတွေဖြစ်မလဲ သိနေပေမယ့် လူပီပီ အနက် ာင်ချောက်ထဲကို ခုန်ဆင်းချင်တာ တို့မှားသလား သခ်ီ၊ တို့လေ ..."

သူမ မျက်ဝန်းမှာ မျက်ရည်စ သီးခိုနေပြီ ...

"မောင့်ကို ချစ်တယ် ..."

ပြိုကျလာတဲ့ သူမ ခန္ဓာကိုယ်ကို ထွေးပွေ့ထားမိခဲ့သည် ရင် မှာ ခိုဝင်တဲ့ မြားသွား ရှရှလေးဟာ အနာဂတ်အတွက် ဒဏ်ရာ ကြီးမားမှန်း ကျွန်တော် သိပေမယ့် ...

[illegible]

[illegible] ၁၀၂ [illegible]

[illegible]

[illegible]



"ဘာသာမတူကြလို့ ပြဿနာမရှိကြပေမယ့် အသိုင်းအဝိုင်းနှစ်
ာ ပြဿနာရှိလာနိုင်တယ်နော် ...သခ်ံနဲ့ ဗက္ကာ ..."
ပြည့်ပြည့် စကားကြောင့် ကျွန်တော် သူမ လက်ဖဝါးလေးကို
ပ်ကိုင်မိသည်။
"အေးလေ ...ဒီအချိန်မှာ ဒီကိစ္စတွေ မတွေးကြသေးတာ အ
ကာင်းဆုံးပဲ ..."
"နင်က တစ်မှောင့် ပြည့်ပြည့်ရာ မိုးပြိုမှာကို ကြိုတွေးနေ
ယ်။ လူငယ်ပီပီ အပူအပင်မရှိ နေစမ်းပါ ..."
"ဟဲ့ နေစမ်း တို့သတ္တိတို့ လုပ်မနေနဲ့ လူငယ်လည်း လူငယ်
လျောက် ရှေ့ဆက်အနာဂတ်ကို ကြိုတွေးသင့်တာပေါ့ ဖြစ်လာ
အမေကယ်ပါ အဖေကယ်ပါ လုပ်လို့ရမလား ...မိုးပြိုမှာကို သိပေ
ယ့် ရသလောက်တော့ လွတ်လမ်းရှာရမှာပေါ့ ...နာဂ္ဂာဂီရိရဲ့ ...."
ပြည့်ပြည့်စကားကြောင့် ...

"အဲဒါတွေကြောင့် ပြည့်ပြည့်ကို ကြည်ကြည်ချစ်ရတာ ..."

"အရေးထဲ သူက တစ်မျှောင့် ..."

"မမှောက်ပါဘူး အသဲရယ် လှန်ထားတာပါ ရေနွေးခွက် ..."

ကြည်သာနဲ့ ပြည့်ပြည့်ကလည်း တရားဝင် ချစ်သူရည်းစားဖြစ်သွားကြပြီ ...

"ကဲ လုပ်မနေနဲ့ အင်းလေးသွားမယ်ဆို လုပ်လုပ် ပြင်ဆင်တော့ ..."

နောင်နောင်က လောဆော်ရင်း ဟိုတယ် စားသောက်ခန်းကနေ ရေမိုးချိုးရန် ကိုယ့်အခန်းကိုယ်ပြန်ကြပါသည်။

"ဗက္ကာ ...အရေးကြုံရင် သတ္တိရှိရမယ်နော် ..."

သူမက ခေါင်းညိတ်ပြသည်။

"ပြီးတော့ အခက်အခဲတွေ တွေးထားတာထက် ပိုများမယ် ..."

သူမက ချစ်စဖွယ် ခေါင်းလေးပုပြသည်။

"မင်းနဲ့ ကိုယ့်အကြားမှာ ရင်းနှီးနားလည်မှုနဲ့ ခရီးဆက်ကြမယ်"

"စိတ်ချပါ မောင်ရယ် ..."

သူမ ပြောစကားကြောင့် ကျွန်တော်က ရယ်ရင်း ...

"ဘယ်လိုကနေ ဘယ်လို မောင်လို့ ကိုယ့်ကို ခေါ်ဖြစ်တာလဲ ဗက္ကာ ..."

သူမက မျက်ခုံးလေးပင့်ပြရင်း ...

"မြန်မာ လူမျိုးတွေမှာ ချစ်သူရည်းစားဖြစ်ရင် မရှိးတဲ့စကား 'မောင်'လို့ခေါ်တတ်တယ်ဆို ..."

"ဘယ်သူပြောလဲ"

"ပြည့်ပြည့်"

ကျွန်တော် ရယ်ရင်း ...

"ဒါဆို ပြည့်ပြည့်က ကြည်သာ့ကို ဘယ်လိုခေါ်လဲ ..."

"ကြည်ကြည်တဲ့ ...

ကျွန်တော် သဘောကျစွာ အားရပါးရ ရယ်မိပါသည်။

တွေ့ဝေမှတ်တမ်း
ငါတို့ဇာတ်လမ်းမှာ မပါဘူး...
ရှေ့ခရီးကို ကြိုတွေးရင်
ရင်လေးစရာပါပဲ...
ဘာပဲဖြစ်ဖြစ်
ရှေ့ဆက်ဖို့က အဆင်သင့်...

ဟိုင်းလတ်ဂိတ်ရောက်တော့ ကားဘေးနားမှာ ကောင်မလေး သုံးယောက်ကို မြင်လိုက်တာနဲ့ နာဠာဂီရိက နောင်နောင့်ကို ပခုံး ပုတ်ရင်း ...

"ဟော့ကောင် ငါတို့နဲ့အတူ တောင်ကြီးကားကို စီးလာတဲ့ ကောင်မလေး ..."

"ငါ သွားအီလိုက်ဦးမယ် ..."

နောင်နောင် ထွက်သွားတော့ ဗဏ္ဍာက ကျွန်တော့်ကို ...

"အီတယ်ဆိုတာ ဘာလဲဟင် ..."

ခေတ်ရဲ့ ဗန်းစကားကို ဗဏ္ဍာက မသိတာကြောင့် ကျွန်တော့် ကို မေးသည်။ ကျွန်တော်လည်း ရှင်းရှင်းလင်းလင်းဖြစ်အောင် အမိပ္ပါယ်ရှာရခက်တာမို့ ခေါင်းကုပ်ရင်း ...

"ဟိုကွာ ...အီတယ်ဆိုတာ ... အဲဒီကောင်မလေးကို ဟိုရော ဒီရော ဟိုစကား ဒီစကားနဲ့ ရင်းနှီးအောင် လုပ်တာ ..."

"ဟိုရော ဒီရော ..ဒါဆို နောင်က ဗက္ကာတွေ့ဖူးတဲ့ လက်ဖက်ရည်ဆိုင်က အဖျော်ဆရာပေါ့ ..."

သူမ စကားကြောင့် ပြည့်ပြည့်တို့ပါ ရယ်ကြသည်။ ပြည့်ပြည့်က သိသိကြီးနဲ့ လှမ်းနောက်သည်။

"နောင်နောင် ပြန်လာရင် သံပရာသီးနဲ့ ယပ်တောင်ရှာထားလို့ ပြောလိုက် ဗက္ကာ ...."

"ဘာဖြစ်လို့လဲဟင် ပြည့်ပြည့် ..."

"အီရင် သံပရာသီး ဆောင်ထားလို့ ကောင်မလေးကို လိုက်အီနေရင် သံပရာသီးညစ်ညှိနေရင် ယပ်တောင်နဲ့ ယပ်ခတ်လို့ ..."

သူမက နည်းနည်းသဘောပေါက်လာပြီမို့ ရယ်ပါတော့သည်။

နောင်နောင်က စူပုတ်ပုတ်နဲ့ ကျွန်တော်တို့ဆီ ပြန်လျှောက်လာပါသည်။

"အခြေအနေ မကောင်းဘူးလား ငနောင် ..."

ကြည်သာက ရောက်ရောက်ချင်း မေးတော့ ငနောင်က စိတ်ပျက်လက်ပျက်ပုံနဲ့ ခေါင်းခါပြရင်း ...။

"ငါက မင်းနာမည်တို့ကို ပြောပြပါလားကွာ ....တစ်ခရီးတည်း သွားသူချင်းပေါ့ ဘာညာနဲ့ အီလိုက်တာပေါ့ ..."

"အဲဒီတော့ ..."

ပြည့်ပြည့်က သိချင်ဟန်နဲ့ အလောတကြီးမေးပါသည်။

"ဒါလေး မေးတာကိုကွာ မဖြေတဲ့အပြင် ပြောလွှတ်လိုက်တယ် ..."

"ဘယ်လို ပြောလိုက်လို့လဲ ..."

"ဘယ်လိုပြောလိုက်တာလဲဆိုတော့ကွာ ကြည်သာရာ မင်းပဲ ဖွဲ့စားကြည့် မပြောချင်ရင် မပြောချင်ဘူးပေါ့ ...အခုတော့ နိုင်နဲ့ မင်းနဲ့ မသိပါဘူးတဲ့ ခိုင့်နှာမည် ဘာလို့ ပြောရမှာတဲ့လဲ ...ဒီကောင်မလေးက မမိုက်ဘူးကွာ ..."

ငနောင့် စကားဆုံးတော့ ဝိုင်းရယ်ကြပါသည် ကြည်သာက ...

"ငတုံး နလပိန်းတုံးကောင် ဟိုက သူ့နှာမည် ခိုင်ပါလို့ ဖျူဟာ လှလှလေးနဲ့ အသိပေးလိုက်ပြီလေ ..."

"ဟာ ဟုတ်သားပဲ ..."

အခုမှ ဒီကောင် သဘောပေါက်သွားပြီး ဝမ်းသာအားရနဲ့ ထခုန်ကာ ကောင်မလေးရှိရာဆီ လှမ်းကြည့်တော့ ကားဘေးနားက ဂျင်းဘောင်းဘီအနက်ရောင် အဖြူရောင် အင်္ကျီလေးနဲ့ ကောင်မလေးက ရယ်ချင်ဟန်နဲ့ ခိုးကြည့်ကာ ညောင်ရွှေသွားမယ့် ကားပေါ်ကို တက်သွားပါသည်။

"လာလာ ငါတို့လဲ အဲဒီ ကားပေါ် တက်မယ် ..."

"လူမိုက်တစ်ယောက်တော့ ချောက်ထဲ ခုန်ဆင်းနေပြန်ပြီ ..."

နာဠာဂီရိစကားကြောင့် ငနောင်ကလည်း ချက်ချင်းပင် ....

"ဘိုးစဉ်ဘောင်ဆက် ချောက်ထဲ ခုန်ဆင်းတဲ့ ဓလေ့က သမိုင်းဦးခေတ်ထဲက သူငယ်ချင်း မင်းက ချောက်မရှိ ပင်လယ်မရှိနဲ့ ကန္တာရထဲက ကောင် ..."

ဗက္ကာက ပြုံးပြီး ကျွန်တော့်ကိုကြည့်သည်။

ကားပေါ်မှာ နေရာယူတော့ ကားခက တစ်ယောက်ကို ငါးရာတဲ့ ငနောင်က ဟိုကောင်မလေးသုံးယောက်အတွက်ပါ ပေးရင်း ဝင်ရောကာ အဖွဲ့ကျနေပါသည်။

နှစ်နာရီ ဝန်းကျင်လောက်မောင်းပြီး အကြာမှာ ကျွန်တော်တို့ ညောင်ရွှေဈေးကို ရောက်ပါသည်။ ညောင်ရွှေဈေးရဲ့ ဓလေ့ ဝတ်စားဆင်ယင်မှုတို့ကို ကြည့်ရင်း ဗက္ကာက ကလေးတစ်ယောက်လို အံ့ဩနေပါသည်။ ဗက္ကာက သူ့ရဲ့ ကင်မရာလေးကိုထုတ်ပြီး ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်နေပါသည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေကိုလည်း ဈေးထဲမှာ တွေ့နေရပါသည်။ ဓာတ်ပုံရိုက်ပြီးလို့ အားရမှ ကျွန်တော့်လက်ထဲ ကင်မရာပေးထားရင်း ဈေးရောင်းနေတဲ့တိုင်းရင်းသူ အဘွားကြီးတစ်ယောက်နဲ့ ဗက္ကာက သူမ သိချင်တာလေးတွေ မေးမြန်းစပ်စုနေပါသည်။ တိုင်းရင်းသူအဘွားကြီးရဲ့ ဓလေ့အသံဝဲဝဲစကားကို ဗက္ကာက နှစ်ခါ ပြန်သုံးခါပြန်မေးနေပါသည်။

ကျွန်တော်က ရုတ်တရက် အဲဒီပုံလေးကို သဘောကျတာနဲ့ ဓာတ်ပုံရိုက်ယူလိုက်မိပါသည်။ သူမက ကျွန်တော့်ဘက်လှည့်ကြည့်

ံ့သဘောကျစွာရယ်သည်။ ကျွန်တော်ကလည်း ပုံတွေ တစ်ပုံပြီး
စ်ပုံ ရိုက်ယူရပါသည်။

"ဟိုကောင်တွေ လိုက်ရှာရအောင် ဗဏ္ဏာ ..."

ဗဏ္ဏာက ခေါင်းညိတ်ပြရင်း ဈေးလမ်းတစ်လျှောက် ရိုးရာ ထီး
တွေ အင်္ကျီတွေ ဦးထုပ်တွေ ဝယ်ပါတော့သည်။

"ဟော ဆိုင်ထဲမှာ ဟိုအုပ်စု ..."

ရှမ်းခေါက်ဆွဲ ရောင်းတဲ့ဆိုင်ထဲမှာ အဖွဲ့ကျနေတဲ့ ငနောင်နဲ့
ကောင်မလေးသုံးယောက်နှင့်အတူ ကြည်သာတို့ ကျွန်တော်တို့
ဆိုင်ထဲဝင်သွားတော့ ငနောင်အီနေတဲ့ ကောင်မလေးက ငနောင့်
ကို ...

"ကိုနောင် ဒီဆီက သန့်လားဟင် ...ဘာဆီနဲ့လဲ ..."

"သန့်ပါတယ် နိုင်လေးရဲ့ FEC နဲ့ကြော်တာလေ...."

"ကိုနောင်နော် ..."

"နိုင်လေးနော် ..."

"သွား ..."

"တွားဘူး ..."

ကောင်မလေးကနွဲ့တဲ့တဲ့ ဟိုကောင်ကလည်း အညီနဲ့တော့
တွေ့ကြပြီ နိုင်လေးနဲ့ အတူတွဲတဲ့ မြတ်မိုးဆွေဆိုတဲ့ ကောင်မလေး
ဏ္ဏာကို ...

မီးမီးရဲ့ အခေါ်အဝေါ်ကြောင့် အားလုံးက ရယ်ကြပေမယ့် ကျွန်တော် ငိုင်ကျသွားပါသည်။ ချက်ချင်းသတိရလိုက်မိသည့် မကြာသေးခင်က အချိန်ကာလလေးတစ်ခု...မှတ်မိလွယ်နိုင်လွန်းတဲ့ သူ့နှလုံးသားကိုက ကံဆိုးမိုးမှောင်ကျပြီ ထင်ပါရဲ့ ....

"သမီး အဲလိုမပြောရဘူး ...မျက်လုံးတွေ ညောင်းလိုက်တာလို့ ပြောရတယ်လေ ..."

"ဟုတ်ကဲ့ မေမေ ..."

မမြတ်က မီးမီးကို သင်ပေးပါတယ်။ မမြတ်က တစ်ခုခုကို သတိရသွားပုံနဲ့ နှာခေါင်းတရှုံ့ရှုံ့ ...

"ကြည့်စမ်း သခ် ဆီက အရက်နံ့ရသလိုပဲ ..."

ကျွန်တော် စပ်ဖြဲဖြဲနဲ့ ရယ်တော့ ဘွားဘွားက ထိုင်နေရာမှ...

"မြေး ...လာစမ်း ...လာစမ်း ..."

ဘွားဘွားက လက်ညှိုးလေး တစ်ထောင်ထောင်နဲ့ခေါ်တော့ ကျွန်တော်က ခေါင်းကုပ်ရင်း ဘွားဘွားဆီသွားကာ ဘွားဘွားခြေရင်းမှာ ထိုင်သည်။

"မြေး ...ပါးစပ် ဟစမ်း ..."

ကျွန်တော်က ပါးစပ်ဟရင်း ဘွားဘွား မျက်နှာနား ဟားခနဲ လုပ်ပြတော့ ဘွားဘွားက မျက်နှာ ရှုံ့ပြရင်း ...

"ကြည့်စမ်း ငါ့မြေးဘယ်လို အရက်မျိုး သောက်လာတာလဲ"

"ဘယ်လိုလဲ အစ်ကိုကြီး ကျွန်မ သူငယ်ချင်းက ဒီသာ ပါမော
ကြီးဆီက အဋ္ဌာရသ ဆယ့်ရှစ်ရပ် သင်ထားတာနော် ..."

ငနောင်ကလည်း သူငယ်ချင်းထိတော့ ...

"ဒီလောက်နဲ့ စင်ပေါ်ကို တက်မလာနဲ့လေ ...နိုင်လေးရယ်
ယ့်သူငယ်ချင်းကြီးကလည်း ဒီသာပါမောက္ခကြီးမေ့ကျန်နေတဲ့
ဟာ နှစ်ရပ်တတ်မြောက်ထားပါတယ်"

"ဘာတွေလဲ ကိုနောင် ..."

"အတိုးနဲ့ ငွေချေးတာရယ် အွန်လိုင်းပေါ်ကနေ ကောင်မလေး
တွကို အီစီကလီလုပ်တာလေ ..."

နာဋ္ဌာဂီရိတော့ ချုံခို တိုက်ခိုက်ခံလိုက်ရပါပြီ။

အပျော်တွေနဲ့ ရေးဖွဲ့ခဲ့တဲ့ ဒီခရီးလမ်း ဆုတောင်းပြည့်ရင်
တ်သိမ်းခန်းမှာလည်း အပျော်တွေနဲ့ ဇာတ်သိမ်းချင်ပါသည်။

စားသောက်ခန်းပြီးလို့ အင်းလေးကိုသွားဖို့ လှေဆိပ်မှာ စက်
လှငှားကြပါသည်။ စက်လှေခကေ တစ်သောင်းခွဲကျပါသည်။

စက်လှေနဲ့ အင်းလေးရေပြင်တစ်ဝိုက် ခရီးဆက်ခဲ့ကြသည်။
ချင်းချင်း ရေပက်သူပက်ကြနဲ့ ပျော်စရာ လူငယ်တွေချည်းပဲမို့လို့
ည်း ပို၍ ပျော်စရာကောင်းတာအမှန်ပါ ဒီနောက် ဖောင်တော်ဦး
ရား ရေပေါ်ဈေးတို့ကို သွားရောက်ပြီး တောင်ကြီးကို ပြန်လာ
ပါသည်။

တောင်ကြီးမှာ တစ်ညအိပ်ပြီး ရန်ကုန်ကို ပြန်လာခဲ့ကြပါသည်။

ရေဗက္ကာက သူမဆီ ဖုန်းဆက်ဖို့ ခဏခဏ မှာသည်။

အဝေးပြေးဂိတ်ရောက်လို့ သူမကို လိုက်ပို့ပေးမည်ဆိုတော့ သူမက အတင်းငြင်းဆန်တာကြောင့် လိုက်မပို့ဖြစ် ကျွန်တော် အင်းလေးမှာ အမှတ်တရ ဝယ်ပေးခဲ့တဲ့ တိုင်းရင်းသား ဆွဲကြိုးလေးကို သူမက လက်ကောက်ဝတ်မှာ ပတ်ထားပါသည်။

"ခွေးလိုကောင် ...၊ မင်း အိမ်ပေါ်တက်လာရဲသေးတယ်"

"ဘာလို့ ခွေးမသားလို့မဆဲတာလဲ ဖေဖေ"

ပြဿနာက အိမ်ဝက ဆီးကြိုသည့် ဖေဖေက ဒေါသဂီရိလို ဿနာကို ဖြဲပွဲ့ဦးခေါင်းကို ရှုက်ထားပြီး ဘီလူးလို မျက်နှာနီနီ က်ထန်ထန်နဲ့ပေ့ါ။

"မင်းလုပ်တာ ကောင်းလား"

"ကောင်းတယ်လို့ ပြောရမှာလား ဖေဖေ"

"ကောင်းချင်ဦးကွာ"

"ဝုန်း ..."

ဖေဖေရဲ့ ညာခြေဖြန့်ကြောင့် ကျွန်တော် ခွေလဲကျသွားပါသည်။ ဘွားဘွားကို ဖေဖေက တစ်ဖက်လှည့်နဲ့ လေးလေးချိုအိမ် ပို့ထား တော့ ကျွန်တော် စစ်ကူခေါ်မရ။

"မောင်စော ကားသော့ တောင်းတော့မှ မင်းဘာလုပ်တယ် ငါသိလိုက်ရတာ ...တော်သေးတာပေါ့ကွာ လူရင်းမို့လို့ မင်းယူတဲ့ ငွေကို ငါပြန်ပေးပြီး တောင်းပန်လွှတ်လိုက်ရတာ ...ဘယ်မှာလဲ ပိုတဲ့ ပိုက်ဆံ ..."

"ကျွန်တော်ကလည်း ပါးတာမှ ရွှေတောင်စက္ကူထပ်တောင် ပါးပါသေးသည်။ ငွေဆယ်သိန်းကို ကြည်သာကို အရင်ပေးထားပြီး ပိုတဲ့ ပိုက်ဆံကို အိတ်ထဲထည့်ပြီး အိမ်ပြန်လာခဲ့ တာ ...

ကျွန်တော်က ဧကျော့ပိုးအိတ်ထဲက ပိုတဲ့ ပိုက်ဆံကို ထုတ်ပေး တော့ ....

"ဘယ်လိုကောင်လဲမသိဘူး ..."

"သား ...ယောကျ်ားလေးပါ ငယ်ငယ်ကတော့ မေမေပြောတဲ့ သားကောင်း သားမြတ်ဖြစ်မယ့်ကောင်တဲ့ ..."

"ချီးထဲမှ သားကောင်းသားမြတ် မင်းက ဖွတ်ကောင် မင်းအိမ် မှာရှိနေရင် ငါ့အိမ် စီးပွားရေးပျက်မှာပဲ မင်းအိမ်ပေါ်ကဆင်း ...မင်း ငါတို့နဲ့ မပတ်သက်နဲ့တော့ အခုဆင်း မြန်မြန်ဆင်း ဟယ်ရီကော်ပ တာရှိရင်တောင် အမြန်ငှားပေးလိုက်ဦးမယ် ..."

"ဒါဆို သား ဒီပိုက်ဆံတွေ ပြန်ယူသွားရမှာလား ..."

"ငါ ထလုပ်လိုက်ရရင် ..."

"ဝ မရှိပဲ ... ထလုပ်လို့ မရဘူး ဖေဖေ ....သွားပြီ ..."

ဖေဖေ့ကို ကလိပြီး ကျွန်တော် အိမ်ပေါ်က ဆင်းလာပါသည်။
ကောင် အိမ်ပေါက်ဝမှာ လှမ်းပြောလိုက်ပါသည်။

"ဖေဖေ ဖေဖေ့ အိမ်ရိပ်ကို သားမနင်းဖူး ဒါပဲ ..."

ဖေဖေက မိုးမွှန်အောင်ဆဲရေးရင်း ကျန်ရစ်ခဲ့ပါသည်။ အိမ်ပေါ်
ဆင်းတော့ ကျွန်တော် ဘာလုပ်သလဲဆိုရင် ကျွန်တော်နေတဲ့
မ်က လှည်းတန်းလမ်းမကြီးပေါ်မှာမို့ ပထမဦးဆုံး လှည်းတန်း
မှာ ရေခဲသွားဝယ်ပါသည်။ ပြီးတော့ ရေခဲဆိုင်က ကိုထွန်းဝေဆီ
ရေခဲပုံးတစ်ပုံးတောင်းပါသည် ...

"မင်း ဘာလုပ်မလို့လဲ ..."

"ရေခဲရေရောင်းမလို့ပေါ့ဗျာ ..."

ကိုထွန်းဝေက ကျွန်တော်နောက်နေတယ် ထင်ပါသေးသည် ...။

"နောက်မနေစမ်းပါနဲ့ သခ်ရာ ..."

"တကယ်ပြောတာဗျ ကျွန်တော် အိမ်ပေါ်ကဆင်းလာတာ ..."

"မင်းနေ့တိုင်း အိမ်ပေါ်က ဆင်းနေတာပဲ မင်းလဲ ငါ့သူငယ်ချင်း
ရက်သမားလိုပဲ ..."

"ပြောစမ်းပါဦး ..."

"နေ့တိုင်း ဘုရားမှာ ကျွန်တော် အရက်မသောက်တော့ပါဘူး။
ကတိပေးတယ် ပြီးရင်နေ့တိုင်းသောက်တယ်။ မေးရင်လည်း ငါ ဒီ
ကက်ဘုရားမှာ ကတိပေးတာ ငါဟိုဘက်ဘုရားကနေ ခွင့်လွှတ်ဖို့

တောင်းပန်ပြီး လာသောက်တာတဲ့ ဘုရားဆိုတာ မေတ္တာသမားတဲ့…
ကျွန်တော်က သဘောကျမိရင်း …
"အခုဟာက ဦးမင်းညို ကိုယ်တိုင် မောင်းချတာ …သွားပြီဗျာ"
ရေခဲပုံး ရေခဲထည့်ပြီး အိမ်အနီးအနားက အန်ကယ်လင်းတို့ အိမ်မှာ ရေခဲဆေးပြီး ရေ၀င်ထည့်သည်၊အန်ကယ်လင်းက ညွှန်ကြား ရေးမှူး တစ်ယောက် ….
"ဟော့ကောင်လေး ဘာလုပ်မလို့တုန်း အိမ်ပေါ်က နှင်ချခံရ တယ်ဆို …"
"ဟုတ်တယ် အန်ကယ်ရေ စီးပွားရေး အဆင်မပြေလို့ ရေခဲရေ ရောင်းမလို့ …"
"သခ်တို့ ကတော့ကွာ …"
ကျွန်တော့်အကြောင်း သိနေသူမို့ အန်ကယ်လင်း ဒါပဲပြောနိုင်ပါ သည်။
အန်ကယ်လင်းဆီကထွက်တော့ စတိုးဆိုင်မှာ ပလတ်စတစ် ခွက်လေးငါးခွက်၀ယ်သည်။ ပြီးတော့ ကျွန်တော်တို့ တိုက်ရှေ့ ပလက် ဖောင်းရှေ့မှာ ပုံးကိုချသည်။ နေ့လယ် ဆယ့်နှစ်နာရီမို့ နေက အတော်ပူသည်။ ကျွန်တော်က ကျွန်တော်တို့တိုက်ရှေ့ အိမ်အရိပ်ကို ကြည့်ကာ အိမ်အရိပ်နဲ့ လွတ်ရာမှာ ပုံးကိုချကာ အိမ်က လူတွေ ကြားအောင် အော်ပါတော့သည်။

"လာနော် သခ် ...မင်း ...ညို ရောင်းတဲ့ ရေခဲရေ မသောက်
ရင် လာဝယ်သောက် ..."

မင်းညိုနေရာကျရင် အသံကို ပိုကျယ်ကျယ်အော်ပါတော့
ည်။ လမ်းထဲက လူတွေ မှတ်တိုင်မှာရှိတဲ့ ကားစောင့်နေသူတွေ
တဟား ဟား ပွဲကျရင်း ကျွန်တော့်ဆီမှာလာအားပေးပါသည်။
က်မလည အောင်ရောင်းကောင်းစုန်းရှိပါသေးသည် ...

"ဝုန်း ..."

တစ်စုံတစ်ယောက်က ကျွန်တော့် ပုံးကြီးကို ဆွဲလှဲချလိုက်လို့
ကျွန်တော် မော့ကြည့်တော့ ဖေဖေ ဘီလူး ...အဲလေ ...ဖေဖေ ဦး
င်းညို ...

"ဟေ့ကောင် အိမ်ရှေ့မှာ လာအော်နေပြီး ငါ့အရှက်ကို လာခွဲ
တာလား .."

ကျွန်တော်က စိတ်ပျက်လက်ပျက် အမူအရာပြရင်း ....

"အဲဒါပဲ ဖေဖေတို့က သားဆို အကောင်းမမြင်ဘူး သားစီးပွား
ရေးကို စိတ်ဝင်စားတော့လည်း လက်မခံဘူး ..."

ဖေဖေက ရှူးရှဲဖြစ်လာရင်း လက်သီးတပြင်ပြင်နဲ့ ...

"မင်း ငါ့အိမ်ရိပ်ကို မနင်းနဲ့လို့ ငါပြောထားတယ်လေ ..."

"ဟုတ်တယ်လေ ဖေဖေ အိမ်ရိပ်ကပ်လွှတ်အောင် ရှောင်ပြီး
ရောင်းနေတာပဲ ...ဒီမှာကြည့် ...."

ကျွန်တော်က အိမ်ရိပ်ကိုပြတော့ ...လမ်းထဲက အကြောင်းသိသူတွေက ဝိုင်းရယ်ကြပါသည်။ ဖေဖေ ဒေါ်သ ရှူးရှဲရှူးရှဲနဲ့ လပြီး ...

"သွားကွာ အိမ်ရိပ်မှာလည်း မရောင်းနဲ့ ဒီအနီးနားပတ်ဝန်းကျင်မှာလည်း မရောင်းနဲ့ သွားဆိုသွား ..."

"ဟုတ်ကဲ့ ...."

မျက်နှာသေလေးနဲ့ ဇာတ်မင်းသား အိုက်တင်နဲ့ ပုံးကိုဆွဲ ခေါင်းကို ငုံ့ကာ လျှောက်လာခဲ့ပါသည်။

ဒါ ပထမပွဲစဉ် ...။

ဒုတိယပွဲစဉ်အဖြစ် ကျွန်တော် အသုံးချတာက ကျွန်တော်တို့
ပ်ကွက်ဈေးနဲ့ ရေကန်ကြီးနားက ဆိုက်ကားဂိတ်၊ ဆိုက်ကားဂိတ်
နီးက လက်ဖက်ရည်ဆိုင်မှာ ဖေဖေနဲ့ ဖေဖေ့အပေါင်းအသင်းတွေ
ပနေဆို လာသောက်နေကြ ...

"ကိုဗေကြီး ကျွန်တော့်ကို ဆိုက်ကား တစ်စီးရှာပေးဗျာ ..."

ကျွန်တော့်ရဲ့ ငယ်နိုင်လိုလည်းဖြစ် ကျွန်တော့်လက်သုံးတော်
ယ်ကျွန်ကြီးဆိုလည်း မမှားတဲ့ ကိုဗေကြီးက ခပ်အေးအေးပြန်မေး
သည် ..."

"ဘယ်သွားမလို့လဲ ငါ့ ဆိုက်ကားနဲ့ပဲ သွားလေ ..."

"မဟုတ်ဘူး ကျွန်တော်နင်းမလို့ ..."

"ဗုဒ္ဓေါ ..."

ကိုဗေကြီးက ဆိုက်ကားရှေ့ထိုင်ခုံပေါ်မှာ ငုတ်တုတ်ထိုင်ရသည်အထိ အုံ့ဩသွားပုံရှိသည်။ နောက်မှ စဉ်းစားမိကာ ပြုံးလာရင်း

"ဒုတိယပွဲစဉ် ဟုတ်တယ်ဟုတ် သခိ ..."

"ခင်ဗျား ကျွန်တော်နဲ့ ပေါင်းလို့ အတွေးအခေါ် မြင့်လာပြီပဲ ..."

"အိုကေ တစ်နာရီအတွင်း ရစေရမယ် ခဏစောင့် ..."

ကျွန်တော်က ...ခေါင်းညိတ်ပြရင်း ဆိုက်ကားဂိတ်က ဦးလေးထွန်းတို့နဲ့ ချက်ထိုးနေပါသည်။

"ဟော့ကောင်လေး ဟိုမှာ ကောင်မလေးတစ်ယောက် လှမ်းခေါ်နေတယ် ..."

ကျွန်တော် လှမ်းကြည့်လိုက်တော့ အဖြူရောင် ဇိမ်ခံကားတစ်စီးရဲ့ နောက်ခန်းမှာ ကျွန်တော့်ကို အပြုံးနဲ့ လက်ပြလှမ်းခေါ်နေတဲ့ ရင်ခွင် အိမ်ရှေ့မင်းသမီး ...

"ဗက္ကာ ..."

ကျွန်တော် တစ်ဖက် ပလက်ဖောင်းဆီ ကူးလာရင်း ကားရပ်ထားရာဆီ လျှောက်လာရင်း ...

"ဗက္ကာ ဘယ်လာတာလဲ ..."

ရှေ့ခန်းက ဒရိုင်ဘာ ဦးလေးကြီးက အေးအေးဆေးဆေး သမားဖြစ်ဟန်တူသည် သူမက ကားတံခါးဆွဲဖွင့်ဆင်းရင်း ...

"သခိဆီပဲလေ ...ဖုန်းဆက်ပါဆို အခု ဖုန်းမဆက်လို့ လိုက်လာ

တာ ...ကိုနောင့် အိမ်ဝင်ပြီး ဒီကိုလာတာလေ ..."

"အဖြစ်မှန်တွေ သိပြီးပြီပေါ့ ..."

သူမက ကလေးတစ်ယောက်လို ရယ်ရင်း ...

"အကုန်သိပြီးပါပြီနော် ...ရေခဲရေရောင်းတာကအစ ...တကယ်ပဲ သခင်က နတ်ဆိုးလေးပဲကွ ..."

"စိတ်ပျက်သွားလား ..."

"ကျွန်မက ..."

ကိုယ့်ရင်ဘတ်ကိုယ်ဖိရင်း မျက်ခုံးပင့် ပြောပုံက ငတ်တုတ်ထိုင်ရင်မောစရာ တကယ်ပါ နေပူပူ အရှုံးဖြစ်ရပြီ ..."

"ဒါဆို ဈေးဦးပေါက် ဗဏ္ဏာ စီးမယ် ..."

"ကဲ ...လာ"

ကျွန်တော့်အတွက် ဆိုက်ကားကို ကိုဗေကြီးက အသင့်ပြင်ပေးထားပြီးပြီ ...

ဦးထုပ်လေး တဝိုက်ဝိုက်နဲ့ သူ့နဖူးပြောင်တာကို လူသိမှာကြောက်တဲ့ ကိုမွတ်တားကြီးကို ကျွန်တော်က ဆိုက်ကားပေါ် တက်ခွရင်း ...။

"ကိုမွတ်တား လေပျို့နေပြီလား ..."

"ဟာကွာ သခ်တို့ကအော့ လုပ်ပြီ ၊ဟော့ကောင်လေး မင်းဇေကြီးလို ကတုံးကေနဲ့ အရပ်ပုပု လိပ်နင်ဂျာနဲ့ သိပ်မတွဲနဲ့ မင်းငရဲပြည်ကကို တက်မှာ မပာတ်ဘူး ..."

သူ့ကို လိပ်နင်ဂျာလို့ ပြောရင် အရမ်းစိတ်တိုတဲ့ ကိုဇေကြီးက ကိုမွတ်တားကို မျက်စောင်းထိုးပါသည်။

"ဒီလူတွေ ပိုက်ဆံမရှိပေမယ့် ပျော်ပျော်နေတတ်တာ ဘာ့ကြောင့်လဲ သခ် ..."

ကျွန်တော်က ဆိုက်ကားကို ကုန်းတက်မို့ မတ်တတ်ရပ်နင်းရင်း ....။

"သောကာ နည်းလို့ပေါ့ ...."

"သောက ..."

"အင်း ဗက္ကာ နားလည်အောင် ပြောရရင် သောကဆိုတာ ပူလောင်မှုလို့ပဲ အကြမ်းဖျင်းပြောရမှာပဲ ဥပမာကွာ ဗက္ကာနဲ့ ကိုယ်ဝေးနေရရင် လွမ်းတယ်ဆိုတာ ...ဗက္ကာ နားလည်တယ်နော် ..."

"အင်း "

"အင်း ...အဲဒီ အလွမ်းရဲ့နောက်မှာ အလွမ်းထက်ဆိုးတဲ့ ဝေဒနာကို ခံစားလာလိမ့်မယ် ..."

"ဗက္ကာ သောကဆိုတာ ခံစားဖူးချင်လိုက်တာ ..."

ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းခဲ့သူမို့လို့ ကျွန်တော် နားလည်မိပါသည်။

"လူတိုင်းမှာ သောကအပူဆိုတာ အမြဲရှိတယ် ဗက္ကာရဲ့၊ နည်းတာများတာပဲကွာတာပေါ့ ပိုက်ဆံချမ်းသာတဲ့ လူက သောကနည်း

မယ်လို့တော့ ဘဝက သတ်မှတ်မှာ မဟုတ်ဘူး"

"ပြောပါဦး ...."

"ဒီလူတွေက ပင်ပန်းတာကို မကြောက်ဘူး အိမ်စီးပွားရေးအတွက် ခန္ဓာကိုယ်ကို အသုံးချပြီး ပိုက်ဆံရှာတယ် ...ဒါပေမယ့် ရတဲ့ ပိုက်ဆံနဲ့သောက နည်းအောင် ပျော်ပျော်ရွှင်ရွှင်နေတတ်ကြတယ်။ တစ်ခါ တလေတော့ ငွေရေးကြေးရေးကိစ္စနဲ့ လင်မယား ကတောက်ကဆ ရန်ဖြစ်တာတော့ ရှိတာပေါ့ ဒါလည်း ခဏပါ ..."

"သူတို့ အနေအထားနဲ့ သူတို့ဖြေရှင်းရတဲ့ ပုံစံပေါ့နော် သခ်ီ ..."

"ဒါပေါ့ ..."

ဗက္ကာကို နေရာတော်တော်များများ ဆိုက်ကားနင်းရင်း လိုက်ပြပေတော့ ဗက္ကာက အထူးအဆန်းဖြစ်နေသည်။

"ရန်ကုန်မှာ ပန်းခြံ၊ ပလာဇာ၊ စီးတီးမတ်တို့ စားသောက်ဆိုင်တို့ပဲ ဗက္ကာ ရောက်ဖူးတာ ဒီနေရာတွေရှိတာ အံ့ဩစရာပဲ ..."

"အင်း ...နောက်မှ ရေဝေးတို့ ကီလီ ညဈေးတို့ကို ဗက္ကာ့ကို လိုက်ပြမယ် ..."

"ရေဝေး နာမည်လေးက ချစ်စရာပဲ ...ပန်းခြံလားဟင် သခ်ီ ..."

ချွန်တော် ဘုမသိ ဘမသိ ပြောလာတဲ့ ဗက္ကာ့စကားကြောင့် ရယ်ချင်စိတ်ကို ဖုံးထားကာ ...။

"ပန်းတော့ ပန်းခြံပဲ ဗက္ကာရဲ့ ...ဒါပေမယ့် ပန်းတွေနဲ့ လှပနေ

တာတော့ မဟုတ်ဘူး အုပ်ဂူတွေနဲ့ လှပနေတာ ...”

ဒီအခါကျမှ ရေဝေးဆိုတာ သင်္ချိုင်းမှန်း ဗက္ကာ နားလည်ကာ အားရပါးရ ရယ်ပါတော့သည်။

ဗက္ကာကို လမ်းဘေးက အသုပ်စုံ ဝယ်ကျွေးတော့ ဗက္ကာက ရှူးရှူးရှဲရှဲနဲ့ နှာသီးဖျားလေးတွေရဲတွတ်နေအောင် စားရင်း ...။

“စားလို့တော့ကောင်းတယ် ဒါပေမယ့် စပ်တယ်နော်”

“နောက်တစ်ခါ ဒီထက်ကောင်းတာလေးတွေ ဝယ်ကျွေးမယ်...”

“ဘာတွေလဲ သခ် ...”

“ဝက်သား တုတ်ထိုးတို့ ရှောက်သီးသုပ် တို့ဟူးသုပ်တို့ ဝယ်ကျွေးမယ် ...”

“ဟမ်ဘာဂါထက် ကောင်းလား ...”

“မလဲနိုင်ဘူး ...ဗက္ကာ သွားရည်ကျမှာ မြင်ယောင်သေးတယ်”

“သခ် ..ကျွေးရင်စားမယ်ကွာ ...”

ကျွန်တော် ဗက္ကာ ကားရပ်ထားရာနေရာဆီ ပြန်ပို့ပေးရပြီး ဗက္ကာက လက်ပြကာ နှုတ်ဆက်သည်။ ဗက္ကာရဲ့ ကားလေးထွက်သွားမှ ဂိတ်မှာ ဆိုက်ကားထိုးတော့ ...

“မင်း ကောင်မလေးက သခ် အားကြီး အားကြီး ချောတာပဲ ...”

ကိုဗေကြီးက မျက်လုံးပြူးပြူးနဲ့ပြောတော့ ...ကိုမွတ်တားက ...

“မင်း နှာခေါင်းကြီး ရဲလာပြီ ဗေကြီး ...တော်ကြာ ငါတို့ပါ

ာင်ကုန်ဦးမယ် ...”

ကိုမွတ်တား စကားကြောင့် ဝိုင်းရယ်ကြပါသည်။ ဆိုက်ကား
ာက ပါစင်ဂျာရတာနဲ့ အလှည့်ကျ ထွက်ကြပါတယ်။ ည ဆယ်
ရိုဝန်းကျင်လောက်ရောက်တော့ ကျွန်တော့်အလှည့် ....

“ကောင်လေး မင်းအလှည့် ...”

ဂိတ်မှူး ဦးလေးစိန် လှမ်းပြောတော့ ကျွန်တော် အရက်မူးနေ
ဲ့ လူကြီးကို လိုက်ပို့ရပါသည်။ လူကြီးက တော်တော်မူးနေပါ
ည်။ ထုံးစံအတိုင်း ဆိုက်ကားသမားကို ရစ်ရမယ်ဆိုတဲ့ မူနဲ့ တော်
တ်ရစ်နေရှာပါသည်။ ထိုလူကြီးရဲ့ အိမ်ရှေ့ရောက်တော့ ငါးဆယ်
န်ပေးပြီး ငါးရာတန် တရားစီရင်ခန်းကို ဖြေရှင်းယူရပါသည်။ ပို့
ပေးပြီး ဆိုက်ကားနင်းလာတော့ ...”

“ရွတ် ရွတ် ဆိုက်ကား ...

ခေါ်သံကြောင့် စဉ်းစားနေရာမှ သတိဝင်လာကာ ကြည့်တော့
မျိုးသမီးတစ်ဦး လူပြတ်တဲ့ ဒီလမ်းပေါ်မှာ၊ ထိုအမျိုးသမီးက စိုးရိမ်
ကြီးပုံနဲ့ ကျွန်တော်လည်း ဝင်ထိုင်ရော ကျွန်တော့်ဘေးမှာ ဝိုင်းထိုင်
က ...

“မောင်လေး ...လှည်းတန်းထိပ်ကို အမြန်မောင်းပေး ....”

ပုံစံကြည့်ရတာ ညငှက်မလေးမှန်း အကဲခတ်မိပါသည်။ အမျိုး
သမီးက နောက်ကို လှည့်ကြည့်လှည့်ကြည့်နဲ့ တစ်ခုခုကို စိုးရိမ်နေ

ဟန်ရှိပါသည်။

"ဟော့ ဆိုက်ကား ဆရာ ခဏရပ် ..."

လက်နှိပ်ခေတ်မီးရောင်နှင့်အတူ လျှောက်လာတဲ့ လူတစ်အုပ် ကြည့်ရတာ ရပ်ကွက်လူကြီးတွေမှန်း သိသာသည်။

ကျွန်တော့်ကို အကဲခတ်ပြီး အမျိုးသမီးကို ကြည့်ကာ ...

"ဘယ်က ပြန်လာတာလဲ ..."

အမျိုးသမီးမျက်နှာ စိုးရိမ်ထိတ်လန့်နေဟန်ရှိသည်။

"ဒါ ကျွန်တော့်အစ်မပါ ဦးလေး သင်တန်းပြန်လွတ်တဲ့အချိန်ကို စောင့်ပြီး လာကြိုတာ ...အစ်မ အဖေ မျှော်နေပြီလားမသိဘူး ...။"

"ဪ အင်း ဟုတ်လား ..."

ရပ်ကွက်လူကြီးက ကျွန်တော်နဲ့ အမျိုးသမီးကို အကဲခတ်သည် ပြီးတော့ ကျွန်တော့်ကိုကြည့်ကာ ရယ်ချင်ဟန်နဲ့ ...။

"မင်း ကိုမင်းညိုသားမဟုတ်လား ...မင်းအဖေ ပြောလိုက်ကွာ အောင်ထွန်းနဲ့ တွေ့တယ်လို့ သွားတော့ ...."

ကျွန်တော် စိတ်ထဲက ဘုရားတမိပါသည်။ လူမမြင်ဘူးပေမယ့် ဦးအောင်ထွန်းဆိုတာ ဖေဖေပြောပြောနေလို့ ကျွန်တော်ကြားဖူးပါသည်။ ဖေဖေနဲ့ မူလတန်းထဲကနေ အခုထိ ခင်မင်နေတဲ့ သူငယ်ချင်း ...။

"ဟုတ် ဟုတ်ကဲ့ သွားမယ်နော် ဦးလေး ..."

"ကောင်းပါပြီကွာ ...."

ကျွန်တော် ဆိုက်ကားကို နင်းထွက်လာတော့ ...။

"ဟူး ကျေးဇူးပါပဲ မောင်လေးရယ် ...အစ်မကို မင်းလည်း သဘာပေါက်လောက်ပါပြီ ..."

အမျိုးသမီးအတွက်ကတော့ အေးအေးဆေးဆေးပါ။

လှည်းတန်းနားဝန်းကျင်ရောက်တော့ လူတွေက ရှုပ်ထွေးနေသည်။

"မင်း အစ်မကို တစ်ခု ကူညီပေးပါဦးကွာ ..."

"ဘာကူညီရမလဲ အစ်မ ..."

"ဟိုမှာ ကော်လံကတုံးအဖြူရောင်နဲ့ တရားဟောဆရာရုပ်နဲ့ လူတွေ့လား"

ကျွန်တော် ကြည့်တော့ ဖိုင်တွဲထည့်တဲ့ အိတ်ကို ဟန်ပါပါကိုင်ရင်း နာရီတကြည့်ကြည့်နဲ့ တိုင်စီစောင့်နေတဲ့ ဟန်နဲ့ လူတစ်ဦး ...

"တွေ့တယ် အစ်မ ..."

"မင်းသွားလိုက် ...မအေးအေးထွေးရောက်လာပြီလို့ ပိုက်ဆံသွပေးလိမ့်မယ် ..."

"ဟုတ်ကဲ့ ..."

ကျွန်တော် ထိုလူဆီသွားပြီး ထိုလူရှေ့ရောက်တော့ ...ထိုလူ

က ကျွန်တော့်ပုံစံကိုကြည့်ပြီး မျက်နှာလွှဲသည်။

"ပုဂ္ဂိုလ် ကျွန်တော့်အစ်မ မအေးအေးထွေး ရောက်လာပြီ"

"ဗျာ ...မအေးအေးထွေး ..."

ချက်ချင်းကို ပုံစံပြောင်းသွားတဲ့ ထိုလူရဲ့ ပုံစံကြောင့် ကျွန်တော် ခေါင်းညိတ်ချင်စရာ ...

"ဘယ်မှာလဲ သွားကြမယ်လေ ..."

ကျွန်တော် လက်ဖြန့်ပြတော့ ထိုလူက မယုံချင်ဟန် ...

"ထွေးကို ကိုယ်မှ မတွေ့ရသေးတာ ..."

ကျွန်တော်က ကျွန်တော် ဆိုက်ကားရှိရာဆီ မေးဆတ်ပြတော့ ထိုလူအငမ်းမရကြည့်လိုက်ပါသည်။ ချက်ချင်း မျက်နှာ ဝင်းလဲ့သွားပြီး ...။

"ဟာ ထွေးရောက်နေပြီ ကျေးဇူးပဲ ညီလေးရာ ပိုက်ဆံ ပိုက်ဆံ ပေးရမှာပေါ့ ..."

ဝတ်စားပုံနဲ့ ဆန့်ကျင်စွာ သူရဲ့ အိတ်ကို ဖွင့်ပြီး ပိုက်ဆံတစ်ထပ်ကို ရှယ်ပြီး ...။

"ရော့ ပိုပေးလိုက်တယ် ...ယူသွား အစ်ကို ကားငှားလိုက်ဦးမယ်နော် ..."

ချက်ချင်းဆို ကားတစ်စီးကို လက်တားကာ ဈေးမေးနေချိန် ကျွန်တော်က မအေးအေးထွေးဆီလျှောက်သွားပြီး ...

"အစ်မ ဟိုလူကြီးက ပိုက်ဆံပိုပေးလိုက်တယ် ..."

ကျွန်တော်ပေးတဲ့ ပိုက်ဆံကို လှမ်းယူပြီး သူမကရယ်သည် ်ဆံတော်တော်များကို ကျွန်တော့်ကို လှမ်းပေးသည်။

"ဒါက သူပိုပေးတဲ့ ပိုက်ဆံ ...မင်းယူလိုက် ...ဒါက မင်းအ က် ဆိုက်ကားခ ..."

ဆိုက်ကားခအတွက် ထပ်ပေးတဲ့ ပိုက်ဆံက အတော်များပါ ည်။

"ဟာ မဟုတ်တာ ဒီလမ်းကြောင်းက ဒီလောက်မှ မဟုတ်တာ ်မရယ် ..."

"ယူသွားစမ်းပါကွာ နောက်တွေ့ရင် မင်းနှုတ်ဆက်ရင် အစ်မ ်ဆက်ပါ့မယ် ဘာဖြစ်လို့လဲဆိုတော့ မင်းနားလည်မှာပါ ..."

ကျွန်တော် သက်ပြင်းရှိုက်ရင်း ခေါင်းညိတ်ပြမိပါသည်။ မအေး းထွေးက ဆိုက်ကားပေါ်ကဆင်းကာ ခပ်လှမ်းလှမ်းမှာ ရပ်ထား ့ ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ပြီး တက်သွားပါသည်။

သက်ပြင်းတွေ တစ်ပုံတပင်နဲ့ ကျွန်တော် ကျန်ရစ်ခဲ့ပါသည်။



"သခ်မင်းညို ... ဟုတ်လား မောင်လင်းဇော် ..."

"ဟုတ်ကဲ့ ဆရာ"

ဒီနာမည်ကို ဘယ်မှာ ကြားဖူးလဲ စဉ်းစားမရခဲ့ပါ။ တောင်ကြီး
သမီး သွားချင်သည် ဆိုကတည်းက ဦးစောဂျူးဇက်ရဲ့ နေရာ
ာင်းဆိုတော့ သူ့ရဲ့မိတ်ဆွေတွေကို အကူအညီတောင်းပြီး သမီး
စောင့်ကြည့်အကဲခတ်ဖို့ မှာပြီးသားပါ။

ထပ်ပြီးသိရတဲ့သတင်းတွေအရ တောင်ကြီးမှာ ရန်ကုန်က
တဲ့ ကောင်လေးတစ်ယောက်နဲ့ တွဲသွားတွဲလာ ပြုနေသည်ကြား
တည်းက ညတွင်းချင်း သူ့တပည့် လင်းဇော်ကို ချက်ချင်း လွှတ်
က်ခဲ့ပါသည်။ လင်းဇော်ကို သမီး မမြင်ဖူး မသိလိုက်ခြင်းက သူ့
တွက် ကံကောင်းခဲ့ပါသည်။

သမီးတို့ ပျော်ရွှင်ကြည်နူးနေတဲ့ပုံတွေကို လင်းဇော်ကလည်း
က်သေအခိုင်အမာဖြစ်အောင် ဓာတ်ပုံရိုက်ယူလာတာကိုက ပို၍
ာင်းသွားခဲ့ပါသည်။

"မင်းသွားလို့ရပြီ လင်းဇော်၊ ဩော်... မနက်ဖြန်မှာ ကုမ္ပဏီကို လာခဲ့မှပဲ မင်းအတွက် ဘောက်ဆူး သက်သက်ပေးမယ်"

"ကျေးဇူးပါပဲ ဆရာ"

လင်းဇော် အရိုအသေပေးပြီး ထွက်သွားတော့ သူ လင်းဇော် ပြုစုထားတဲ့ သခ်ီမင်းညိုရဲ့ အချက်အလက်တွေကို ဖတ်ရှုကြည့်မိခဲ့သည်။ သခ်ီမင်းညိုဆိုတဲ့ ချာတိတ်က ကောင်းကွက်တစ်ခုမှ မရှိတဲ့ အရည်အသွေးတွေကို ပိုင်ပိုင်နိုင်နိုင် ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်ထူးပါပဲ

"အန်ကယ် ..."

"ဩော် စန္ဒီ ဆို ..."

"အန်ကယ် အစည်းအဝေးတက်ဖို့ ..."

"ညည်းပဲ တက်လိုက် စန္ဒီ ..."

သူ့ရဲ့ ကိုယ်ရေးအရာရှိ ချာတိတ်မလေးက အထူးအဆန်း သဖွယ် မျက်မှောင်ကုပ်သွားပါသည်။ ဟုတ်တော့လည်း ဟုတ်ပါ တယ်။ ဦးစောဂျိုးဇက်အနေနဲ့ အခုလိုအစည်းအဝေးတွေကို ဘယ် လောက် အရေးတကြီးကိစ္စရှိရှိ ပျက်ကွက်လေ့မရှိပါ ...။

"အန်ကယ် နေမကောင်းဘူးလား"

"ကောင်းပါတယ် စန္ဒီ၊ ဩော်... ညည်းသွားရင်းနဲ့ တစ်ယောက် ယောက်ကို ကော်ဖီပူပူလေးတစ်ခွက်ဖျော်ပြီး ယူခဲ့ခိုင်းလိုက်ကွာ နောက်တစ်ခုက အရေးတကြီးကိစ္စနဲ့ ညှိသည်လာခဲ့ရင် အရမ်း

ရေးကြီးမှ အနံကယ်ဆီ လွှတ်ခိုင်းလိုက်"

"ဟုတ်ကဲ့ အနံကယ်၊ တချို့ကိစ္စတွေ ဦးလေးဘသော်နဲ့ပဲ တွေ့ င်းလိုက်ပါမယ်"

"ကောင်းတယ် စန္ဒီ"

စန္ဒီက အကွက်မြင် အကင်းပါးတဲ့ မိန်းကလေး။ စန္ဒီ ထွက်သွား ပြီး သိပ်မကြာခင်မှာ ကော်ဖီတစ်ခွက် သူ့ရှေ့ရောက်လာပါတယ်။

ဦးစောဂျိုးဇက် .. သင်္ခမင်းညိုရဲ့ ဓာတ်ပုံကို ယူကြည့်မိပါသည်။ ဓာတ်ပုံထဲမှာ လင်းဇော် ဘယ်လို ကြံဖန်ပြီး ရိုက်ထားလည်းမသိပါ။ သင်္ခမင်းညိုဆိုတဲ့ ချာတိတ် ကောင်မလေးကို ခပ်တည်တည် စိုက်ကြည့် နေပါသည်။ သင်္ခမင်းညိုရဲ့ ကိုယ်နေကိုယ်ဟန် အနေအထားက ကြည့်ကောင်းရုံသာ ထူးခြားမှုက မျက်ဝန်းနဲ့ မျက်ခုံးတွေဆိုတာ ဦးစောဂျိုးဇက် အကဲခတ်မိပါသည်။

မျက်ခုံးတွေက ထူထဲပြီး အတွန့်ချိုးထားသလိုလို မျက်ခုံးရင်း နှစ်ခုက ဆက်စပ်နေပြီး မျက်ဝန်းတွေလည်း ပြတ်သားတင်းကျမှုရှိ သည့် ခေါင်းကျောမာတဲ့ မျက်ဝန်းပိုင်ရှင်မျိုးမှန်း သိသာသည်။ ဓာတ် ပုံထဲက သင်္ခမင်းညိုက စူးစူးရဲရဲ သူ့ကို စိုက်ကြည့်နေဟန် အနေ အထားမျိုး...။

သူ ဒီနာမည်ကို ဘယ်မှာကြားဖူးပါလိမ့် စဉ်းစားနေရင်း အဖြေ ထုတ်လို့မရ။ ဟာ ...

သူ ထိုင်နေရာမှ မတ်ခနဲဖြစ်သွားမတတ်။ သိပြီ ဒါ သိပ် မကြာခင်က စောထွန်း သူ့အတွက် ကားတစ်စီးဝယ်ပေးဖို့လုပ်ရင်း အဆင်မပြေခဲ့တဲ့ နေ့က စောထွန်း ဖုန်းဆက်ပြောဖူးတဲ့ ချာတီတီ... ဟုတ်တယ် .. သိပ်ကို သေချာတယ်ဆိုတာ ဦးစောဂျိုးဆက် မှတ်မိ သိရှိလိုက်ပါသည်။ ချက်ချင်းပင် စောထွန်းရဲ့ဖုန်းကို လှမ်းဆက် လိုက်ပါသည်။

"ဟဲလို ...စောထွန်းလား ငါပါ ..."

"ဪ ဂျိုးလား ပြော သူငယ်ချင်း ...'

သူ ဖိုင်ကိုလှမ်းယူဖွင့်ကာ သခ်ံမင်းညိုရဲ့အဖေနဲ့ အမေရဲ့ နာမည်ကို မေးသည်။ စောထွန်းကလည်း တစ်ဖက်ကနေ ပြန်ဖုန်း ဆက်ပါသည်။

"သခ်ံရဲ့ အဖေနဲ့ အမေလား .. ဦးမင်းညိုနဲ့ ဒေါ်ကေသီလေ.. ဘာဖြစ်လို့လဲ သူငယ်ချင်း ..."

"ငါ အရေးတကြီးကိစ္စရှိလို့ သူငယ်ချင်း၊ ဒါနဲ့ သူအဘွားရဲ့ နာမည်က..."

"ဒေါ်မြစိန် ...၊ အစက အထည်စက်တွေပိုင်တယ်ကွ၊ ပြည်သူ ပိုင် မသိမ်းခင်အထိ ဆိုပါတော့...၊ ဟံသာဝတီ ဒေါ်မြစိန်ဆို အကုန် သိပါတယ်"

"ကျေးဇူးပဲ သူငယ်ချင်း"

"ဟော့ကောင် ..."

သူ ဖုန်းချလိုက်တော့ စောထွန်း ကမန်းကတန်း လှမ်းပြောပေ ယ့် မမီတော့ပါ။ သူ ဖုန်းကိုချပြီး စိတ်ပျက်လက်ပျက် ဆိုဖာပေါ် က်လက် လှန်ချမိပါသည်။ သမီးအတွက် သူ စိတ်ပူမိခဲ့ပါသည်။ လိုကောင်လေးမျိုးနဲ့ သမီး ပတ်သက်လိမ့်မယ်ဆိုတာ သူ တစ်ကြိမ် တစ်ခါမှ မစဉ်းစားမိခဲ့ပါ။

သမီးအတွက် သူ ဘာလုပ်ရမလဲ အကောင်းဆုံးက သမီးကို သူ့မာမီဆီ ပြန်လွှတ်တာ အကောင်းဆုံးပဲလို့ တွေးနေမိပါသည်။



ကျွန်တော် ညဘက်ကို ကိုဇေကြီးရဲ့ တဲပုတ်နန်းတော်မှာ စံမြန်းကျိန်းစက်ပါသည်။ တစ်နေ့ ကိုမွတ်တားက ...

"သခ် လက်ဖက်ရည်ဆိုင်မှာ မင်းကို မင်းအဖေ စောင့်နေတယ်"

"ဗျာ ..."

"ဟုတ်တယ်၊ မင်း ပါစင်ဂျာ လိုက်ပို့ကတည်းက ရောက်နေတာ .. သွားတွေ့လိုက်ဦး"

ကျွန်တော် ခေါင်းညိတ်ပြပြီး လက်ဖက်ရည်ဆိုင်ထဲကို ဝင်တော့ ဖေဖေ ကောင်တာနားမှာ ငူငူကြီးတစ်ယောက်တည်း ထိုင်နေပါသည်။

ကျွန်တော် ဖေဖေနဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တော့ ...ဖေဖေက တစ်ချက် ခပ်တည်တည်နဲ့ လှမ်းကြည့်ပါသည်။

"ဒီပွဲမှာတော့ ငါရှုံးပြီ သခ်"

"ဗျာ .. ဖေဖေ ရှုံးတယ်"

ကျွန်တော် နားမလည်ဟန်နှင့်မေးတော့ ...

"ဟုတ်တယ် သခ် ...၊ မနေ့က ငါ အောင်ထွန်းနဲ့ တွေ့ပြီးပြီ"

"ကျွန်တော် ..."

ကျွန်တော် ပြောချိန်မရလိုက်၊ ဖေဖေက လက်ကာတားပါသည်။

"မင်းဘာမှ မပြောနဲ့သား၊ ငါ မင်းကို ရှေ့ဆက်ပြီး ချောက်ထဲ တွန်းမပို့ချင်ဘူး၊ နောက်တစ်ခုက မင်းရဲ့ ဘွားဘွား ..."

ကျွန်တော် ငြိမ်သက်နေမိသည်။

"မင်း ပြန်ပါမလာရင် ငါ့ အမေ ရောဂါတိုးလိမ့်မယ်၊ မင်း အခု ချက်ချင်းပြန်လိုက်ခဲ့ ...ထ ..."

"မဟုတ်ဘူး ဖေဖေ"

"သခ် ..."

ဖေဖေ အသံက တည်ငြိမ်ပါသည်။ ကျွန်တော် လက်လျှော့ လိုက်ရပါသည်။

"ခဏလေး ဖေဖေ ..."

ဖေဖေကိုပြောပြီး အပြင်ထွက်ကာ ကိုဇေကြီးကို ဆိုက်ကားပြန် အပ်ဖို့ပြောပြီး ကျွန်တော် ပိုက်ဆံပေးထားခဲ့ပါသည်။ အံ့နာကြေးပေါ့။

"မြေးလေးရယ် ဘွားဘွားမှာလည်း ငါ့မြေးပင်ပန်းမှာပဲဆိုပြီး နေ့တိုင်း စိတ်မချမ်းမသာဖြစ်ခဲ့ရတာ ..."

ဘွားဘွားက ကျွန်တော့်ခေါင်းကို ရင်ခွင်ထဲထည့်ပြီး မျက်ရည်အဝဲသားနဲ့ပြောပါသည်။

ဖေဖေကတော့ ပြတင်းပေါက်နားမှာ နောက်မှီထိုင်ခုံတစ်လုံးချကာ စီးကရက်ခဲရင်း ပတ်ဝန်းကျင်ကို ကြည့်ကာ ငြိမ်သက်နေပါသည်။

"ဟုတ်တယ် ကိုလေး ဆိုက်ကားနင်းတာ သားမြင်တယ်"

အငယ်ကောင် သီဟက သူ့ပေါင်ပေါ်မှာ ထိုင်ရင်းပြောပါသည်။

"သားရယ် နောက်တစ်ခါ ဒီလိုဆိုးဖို့ မသင့်တော့ဘူး ပြီးတော့ မင်းမှာလည်း ..."

မေမေက ဘွားဘွားကို လှမ်းကြည့်ပါသည်။ ဘွားဘွားက မေမေ့ကိုကြည့်ပါသည်။

"မြေးလေး ..."

"ဗျာ ...ဘွားဘွား ..."

ကျွန်တော့်ရဲ့ ခေါင်းကို ပွတ်သပ်ပြီး ဘွားဘွားက ပြောသည်။

"ဘွားဘွားဆီ ဗင်္ဂလာဆိုတဲ့ မိန်းကလေး ရောက်လာတယ်"

ကျွန်တော် ဆတ်ခနဲဖြစ်သွားကာ ဘွားဘွားရင်ခွင်မှာ မှီခိုနေရာမှ ရုန်းထွက်ကာ ...

"ဘွားဘွားဆီကို ..."

"ဟုတ်တယ် မြေး ကလေးမ ဘွားဘွားဆီကို ရောက်လာခဲ့တယ်။ သားကို ပြန်ခေါ်ဖို့ သူ မျက်ရည်အဝဲသားနဲ့ တောင်းပန်ရှာခဲ့တယ် ပြီးတော့ ..."

ဘွားဘွား သက်ပြင်းချသည်။ ပြောရခက်တဲ့ စကားအတွက် အားယူနေရှာတဲ့ ပဏာမတေးသွား တစ်ခုလို ....

"တစ်ချိန်မှာ ငါ့မြေး စိတ်ဆင်းရဲလိမ့်မယ်လို့ သူက ပြောတယ် ... လူငယ်တွေရဲ့ နှလုံးသားရေးရာမှာ အချစ်က ပြဿနာမရှိပေမယ့် ...ပြဿနာ မရှိကြပဲနဲ့ ပြဿနာတစ်ခုက အသိုင်းအဝိုင်းနှစ်ခုကြားကို ရောက်လာလိမ့်မယ် ...သား ..."

"ပြောပါ ဘွားဘွား..."

ဘွားဘွား မျက်ဝန်းမှာ ကျွန်တော့်အပေါ် ကရုဏာသက်ဟန် မျက်ဝန်းတွေ ...

“ဘယ်အကြိမ် ဘယ်အခါခါ ဘွားဘွား သားဘက်ကပဲ အမြဲ ပ်တည်ခဲ့တယ်နော် ...ဖြစ်လာတဲ့ ပြဿနာတွေက ခဏပဲဖြစ်လာ င်လို့ သားကို ဘွားဘွားအလိုလိုက်ခဲ့တာ ပြီးတော့ သားရဲ့ အရည် ချင်းကို ဘွားဘွားသိလို့ အရာရာအားလုံးကို ငါ့မြေးနားလည်ဖို့ မြေးကို အလိုလိုက်ခဲ့တာ ...”

“သား သိပါတယ် ဘွားဘွား ...”

“တစ်ခါ တစ်ခါ ဘွားဘွား သားကို အလိုလိုက်ခဲ့တာ မိုက်ရူးရဲ့ န်နေမှန်း ဘွားသိပါတယ်။ ဒီတစ်ကြိမ်မှာတော့ ငါ့မြေးနဲ့ ဟိုမြေး လေး ရေရှည်မှာ ဒဏ်ရာ ဒဏ်ချက်တွေနဲ့ တစ်သက်လုံး အထိနာ မှာ ဘွား စိုးရိမ်တယ် ငါ့မြေး ....သူတို့ဘက်ကလည်း ဘွားလိုပဲ ုးစားမှာပဲ ...”

“အဲဒါတော့ ဘွားဘွားပြောတာ မှန်တယ် ညီလေး ...”

တစ်ချိန်လုံး ငြိမ်နေရှာတဲ့ ကိုကို သူရက ပြောလာပါသည်။

“ချိန်သားကိုက်မှုမရှိတဲ့ အစွန်းနှစ်ဖက်ကို တန်းညှိဖို့ဆိုတာ ွယ်တယ်လို့ မင်းခံယူထားလား ညီလေး ...”

ကျွန်တော် အသက်ပြင်းပြင်း ရှူမိသည်။

“ဗဏ္ဏာနဲ့ ပတ်သက်လို့ နောင်တရခဲ့မယ်ဆိုရင် ကျွန်တော် ကြီးအကျယ် နောင်တရလည်း ကြိတ်မှိတ်ခံချင်တယ် ကိုကို”

“မဟုတ်သေးပါဘူးကွယ် ...”

ကိုကို့ ဇနီး မမမြတ်က ခေါင်းခါကာ ငြင်းသည် မေမေနဲ့ ဖေဖေကတော့ တစ်ခွန်းမှ ဝင်မပြော ...ကျွန်တော့်အကြောင်း သိနေလို့လား ဒါမှမဟုတ် ဘွားဘွားကိုယ်တိုင် နားချလို့မရလို့လား မသိ ...

"အင်းလေ ငါ့ညီ စိတ်ဓာတ်ကို ကိုကိုသိပါတယ်။ ဒါမြောက်ပေးတာ မဟုတ်ဘူးနော် ဖြစ်လာခဲ့မယ်ဆိုရင်လည်း ..."

ကိုကိုက စကားကိုရပ်ပြီး ကျွန်တော်ကို စိုက်ကြည့်သည်။

"မင်း နှလုံးသားကို အသင့်ပြင်ဆင်လို့ရအောင် ကြိုလေ့ကျင့်ထားဖို့ ကိုကိုဒါပဲ ပြောချင်တယ်။"

ကျွန်တော်ခေါင်းငုံ့မိပါသည်။

ကျွန်တော် လူမိုက်တစ်ယောက်လို့ ကိုယ့်ကိုယ်ကို ခံယူသင့်ပြီလား ဒါမှမဟုတ် နှလုံးသားက မျက်မမြင် တောတိုးဖြစ်နေခဲ့တာလား။

"ဗက္ကာ သမီးနဲ့ ဒက်ဒီ စကားပြောကြည့်ချင်တယ်"

ဒက်ဒီက သူမကို ရေဗက္ကာ၊ ဗက္ကာ လို့သာ သုံးနှုန်းတတ်သည်။ သူမရဲ့နာမည် အင်္ဂလိပ်စာလုံးပေါင်းကိုက (Rebacca)မို့ ထင်ရပါသည်။

"သမီး မာမီက သမီး ဘယ်တော့ပြန်လာမှာလဲလို့ ဖုန်းဆက်တယ် ဗက္ကာ"

မာမီက ဩဇီမှာ လုပ်ငန်းတွေရှိသည်မို့ အမျိုးတွေနဲ့အတူ ဟိုမှာပဲနေပါသည်။ ဒက်ဒီသာ ဟိုကိုသွားလိုက် မြန်မာပြည် ပြန်လာလိုက် လုပ်တတ်သည်။

"သမီး ..."

ဗက္ကာ က ဟန်ဆောင်မှုမကောင်းတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ဒက်ဒီ သိသည်။ ဒက်ဒီပြုံးလိုက်သည်။ အဲဒီအပြုံးတွေဟာ

ဒက်ဒီ အလုပ်ကိစ္စနဲ့ ပတ်သက်လို့ ကျဉ်းထဲကျပ်ထဲရောက်တဲ့အခါ ပရက်ရှာပေးထားတဲ့ ကော်ဖီပြင်းပြင်းတစ်ခွက်နဲ့ လသာဆောင်က နေ အဖြေထုတ်တဲ့အခါ အဖြေရပြီဆိုရင် ပြုံးတတ်တဲ့အပြုံးမျိုး ...။

"သစ်မင်းညို ဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့ ကိုယ်ရေးအချက်အလက်ကို ဗက္ကာ ဘယ်လောက် သိလဲ"

ဒက်ဒီ မေးပုံက ကိုယ်အသုံးပြုမယ့်ကုန်ကြမ်းရဲ့ အားနည်းချက်ကို တစ်ဖက်၊ သူဝယ်မယ့် လုပ်ငန်းရှင်ကို မေးပုံမျိုး ...။

"သမီး မသိချင်ဘူး ဒက်ဒီ"

အရဲစွန့်ပြီး ဗက္ကာ ပြောလိုက်ပုံက ဒက်ဒီ မျက်ခုံးမြင့်တက်သွားစေပါသည်။

"သစ် မင်းညိုရဲ့ အကောင်းဆုံး အကျော်ကြားဆုံးဂုဏ်သတင်းတွေကို ဒက်ဒီ လေ့လာကြည့်တဲ့အခါ တော်တော်ဖြူသွားတယ် သမီးရဲ့"

ဒက်ဒီ ပြောပုံ အမူအရာ ပခုံးတွန့် နှုတ်ခမ်းတွန့်ပုံက သူမကို ချောင်ထဲ ကျုံးသွင်းလိုက်သလိုမျိုး ...။

"ဒီလို သူတော်ကောင်းလေးနဲ့ ဗက္ကာကို သဘောတူကြည်ဖြူဖို့ဆိုတာ ငွေတစ်ကျပ်နဲ့ ရောမပြည်ကြီးကို ဝယ်ရမယ့်ပုံစံပဲ"

"ဒက်ဒီ ..."

သူမရဲ့ စိတ်လှုပ်ရှားမှုတွေကို ဒက်ဒီ ရယ်ပါသည်။

"ကဲ ...ဒါတွေထားလိုက်ပါ ဒက်ဒီပြောချင်တဲ့ အကြောင်းရင်းက

ဘွာ ဘက်က ကိစ္စတွေပြီးရင် ပြန်ဖို့လုပ်တော့ ဒါ ဒက်ဒီ အခွင့်ရေး နည်းနည်းတိုးပေးလိုက်တာနော်”

“ဒက် ...ဒီ ...”

သူမ ဇွတ်တိုးပြောဖို့ ဆုံးဖြတ်လိုက်ပေမယ့် ဒက်ဒီက ကုမ္ပဏီဖို့ထရပ်လိုက်ပါပြီ နာရီကို ဗဏ္ဏာ မြင်သာအောင် မြောက်ကြည့်ပြီး...

“အင်း တော်တော် နောက်ကျနေပြီ ဒီနေ့ အစည်းအဝေးရှိနေတာတောင် မေ့နေတယ်၊ ဩော် ... သမီး သခ်ိမင်းညိုဆီ သွားမယ်ဆိုရင် နော်ဖောကို ပြောသွားနော်”

နော်ဖောက မာမီ ရှိကတည်းက ဗဏ္ဏာရဲ့ အထိန်းတော်...၊ က်ဒီ ပြောပုံက ငါသိတယ်၊ ကိုယ့်ကိစ္စကိုယ်ရှင်းဆိုတဲ့ ပုံစံ။ ဗဏ္ဏာက်ရည်မကျမိ၊ ပျော့ညံ့တတ်တဲ့ ဒက်ဒီရဲ့သမီး...၊ အချစ်ဆိုတဲ့ရာကြောင့် မိုက်ရူးရဲဆန်တာလား ... ရဲရင့်တာလား မသိပါ။ င်ထဲမှာ သခ်ိနဲ့ ဝေးရမယ့်အတွေးကို တွေးရုံနဲ့ ကြောက်လန့်နေတာ ဒက်ဒီသိရင် ဘယ်လိုပြောမလဲ ...။

ဒက်ဒီ လူတွေရဲ့ရင်ဘတ်ထဲက အချစ်ဆိုတာ ဘောဂဗေဒဆိုင်ာ ဆွေးနွေးဈေး ဖလှယ်ညှိနှိုင်းမှုလို့ ဒက်ဒီ ထင်နေလို့လား ...။



"ဒယ်ဒီက မနေ့က မေးတယ် မောင်"

ကန်ရေပြင်အစပ်က ခုံတန်းမှာ နှစ်ယောက်အတူ ထိုင်ရင်း
ျွန်တော့် ရင်ခွင်ထဲက ဗဏ္ဏာက မေးသည်။

"ဘာတွေမေးလဲ ဗဏ္ဏာ့"

"ဟိုကို ပြန်ဖို့ သမီး ပြင်ဆင်ပြီးပြီလားတဲ့"

"ဘယ်လဲ ဗဏ္ဏာ၊ ဟာသံတကိုလား ... သဘော်ာ စျေးကြီး
တယ်လို့ ဖြေလိုက်ပေါ့"

သူမက အသံလွင်လွင်ဖြင့်ရယ်ရင်း ...။

"မနောက်နဲ့ မောင်ရာ ..."

"မောင်ရာ မဟုတ်ပါဘူး ...မောင်သစ်ပါ ဗဏ္ဏာရယ် ..."

"ကြည့် ..."

"ကြည့်လို့မှ မရတာ၊ ဗက္ကာက ကိုယ့်ရင်ခွင်ထဲမှာကို"

"အကောင်းပြောမလို့ သေသေချာချာ နားထောင်စမ်း မောင်သခ်"

"ဟုတ်ကဲ့ပါခင်ဗျ"

သူမ ခဏ ငြိမ်သက်သွားပါသည်။

"ဒက်ဒီ သခ်နဲ့ ချစ်သူဖြစ်နေမှန်း ရိပ်မိနေပုံရတယ်"

ကျွန်တော့် နားထဲ အချက်ပေး ခေါင်းလောင်းသံတွေ ဆူညံသွားပါသည်။

"ဒယ်ဒီက ပြဿနာတစ်ခုဖြစ်ရင် သွေးဆူလွယ်တဲ့လူစားမျိုး မဟုတ်မှန်း ဗက္ကာသိတယ်၊ ပြီးတော့ အလျှော့ပေးလွယ်တဲ့လူစား မဟုတ်ဘူး သခ်"

ကျွန်တော်လည်း ဗက္ကာ့ဒက်ဒီအကြောင်း စုံစုံလင်လင် စုံစမ်းပြီးပါပြီ။ ဟုတ်ပါတယ် .. ဗက္ကာ ပြောတဲ့အတိုင်းပါပဲ၊ ဦးမိုးဇက်ရဲ့ အင်အား သူ့ရဲ့ ပါဝါ ဘယ်လောက်မြင့်မားမှန်း ကျွန်တော် သိပါသည်။

"ရဲရင့်ဖို့နဲ့ နောက်လှည့်မကြည့်ဖို့တော့ အချိန်နီးပြီ ဗက္ကာ"

သူမက ဘာမှ ပြန်မဖြေ။

"ဒက်ဒီ လေယာဉ်လက်မှတ် စီစဉ်နေတာ တမင်သိအောင် ဗက္ကာ့ရှေ့မှာ စီစဉ်နေတာ ဗက္ကာသိပါတယ်"

"ကိုယ်တို့ လူကြီးတွေကို စော်ကားရိုင်းပျနေတာမဟုတ်ဘူး ကွာ၊ ကိုယ်တို့နှလုံးသားအတွက် ကိုယ်တို့ လွတ်မြောက်ဖို့ ကြိုးစား မှာ တစ်ခုမေးမယ် ဗက္ကာ"

ဗက္ကာကို ရင်ခွင်ထဲမှခွာရင်း ဗက္ကာကို ကြည့်ကာ ...

"ဟိုနိုင်ငံမှာ ဗက္ကာ အဆင်ပြေပြေ ခေတ်မီမီနေရမယ်၊ ကိုယ်နဲ့ ားမယ် ... ဒီနိုင်ငံမှာဆိုရင် ..."

ဗက္ကာ ကျွန်တော့်ကို ကြည့်ကာ ပြုံးသည်။

ပြီးတော့ ...

"ကျွန်မ ဒုက္ခထဲမှာပဲ မောင်နဲ့အတူနေချင်တယ်"

ဗက္ကာ့စကားကြောင့် ဗက္ကာကို ရင်ခွင်ထဲ ဆွဲပွေ့ဖက်ထားမိခဲ့ သည်။

အဲဒီနေ့က ဗက္ကာကို ကားပေါ်တင်ပေးပြီး ကျွန်တော် ဦးစော ျိုးဇော်ရဲ့ ကုမ္ပဏီတိုက်ခန်းရှိရာကို သွားပါသည်။

ကုမ္ပဏီအပေါက်ဝက ရက်စက်ရှင်မှာ သတင်းမေးတော့ ကောင်မလေးက ဖုန်းချက်ချင်းဆက်ပြီ ...

"ဟုတ်ကဲ့ရှင့်၊ အန်ကယ်က အစ်ကို့ကို ချက်ချင်း တွေ့ချင်ပါ တယ်တဲ့ရှင်"

တလေးတစားပြောတဲ့ မိန်းကလေးတို ခေါင်းညိတ်ပြပြီး ကျွန် တော်ကို ဦးဆောင်ခေါ်သွားတဲ့ ကောင်မလေးနောက်က အလိုက်

သင့် လိုက်ပါလာခဲ့ပါသည်။

ယူနီဖောင်းဝတ် ကောင်မလေးက အခန်းတစ်ခုကို ညွှန်ပြပြီး...

"ဒီ အခန်းထဲမှာ အန်ကယ် စောင့်နေပါတယ်"

ကျွန်တော် ကောင်မလေးညွှန်ပြတဲ့အခန်းထဲ အခန်းတံခါးလှည့်ဖွင့်ရင်း ဝင်သွားပါသည်။ လေအေးပေးစက်ရဲ့ အထိအတွေ့က ရင်ခွင်တစ်ခုလုံး မငြိမ်းချမ်းနိုင် အဆင့်မြင့် ပြင်ဆင်ထားတဲ့ အခန်းထဲ ဝင်တော့ စားပွဲတစ်လုံးရဲ့ နောက်မှာ ခံ့ခံ့ညားညားဝတ်ဆင်ထားတဲ့ လူတစ်ယောက် ...။

ဥပဓိရုပ်ခံ့ညားပြီး မျက်ဝန်းတစ်ခုက အကဲခတ်ခွင့် မရအောင် တည်ငြိမ်နေတဲ့ မျက်ဝန်းပိုင်ရှင် ပြောစကားအရ ဦးစောဂျိုးဇက်လို့ ကျွန်တော် ခန့်မှန်းမိပါသည်။

"ထိုင် မောင်သခံ ..."

အသံက ခပ်လေးလေးနဲ့ ဆွဲဆောင် သိမ်းသွင်းအားကောင်းသည်။

"တို့နှစ်ယောက် ဘာမှ စကားအပိုတွေ ပြောနေစရာ လိုမယ် မထင်ဘူးထင်တယ်။ ရေဗက္ကာကို ဗဟိုပြုပြီး ကိစ္စကို အပြတ်ရှင်း ဆွေးနွေးရအောင်"

"ဟုတ်ကဲ့"

ခုံပေါ်မှာ သက်သောင့်သက်သာထိုင်နေပြီး စမတ်ကျကျ ထိုင်နေတဲ့ ဦးဇောဂျိုးဇက်က ...

"မင်း ဘာလုပ်မယ် စိတ်ကူးထားလဲ"

မေးခွန်းက ယတိပြတ်ဆန်သည် ဒီအချိန်မှာ အမှန်အတိုင်း ပြောနေရာပဲ လိုတော့တာပေါ့။

"ဦးလေး သဘောမတူရင် ...."

"ဇော ..."

ဦးမိုးဇက်က လက်ကာတားသည်။

"သဘောမတူတာ မဟုတ်ဘူး မောင်သခ်၊ သဘောတူလို့ ဖြစ်တာ"

"ခင်ဗျာ ..."

ကျွန်တော် နားမလည်နိုင်အောင်ကို ဖြစ်မိသည်။ ဦးမိုးဇက်က ကျွန်တော် နားမလည်ဟန်ကိုကြည့်ပြီး ပြုံးသည်။

"အန်ကယ် သဘောတူလို့ မဖြစ်တဲ့ ကိစ္စက အချက်က ဘာသာရေး က ပထမတစ်ချက်ပေါ့ မောင်သခ် ..."

"ဒါဟာ ကြီးမားတဲ့ အမှားတစ်ခုလို့ ဦးလေး ယူဆထားလို့လား"

"သိပ်သေချာတာပေါ့ကွာ ...ဒီဇာတ်လမ်းရဲ့ အဆုံးသတ်မှာ ဘာတွေဖြစ်မလဲ မောင်ရင် သိရဲ့သားနဲ့ ဘာလို့ မမြင်ချင်ဟန်ဆောင်

နေရတာလဲ ..."

"ဦးလေး အယူအဆက ဒီဘက်ခေတ်မှာ ခေတ်ဟောင်းသိပ်ဆန်နေပြီလေ ..."

"ဒါက မင်းအမြင်ကို မောင်သစ်ရဲ့၊ ကဲ ယူလိုက်ပြီပဲထားလိုက်ပါတော့ ... မင်းတို့ရဲ့ ဂျန်နရေးရှင်းကို မင်းတို့ ထည့်မတွက်တော့ဘူးလား ...ဘုရားသွား ကျောင်းတက်ကိစ္စတွေ အဲဒါတွေ အားလုံးဟာ နှစ်ယောက်လုံး စိတ်ဆင်းရဲရမယ့် ကိစ္စတွေ မဟုတ်ဖူးလား မောင်သစ်၊ အန်ကယ် အခု ပြောနေတာ မင်းတို့ အတွက်နော် ..."

ကျွန်တော် လက်မခံနိုင်အောင် ဖြစ်မိသည်။

"မဟုတ်သေးဘူး ဦးလေး၊ မြန်မာပြည်မှာ ကမ္ဘာမှာ ဘာသာမတူသူတွေ ယူထားတာ အများကြီးပါ၊ နားလည်မှုရှိခဲ့ရင် ရန်သူတောင် မိတ်ဆွေဖြစ်သေးတာပဲ ..."

ဦးမိုးဇက် ခေါင်းတခါခါဖြစ်ကာ စိတ်ပျက်နေဟန်ရှိသည်။

"အန်ကယ် ...ထပ်ပြီး မရှင်းချင်တော့ဘူး မောင်သစ်၊ တစ်ခုပဲ ပြောချင်တယ်၊ အဲဒါ မင်းတို့နှစ်ယောက်ကို ဘယ်လိုမှ သဘောမတူဖူးဆိုတာပဲ ..."

ဦးမိုးဇက်နဲ့ ကျွန်တော် အကြည့်ချင်း ပြိုင်မိသည်။

"ကျွန်တော်ကတော့ ရအောင်ယူဖို့ ဆုံးဖြတ်ထားပြီးပြီ ဦးလေး"

"အန်ကယ်ကလည်း ရအောင်ဖြတ်ဖို့ စီစဉ်ထားပါတယ်"

"ကျေးဇူးတင်ပါတယ် ဦးလေး ကျွန်တော့်ကို သွားခွင့်ပြုပါဦး ..."

ဦးမိုးဇက်က လက်ကမ်းပေးသည် ကျွန်တော်က လက်ဆွဲနှုတ်ဆက်သည်။

အစီအစဉ်ပြောအပြီး တားမြစ်သူနဲ့ ရှေ့ဆက် သူတို့၏ အထိမ်းအမှတ် ....

မပြောဆိုထားတဲ့ ...
အဆင်မပြေမှုတွေက
အစဉ်တစိုက် အက်ကွဲပြေးဝင်လာတယ်။
ငယ်ရာက ကြီးလာတဲ့ ...
မရဲတရဲ အချစ်တွေ
မျက်ရည်သစ်တွေနဲ့ အေးစက်
မေ့ရက်မယ်လို့ ထင်သလား ...။

"အခုအခြေအနေက ဘယ်လိုလဲ ဗဏ္ဏာ"

ကျွန်တော်တို့ ချိန်းဆိုထားတဲ့ လက်ဖက်ရည်ဆိုင်လေးထဲကို သတ်မှတ်ထားတဲ့ အချိန်ထက် နောက်ကျပြီးမှ ဗဏ္ဏာ ရောက်လာပါသည် ..."

ထိုင်ထိုင်ချင်း ကျွန်တော်မေးလိုက်တဲ့ အမေးကြောင့် ...

"အခု သခ်ိနဲ့ တွေ့ဖို့ ဒက်ဒီနဲ့ အပြင်းအထန် ဆွေးနွေးပြီးမှ ထွက်လာခဲ့ရတာ ဒါတောင် ဟိုမှာတွေ့လား ကား..."

အဖြူလေးဘေးမှာ လူနှစ်ယောက် ...။

ကျွန်တော် ဗဏ္ဏာ ညွှန်ပြတဲ့ နေရာကို ကြည့်မိသည်။ ကျွန်တော်တို့ ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ရဲ့ ခပ်လှမ်းလှမ်းမှာ ရပ်ထားတဲ့ ကားနဲ့ လူနှစ်ယောက်ကို သတိထားမိသည်။

"ဒါဆို ဗဏ္ဏာကို မျက်ခြေမပြတ် စောင့်ကြည့်နေပြီပေါ့"

ဗဏ္ဏာက မျက်နှာမကောင်းစွာနဲ့ ခေါင်းညိတ်ပြပါသည်။ ကျွန်တော် ဗဏ္ဏာ့ရဲ့ လက်လေးနှစ်ဘက်ပေါ် အုပ်မိုးဆုပ်ကိုင်ရင်း ...

"ဒီနေ့ ဒီအချိန်ကစပြီး ဗဏ္ဏာ ဘယ်သွားသွား ဗဏ္ဏာ့နောက်မှာ ကိုယ်ရှိနေတယ်ဆိုတာ ဗဏ္ဏာ အမြဲသတိရပါ။ ကိုယ်ပြင်ဆင်ပြီးရင် ဗဏ္ဏာကို ခိုးမယ်"

"တကယ်နော် သခ်"

ကျွန်တော် အပြုံးနဲ့ ခေါင်းညိတ်ပြမိသည်။

"သိပ်နောက်ကျရင် ဗဏ္ဏာကို ဟိုကိုပြန်ပို့ဖို့ ဒက်ဒီ အမြန့်စီစဉ်နေပြီ"

"စိတ်ချပါ ဗဏ္ဏာရယ် ..."

"ဟော့ .. အဆင်ပြေကြလား"

ဓောင်းနဲ့ နောင်နောင်က ခုံတစ်လုံးစီဆွဲယူဝင် ထိုင်ရင်းမေးသည်။ ကျွန်တော်က လက်ရှိဖြစ်ပျက်နေတဲ့ကိစ္စမှန်သမျှကို ပြောပြသည်။

"ဟ ...ပွဲက ဝိစိမှတ်နေပြီပဲ"

"ဟုတ်တယ်၊ ရေကုန်ရေခန်းကန့်ကြဖို့ပဲ ရှိကြတာပေါ့"

"ဘယ်လိုလဲ သခ် ..."

"ငါ့မှာ အစီအစဉ်ရှိပါတယ်"

"မင်းတို့ အဲဒီလူနှစ်ယောက်ကို သေချာမှတ်မိအောင် ကြည့်

ား ...”

ခေါင်းက ရုတ်တရက် ထထွက်သွားပါသည်။ ကျွန်တော်တို့
ိုင်နေတဲ့ နေရာက အဲကွယ်မို့ ထိုလူတွေ ကျွန်တော်တို့ကို မမြင်ရ
ကျွန်တော်တို့ကသာ သူတို့ကို မြင်နေရပါသည်။ ခေါင်းက ထိုလူ
ို့နားကိုသွားပြီး မယောင်မလည် ရပ်နေပါသည်။ နောက်ပြီးတော့
ကရက် ဘူးကိုဆွဲထုတ်ကာ မီးခြစ်ရှာသလိုလိုနဲ့ အိတ်ကပ်ထဲစမ်းပြီး
တွေ့ဟန်နဲ့ ထိုလူနှစ်ယောက်ဆီက ဓာတ်မီးညှိကာ စကားရော
ာရော လုပ်နေပါသည်။

“ဒါဆို ဗဏ္ဏာ ပြန်တော့မယ် သခင် ...”

ဗဏ္ဏာက နှုတ်ဆက်ပြီး ထွက်သွားပါသည်။ ကားနားရောက်
ာဲ့ ဗဏ္ဏာနဲ့ ခေါင်းက တစ်ယောက်ကို တစ်ယောက် မသိဟန်
ဆောင်နေကြပါသည်။ ဗဏ္ဏာတို့ ကားထွက်သွားပြီးမှ ခေါင်းပြန်
ရောက်လာပါသည်။ ခေါင်းက ထိုင်ထိုင်ချင်း ....

“တစ်ချိန်မှာ အဲဒီ မဟုတ်တဲ့ ရင်းနှီးမှုလေးက အသုံးချလို့ရရင်
အောင်လို့ လုပ်ထားတာ သခင် ...”

ခေါင်းစကားကြောင့် သခင် သဘောကျစွာ လက်ဖဝါးချင်းကိုင်
က်ကြပါသည်။



ရွှေအမင်္ဂလာပေ

ကျွန်တော် ဘွားဘွားအခန်းတံခါးဖွင့်ပြီး ဝင်တော့ ဘွားဘွားက အိပ်ရာပေါ် လှဲနေရာမှ ...

"ဩော် ... မြေးလား ..."

"ဘွားဘွားကြီး အိပ်နေတာလား"

ဘွားဘွားက လှဲနေရာမှ ထထိုင်ရင်း ပြေလျော့နေတဲ့ဆံပင်တွေကို ပြန်စုစည်းထုံးဖွဲ့ရင်း ...

"မအိပ်ပါဘူး မြေးရယ်၊ လာ ဘာပူဆာမလို့လဲ၊ တစ်ခုခုလိုချင်နေပြီနဲ့ တူတယ်"

ကျွန်တော့် ဘွားဘွားကြီးခါးကို ဖက်ပြီး ...

"ပူဆာမလို့ မဟုတ်ပါဘူး ဘွားဘွားကြီးကလည်း၊ သားပြောစရာရှိလို့ပါ ..."

"ရေဗက္ကာ အကြောင်းလား ငါ့မြေး ..."

ကျွန်တော် ဘွားဘွားကြီး သိနေတာကြောင့် အံ့သြမိရပါ သည်။ ကျွန်တော့်ရဲ့ အံ့အားသင့်မှုကို ဘွားဘွားကြီးက အပြုံးနဲ့ တုံ့ပြန်ပါသည်။

"သိပ်သိတာပေါ့ မြေးရယ် ...ငါ့မြေးရင်ထဲမှာ ဘာတွေ ဖြစ်နေတယ် ဘာတွေဖြစ်ခဲ့လဲ ဘွားဘွားကြီးက မြေးမျက်နှာကို ကြည့်လိုက်တာနဲ့ကို သိတာ ..."

"သား ..."

ကျွန်တော် ပြောဖို့ တွန့်ဆုတ်နေမိပါသည်။ နောက်တော့ အားယူပြီး ပြောမိခဲ့သည်။

"သား ..ဗက္ကာကို ခိုးမှဖြစ်တော့မယ် ..."

ဘွားဘွားက ကျွန်တော့်ကို ကြည့်နေသည်။

ပြီးတော့ ...

"သူမိဘတွေနဲ့ ဘွားဘွား ဆွေးနွေးကြည့်ပေးမယ်လေ"

"ဟင့်အင်း မဖြစ်နိုင်ဘူး ဘွားဘွား၊ သားတွေ့ပြီးပြီ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး နောက်ပြီး သိပ်နောက်ကျသွားရင် ဆုံးရှုံးမှုက အတိုင်းအဆမျှားသွားလိမ့်မယ် ဘွားဘွား ..."

"သား ဆုံးဖြတ်ပြီးပြီပေါ့ ..."

"ဟုတ်ကဲ့"

ဘွားဘွားကြီးက ကျွန်တော့်ခေါင်းကို ပွတ်ရင်း ...

"အင်းလေ သားဆုံးဖြတ်ပြီးပြီဆိုရင်လည်း ဘွားဘွားတား

ည်း အပိုပါပဲ ခဏလေး ...ငါမြေး ..."

ဘွားဘွားက ထရပ်ပြီး မီးခံသေတ္တာကို ဖွင့်ပြီး၊ မီးခံသေတ္တာထဲ

 ငွေတစ်ထပ်နဲ့ အနက်ရောင်ဘူးတစ်ဘူးကို ထုတ်သည်။

"ရော့ ဒါတွေ ငါ့မြေးလိုအပ်မှာပါ"

ပိုက်ဆံထုပ်ကို ကျွန်တော့်ရှေ့ချပေးသည်။

ပြီးတော့ ဘွားဘွားကြီးက အနက်ရောင်ဘူးလေးကို ကမ်းပေး

သည်။

ကျွန်တော်က ဘွားဘွားကြီးကို ကြည့်တော့ ...

"ဖွင့်ကြည့်လေ မြေး ..."

ကျွန်တော် အနက်ရောင်ဘူးလေးကို ဖွင့်ကြည့်တော့ ...

"ဒီ ခေါင်းဘယက်လေးက မင်းဘိုးဘိုး ဘွားကို မင်္ဂလာ ချစ်

သက်လက်ဆောင်ပေးခဲ့တာ မြေးရဲ့ ဘွားဘွားတို့ ခေတ်မှာ မင်္ဂလာ

လက်စွပ် ဆင်မြန်းတာတော့ မရှိဘူးပေါ့ ..."

ဘွားဘွားက အဝေးကို ငေးမောရင်း ပြောသည်။

အသက်ကြီးလို့ အရောင်ဖျော့နေတဲ့ မျက်ဝန်းတွေဟာ အခု

ဘိုးဘိုးကြီး အကြောင်းပြောတော့ မျက်ဝန်းက တလက်လက် ....။

"ဒီ ခေါင်းဘယက်က ဘွားဘွားရဲ့ အမြတ်နိုးဆုံးပစ္စည်းပဲ မြေး၊

မြေးလည်း မြေးချစ်တဲ့ မိန်းကလေးကို အမြတ်တနိုး ဆင်မြန်းပေးစေချင်တယ် ...”

ကျွန်တော် ဘွားဘွားကြီး ပေါင်ပေါ်မှာ ခေါင်းအုံးရင်း ....။

“ကျေးဇူးတင်ပါတယ် ဘွားဘွား ...”

"အန်ကယ်ကို အဘွားတစ်ယောက်က တွေ့ချင်လို့တဲ့"

သူ့ရဲ့ အတွင်းရေးမှူးမလေး စန္ဒီရဲ့ စကားကြောင့် ကွန်ပျူတာ
န့်သားပေါ် အာရုံရောက်နေရာမှ စန္ဒီကို မော့ကြည့်ရင်း ...

"ဘယ်သူလဲ သမီး ..."

"ဒေါ်မြစိန်လို့ ပြောပါတယ်"

သူ စဉ်းစားကြည့်မိသည်။ သူ့အသိထဲမှာ "ဒေါ်မြစိန်" ဆိုတဲ့
မျိုးသမီးကြီး တစ်ယောက်တလေမှ မရှိပါ။ နာရီကိုကြည့်တော့
ချိန်ရသေးတာကြောင့် ...

"ခေါ်ခဲ့လိုက် စန္ဒီ၊ အန်ကယ်တို့ ဆိုပ်ကမ်းကိုသွားဖို့ အချိန်
ာယ် လောက်ရလဲ ..."

စန္ဒီက ရိုရိုသေသေ ခေါင်းညိတ်ပြရင်း ...

"တစ်နာရီလောက်ရပါတယ် အန်ကယ်"

ဦးစောကျိုးဇက် ခေါင်းညိတ်ပြတော့ စန္ဒီ အခန်းတံခါးဖွင့်ကာ

ပြန်ထွက်သွားပါသည်။ သိပ်မကြာခင်မှာ ခေါင်းပေါ်က ဆံပင်တွေ အားလုံး အဖြူရောင်ဆိုးထားသလို သွားအမေအရွယ် အမျိုးသမီးကြီး တစ်ယောက် ရောက်လာတာကြောင့် သူလေးစားဂါရဝပြုတဲ့အနေနဲ့ မတ် တတ်ရပ်ကာ ...

"ဒီဘက်ကို ကြွပါ အမေ ..."

အမျိုးသမီးကြီးက တုန်တုန်ချိချိ အမျိုးအစားထဲက မဟုတ်ပါ။ သွားနိုင်လာနိုင်သေးသည်။ သို့ပေမယ့် ဇရာရဲ့ အရိုးအငွေ့က မျက်နှာပေါ်မှာ အထင်အရှား ထိုအမျိုးသမီးကြီးကို အကဲခတ်ရုံနဲ့ ပိုက်ဆံ ဘယ်လောက်ချမ်းသာလဲဆိုတာ သူ အလွယ်တကူ အကဲ ခတ်မိပါသည်။

အမျိုးသမီးကြီး ပန်ထားတဲ့ မြူးတူးပြတဲ စိန်နားကပ်ရဲ့ တန်ဖိုး က လက်ရှိဈေးနဲ့ဆိုရင် ဒေါ်လာဘယ်လောက်တန်လဲဆိုတာ သူသိ သည်။ ပါးရေတွန့် အသားလိပ်နေတဲ့ လည်တိုင်ပေါ်က အုန်းဆံကြိုး လို့ ခေါ်တဲ့ ရွှေဆွဲကြိုးထက် စိန်တွေနဲ့စီထားတဲ့လော့ကက်သီးက ယခု ခေတ်လက်ရာမဟုတ်မှန်း၊ တန်ဖိုးဘယ်လောက်ကြီးမှန်း သိသည်။ ထပ်ပြီးညွှန်းဆိုရရင် ရှေ့လူကြီးတွေ ဝတ်ဆင်တတ်တဲ့ အခုမြင်ရတဲ့ ရင်ဖုံးအင်္ကျီရဲ့ ကြယ်သီးနေရာတွေမှာ စိန်နဲ့ရွှေ ရောစပ်ပြုလုပ်ထားတဲ့ စိန်ကြယ်သီးတွေက အပြည့်ပါ။

"အမေ .. .ကျွန်တော်နဲ့တွေ့ချင်ရတဲ့ အကြောင်းရင်းက ..."

"အမေ နာမည်က ဒေါ်မြစိန် ပါ သား"

"ဟုတ်ကဲ့"

အမျိုးသမီးကြီးက စကားစဖို့ အားယူနေမှန်းသိပါသည်။

"လွတ်လွတ်လပ်လပ်ပြောပါ အမေ"

"အမေက သခင်မင်းညိုရဲ့ အဘွားဆိုရင် ငါ့သား သဘောပေါက်မှာပါ"

"ဩော် ..."

ဒီစကားတစ်ခွန်းနဲ့တင် ဦးစောရိုးဇက် သဘောပေါက်နားလည်လိုက်ပါပြီ။

"အခု သားဆီ အမေ လာရတဲ့အကြောင်းရင်းက ကလေးတွေရဲ့ကိစ္စကို သား သဘောတူကြည်ဖြူပေးပါလို့ အမေ တောင်းဆိုချင်တာပါ"

သူ့အမေအရွယ်အမျိုးသမီးကြီးရဲ့ စကားကြောင့် ဦးစောရိုးဇက် အခက်တွေ့နေရပါပြီ။

"ကျွန်တော် အမေ့ကိုတော့ အားနာပါတယ် အမေ၊ ဒီကိစ္စက မဖြစ်နိုင်လို့ပါ ဆိုတဲ့ စကားနဲ့ပဲ ငြင်းရမှာပဲ ...အမေ ..."

"အမေ့မြေးက မြေးမလေး ရေဗက္ကာကို သိပ်ချစ်တာ အမေ သိပါတယ် သားရယ် ..."

"အမေ ..."

ကျွန်တော့်နှုတ်က နူးနူးညံ့ညံ့ခေါ် လိုက်တဲ့ အသံကြောင့် အမျိုးသမီးကြီးက စကားသံတိတ်သွားပါသည်။

"အခုလို လက်ခံစကားပြောတာ ကျွန်တော် အမေအရွယ်မို့လို့ တလေးတစားနဲ့ လက်ခံစကားပြောတာပါ ...အမေ ..သခ် မင်းညိုနဲ့ ကျွန်တော့်သမီးကို သဘောမတူရတဲ့ အကြောင်းရင်းမှာ ဘာသာရေးဆိုတာ မှန်တော့မှန်ပါတယ် ဒါပေမယ့် သခ်မင်းညိုလို အဖက်ဖက်ကပျက်စီးနေတဲ့ ကောင်လေးတစ်ယောက်ကို ဘယ်သမီးရှင်က လက်ခံသဘောတူမှာလဲ အမေ၊ အမေ ကျွန်တော့်နေရာက မျှဝေခံစားကြည့်ပေးပါ အမေ၊ ကျွန်တော် ဆုံးဖြတ်ချက်ချပြီးရင် မပြင်တတ်တဲ့လူစားထဲမှာ ရှေ့ဆုံးကပါတယ် အမေ ..."

အမျိုးသမီးကြီး ငိုင်တွေသွားပါသည်။ သူ့ဘဝမှာ စည်းစိမ်ချမ်းသာကြွယ်ဝမှု ဩဇာအာဏာအတိရှိမှုတွေဟာ အခုတော့ သခ်မင်းညိုဆို တဲ့ သူ့မြေးအတွက် သူ မကယ်တင်နိုင်တော့ ...။

အမျိုးသမီးကြီး ထွက်သွားတော့ ဦးစောဂျိုးဇက် သက်ပြင်းချမိပါသည်။ သူ့စိတ်က ခုနလို ကြည်ကြည်လင်လင် မရှိတာတော့ အမှန်ပါ။ ခုနတွေ့လိုက်ရတဲ့ မြေးကိုချစ်တတ်တဲ့ အမေအတွက်လည်း သူ စိတ်မကောင်းဖြစ်မိတာတော့ ဝန်ခံမိပါသည်။

"တောက် မင်း မိုက်ရိုင်းလှချည်လား"

"မဟုတ်ပါဘူးဗျာ ... မတော်တဆ ..."

"ဘာ ..."

လူကောင်ထွားထွားကြီးက မည်းနက်နေတဲ့ မျက်နှာနက်ကြီးနဲ့ အဆမတန် ဒေါသထွက်ပြရင်း ကြုံးအော်ကာ ကြည်သာ့ရင်ဘတ်က အင်္ကျီစကို ဆွဲကိုင်ကာ ကားဘော်ဒီနံရံနဲ့ ကပ်ပြီး မျက်နှာချင်းနီးကပ်အောင် ပြုပြီး ဒေါသတွေ ဖောဖောလောလော ထုတ်ပြပါသည်။

ဒီအခွင့်အရေးကို ချောင်းနေတဲ့ ကိုတော်ချော မောင်ကြည်သာလေးက လျင်လိုက်တာမှ ဂျက်လေယာဉ်ထက် မြန်ပါသည်။

ကားတံခါးကို နောက်ပြန်မှီထောက်ကာ လက်ကြားက စာရွက်ကို ရေဗက္ကာ မြင်သာအောင် ပြသည်။ ရေဗက္ကာက မသိမသာ လှမ်းယူသည်။

"ဒေါသကိုထိန်းပါ အစ်ကိုကြီးရာ၊ ကျွန်တော် အစ်ကိုကြီးလာမှန်းမသိပါဘူး။ ကွမ်းတံတွေးကို အမှတ်တမဲ့ ထွေးမိတာပါ အစ်ကို၊ မကျေနပ်ရင် ကျွန်တော့်ကို ပြန်ထွေး ရော့ ကွမ်း ...."

"ပေး ... ညီလေး ..."

လူကောင်ထွားထွားကြီးရဲ့ အပေါင်းပါက ကွမ်းသမားမို့ ဟန်မဆောင်ဘဲ လှမ်းယူရင်း ...

"ကလေးက တောင်းပန်နေပြီပဲ အောင်ကြီးရာ.. လာပါ သူငယ်ချင်းရာ .. တို့ ဆရာကြီး ခိုင်းထားတဲ့ကိစ္စက မျက်ချည်ပြတ်ခံလို့ မရဘူးလေ"

"မင်း ကံကောင်းသွားတယ်မှတ် ချာတိတ် ... နို့မို့ဆိုရင် ..."

လူကောင်ထွားထွားကြီးက လက်သီးနှစ်ဖက်ဆုပ်ပြရင်း တစ်ခုခုကို ချိုးမြတဲ့ဟန်ပြသည်။

ကြည်သာ အမှန်တကယ်ပဲ ကျောတွန့်သွားပါသည်။ ဒီအချိန်ဆို ရေဗက္ကာလည်း စာဖတ်ပြီးလောက်ပြီမို့ ...

"သွားတော့မယ်နော် အစ်ကိုကြီး ကျေးဇူး ..."

"ဘာ့ ကျေးဇူးလဲ ငါလုပ်လိုက်ရရင် ..."

"အဟီး ..."

"ဘာ ...ငါ့ကို လှောင်တာလား ..."

"မဟုတ်ပါဘူး မျက်နှာချိုသွေးတာပါ"

"ဒီကောင် မျက်နှာကို ကတ္တရာလမ်းနဲ့ ပွတ်ပြီး မျက်နှာသွေး
ှင်လာပြီ အောင်ကြီး ..."

လူထွားကြီးဘေးက အဖော်ပါးစပ်ထဲကို ကြည်သာ အမြန်
ကွမ်းတစ်ယာထည့်ပေးလိုက်ပါသည်။ ဘေးက အဖော်က ကွမ်း
လုတ်ပလောင်းစားရင်း ...

"ဝုတ်ပါတယ် အောင်ဝိုးရာ ကရေးက ...."

အဓိပ္ပာယ် မှန်းရခက်တဲ့ သံစဉ်တွေနဲ့ ဘေးက အဖော်က
အကောင်ထွားထွားကြီးကို ပြောနေစဉ်မှာ ကြည်သာ တစ်ချိုးတည်း
လစ်ပြေးပါတော့သည်။

လမ်းထောင့်ချိုးအကွယ်မှာ ရပ်စောင့်နေတဲ့ သခ်ံတို့အုပ်စုဆီ
ရောက်တော့ ...

"အဆင်ပြေလား ...ကြည်သာ ..."

"ဝိုး ...ခေါင်းနဲ့ကိုယ် တွဲလျက်မြင်တာ ကျေးဇူးတင် သခ်ံ ..."

"တူနယ်ချင်းကလည်းကွာ ..."

သခ်ံက အကျီကို ဆွဲဆန့်ပေးရင်း တိုက်အကွယ်က ချောင်း
ကြည့်တော့ ဗဏ္ဍာက သူရေးပေးထားတဲ့ စာရွက်ထဲကအတိုင်း ကား
ပေါ်ကဆင်းကာ နာမည်ကြီး အအေးဆိုင်တစ်ဆိုင်ထဲ ဝင်သွားပါ
သည်။

"ကဲ ပြည့်ပြည့် နင့်အလှည့် ...."

ပြည့်ပြည့်က လက်မထောင်ပြကာ ဗက္ကာတို့ ဝင်သွားတဲ့ ဆိုင်ဘက်ကို လျှောက်သွားပါသည်။ ပြည့်ပြည့်ဝင်သွားပြီး သိပ်မကြာခင်လောက်အချိန်ရောက်တော့ ကျွန်တော် ခေါင်းကိုကြည့်လိုက်တော့ ခေါင်းက ပါးရည်နားရည်နပ်စွာ ခေါင်းညိတ်ပြရင်း ...

"လစ်ပြီ ...သခ် ..."

ခေါင်းထွက်သွားရာကို ကြည့်ပြီး သခ်က နောင်နောင်နှင့် နာဋ္ဌာဂီရိကို သိုင်းဖက်ရင်း ....

"ကဲ ငါတို့ လက်ဖက်ရည်ဆိုင်က စောင့်မယ် ..."

သုံးယောက်သား သတ်မှတ်ချိန်းဆိုထားတဲ့ လက်ဖက်ရည်ဆိုင်ဘက်ကို လျှောက်လာခဲ့ပါသည်။

ဟိုတစ်ဖက်မှာတော့ ....

ပြည့်ပြည့် ဆိုင်ထဲဝင်လာတော့ ဗက္ကာက ရုတ်တရက် အံ့သြသွားဟန်နဲ့ ...

"ဟယ် ပြည့်ပြည့် နင် ဘယ်လာတာလဲ ..."

ဗက္ကာ စကားကြောင့် ပြည့်ပြည့်ကလည်း ချော်လဲရောထိုင်ဆိုတဲ့ စကားအတိုင်း ချော်မလဲပဲ ဗက္ကာတို့ ဝိုင်းမှာ ဝင်ထိုင်ရင်း ...

"ငါလည်း ဒီအနီးအနားက ဆိုင်တစ်ဆိုင်ကိုလာတာဟ ....ငါအသိက မရောက်သေးဘူးဆိုလို့ အအေးဝင်သောက်ရင်း အချိန်ဖြုန်းမလို့ဟ ...."

ပြည့်ပြည့်နဲ့ ဗက္ကာက လူထွားကြီး နှစ်ယောက်ကို ရှိလေသည်ထင်ဟန်နှင့် အကြောင်းမရှိ အကြောင်းရှာကာ စကားတွေ ဖောင်ဖွဲ့နေပါသည်။ လူကြီးကြီးနှစ်ယောက်ကလည်း ပြည့်ပြည့်ကို မျက်

ခြေမပြုတ် အကဲခတ်နေပါသည်။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ ကျွန်တော်တို့ ဇာတ်လိုက်ကျော်ကြီး မောင်ဇော်ဖောင်း ရောက်လာပြီး...

"ဟာ... အစ်ကိုကြီးတို့ ဘယ်လာတာလဲ"

လူထွားကြီးနှစ်ယောက်က ကြောင်ကြည့်နေပါသည်။ နောက်မှ လူထွားကြီးက သတိရကာ ...

"ဟာ ညီလေး ဟိုတစ်လောကတွေ့တဲ့ ကောင်လေး၊ ဘယ်လာတာလဲ"

"အဲအေးလာသောက်တာ၊ ကျွန်တော် အစ်ကိုကြီးတို့ကို ကြုံတုန်း မြုစုချင်တာ .. ဒီက ..."

ဗဏ္ဏာနဲ့ ပြည့်ပြည့်ကို လက်ညှိုးထိုးကာ အားနာဟန်လုပ်ပြ ေကာ့ ဗဏ္ဏာက ...

"ဩော် ထိုင်ပါ ရပါတယ်၊ ဦးလေးတို့လည်း ပျင်းနေမှာပေါ့။ လွတ် သွတ်လပ်လပ် စကားပြော ..."

လူထွားကြီး နှစ်ယောက်ကလည်း စားခန်းသောက်ခန်းဆိုလို့ ကျေးဇူးတင်နေပါသည်။

"အစ် ကိုကြီး ခဏနော် ... ကျွန်တော် စားစရာတွေ သွားမှာ လိုက်ဦးမယ်၊ ဒီက အစ်မက ဘာမှမစားဘူးလား"

"ပြည့်ပြည့် ဖောင်း စကားကြောင့် ..."

"ရတယ် ကျွန်မအတွက် ဘာမှ မလုပ်နဲ့၊ ကျွန်မဘာသာ လိုက်

ကြည့်ပြီး မှာမယ်၊ နင်ရော ဗဏ္ဏာ ..."

"ငါ သောက်တာပဲ ကုန်တော့မယ် ပြည့်ပြည့်ရယ် ...."

ဓောင်း ထွက်သွားပြီး သိပ်မကြာခင် ပြည့်ပြည့်ကလည်း လိုက်သွားသည်။ တော်သေးတာပေါ့ .. ကောင်တာက လူထွားကြီးရဲ့နောက်မှာမို့ ကိစ္စမရှိ၊ ဗဏ္ဏာက လူထွားကြီးနှစ်ယောက်ကို ကျော်ကြည့်ပြီး အခြေအနေကို အကဲခတ်သည်။

ဓောင်း အအေးနဲ့ မုန့်ထည့်ထားတဲ့ ဗန်းကို ယူပြီး ပြန်အလာပြည့်ပြည့်ရဲ့လက်က ဖန်ခွက်နှစ်ခုရဲ့ နားမှာ ဖျတ်ခနဲ ...။

ဓောင်းက ဗန်းကို စားပွဲပေါ် တင်ပြီး အအေးခွက်နှစ်ခွက်ကို လူထွားကြီး နှစ်ယောက်ရှေ့မှာ တရိုတသေချပေးသည်။

"သောက် အစ်ကိုကြီး .. မုန့်လည်းစား၊ ဒီဂျူစ့်က ပိုက်နဲ့ မွှေသောက်လေ ကောင်းလေပဲ ... နှာနှာမွှေ ..."

ဟိုနှစ်ယောက်ကလည်း တကယ်မှတ်ပြီး မွှေနေပါသည်။ ဓောင်း စိတ်ထဲမှာ ခုန ပြည့်ပြည့်ထည့်ထားတဲ့ ဆေးမှုန့်တွေ အနည်ထိုင်လောက်တော့ဘူးလို့ ထင်လိုက်ပါသည်။

"ထိုနေ့ကတည်းက ကျွန်တော် တစ်ခုခုကျွေးချင်တာ အစ်ကိုကြီး၊ ဒီဘက်က အစ်ကိုကြီးက လွန်ခဲ့တဲ့ သုံးနှစ်က သေသွားတဲ့ ကျွန်တော့်ဦးလေးနဲ့ တထေရာတည်းပဲ"

လူထွားကြီးက အအေးသီးမတတ်ဖြစ်သွားပါသည်။

"ဟာ ကန်တော့၊ ကျွန်ုပ်ဝက် အဲဒါကြောင့် ဒီက အစ်ကိုကြီးကို မြင်မြင်ချင်း ခင်သွားရတဲ့ အကြောင်းပြောတာပါ"

ဗက္ကာ က ဖောင်းရဲ့ မှင်သေပုံ ကိုကြည့်ပြီး ကျိတ်ရယ်ချင်မိပါသည်။ ခဏနေတော့ ဖောင်းက နှုတ်ဆက်ပြီး ထွက်သွားပါသည်။ ဗက္ကာကလည်း ပြည့်ပြည့်နဲ့ စကားတွေ ပြောနေမိပါသည်။

သိပ်မကြာလိုက်ပါဘူး .. ပြည့်ပြည့်နဲ့ ဗက္ကာ လူထွားကြီး နှစ်ယောက်ကို ကြည့်တော့ အအေးခန်းထဲမှာ ကိုယ်တော်ကြီးနှစ်ယောက်က တခူးခူး တခေါ်ခေါ်နဲ့ ဟောက်သံပေးကာ ဇိမ်ကျအိပ်စက်နေပါသည်။

နှစ်ယောက်သား ပြုံးပြီး ဆိုင်ထဲက အေးအေးဆေးဆေးလေး ထွက်လာခဲ့ပါတော့သည်။

သို့

ဘုရားသခင်

သစ္စာတရား ရင်မှာထား၍

စိတ်ရဲ့စေရာ အလွမ်းအားနှင့်

ချစ်သူ နီးခွင့် ရစေသတည်း ....။

(ပေ ...၏ ညစဉ်ရက်ဆက်မှ ...)



"ဒီက အမြန်ထွက်မှ ဖြစ်တော့မယ် ဗဏ္ဏာ ..."

ဗဏ္ဏာနှင့် ကျွန်တော် ချိန်းဆိုထားရာ လက်ဖက်ရည်ဆိုင်မှာ တူထိုင်နေစဉ် ဖုန်းဝင်လာတာကြောင့် ဖုန်းဆက်အပြီးမှာ ကျွန်တော် ခုလို ပြောလိုက်ပါသည်....။

"ဘာဖြစ်လို့လဲ သခ် ..."

ဗဏ္ဏာက မျက်လုံးလေးဝိုင်းသွားရင်းမေးသည်။

"ဗဏ္ဏာတို့ အိမ်က ခြံစောင့်ဦးကျော် ဗဏ္ဏာ ကိုယ့်ဖုန်းနံပါတ် ေးထားတယ် မှတ်လား ..."

"အင်းလေ သခ်ပဲ စည်းရုံးထားဆို ..."

"ဟုတ်တယ် အခု သူဖုန်းဆက်တယ် ဗဏ္ဏာ ဒယ်ဒီ ဗဏ္ဏာ ကိုယ့်ဆီရောက်နေတာသိလို့ လူဖြန့်ပြီး လိုက်ရှာနေပြီတဲ့ ..."

"ဘယ်ကိုသွားမလဲ သခ်"

ကြည်သာမေးလာတဲ့ စကားကြောင့် သခ်က....။

"ငါ ရန်ကုန်နယ်နိမိတ်ကနေ ဗဏ္ဏာကို ခေါ်ပြီး လစ်မယ် ... ငါ့ကားကို ကြည်သာနဲ့ ပြည့်ပြည့်က စီးပြီး ရန်ကုန်မြို့ အနှံ့ မောင်းပြီး အာရုံပြောင်းထား ဖောင်းနဲ့ နောင်နောင်က နောင်နောင့်အိမ်ကနေ ငါ့ဖုန်းကိုစောင့် အရေးကြီးရင် လှမ်းခေါ် လိုက်မယ် ...ငါ ...ကြည်သာ့ ကားကို ယူသွားမယ် ..."

"အိုကေ ..."

အားလုံး ပိုက်ဆံရှင်းကာ ဆိုင်ထဲကနေ ထွက်လာခဲ့ပါသည်။ ကျွန်တော် ဗဏ္ဏာ့ လက်ကိုဆွဲကာ ကြည်သာရဲ့ ကားပေါ် တက်သည်။ ကားပေါ် မတက်ခင် ဘွားဘွားကြီးဆီ ဖုန်းဆက်ပါသည်။

"ဟလို ... ဘွားဘွားလား .. အဆင်ပြေတယ် .. ဘွားဘွား .. ခဏ.."

ကျွန်တော်က ဗဏ္ဏာကို ဖုန်းပေးရင်း ...

"ဗဏ္ဏာ ... ဘွားဘွားက ဗဏ္ဏာနဲ့ စကားပြောချင်လို့တဲ့"

ဗဏ္ဏာက ချစ်စဖွယ် ပခုံးတွန့်ပြရင်း ကျွန်တော့် ဖုန်းကို လှမ်းယူကာ ....

"ဟလို ဘွားဘွားလား .. သမီး ဗဏ္ဏာပါ၊ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် .. ဟုတ်ကဲ့ ..."

ဖုန်းကို ကျွန်တော့်ဆီ ပြန်ပေးကာ ဗဏ္ဏာက ပြုံးရင်း ...

"ဘွားဘွားက ဗဏ္ဏာနဲ့ မောင့်ကို ခရီးလမ်းတစ်လျှောက်

ဆင်ပြေပါစေလို့ ဘုရားခန်းဝင်ပြီး ဆုတောင်းပေးမယ်တဲ့ မောင်"

ကျွန်တော် မျက်ဝန်းမှိတ်ပြီး ဘွားဘွားကို ဂါရဝပြုမိပါသည်။

ျွန်တော့်ဘဝအတွက် လိုလေသေးမရှိအောင် ဖန်တီးပေးခဲ့တဲ့ ွားဘွား၊ ကျွန်တော် လောကထဲမှာ မျက်နှာငယ်မှာ သူ့ဘဝထက် ကြည့်တတ်တဲ့ ဘွားဘွား၊ ကျွန်တော် မျက်ဝန်းမှိတ် ငြိမ်သက်နေ ကကို ဗက္ကာက သက်ပြင်းရှိုက်ငေးကြည့်ရင်း ....

"ဘွားဘွားကို သတိရသွားလို့လား မောင် ..."

ကျွန်တော်က မျက်ဝန်းကို ဖွင့်ရင်း ...

"ဟုတ်တယ် ဗက္ကာ ..၊ ဘွားဘွားက မောင့်ကို အရမ်းချစ်တာ၊ မောင်ကတော့ ဆိုးလိုက် မိုက်လိုက်နဲ့ အချိန်တွေကို ဖြုန်းတီးနေ တယ်လေ"

ကျွန်တော် ကားကိုစက်နိုးရင်း မောင်းထွက်လာခဲ့ပါသည်။

"ဗက္ကာ မောင့်ကို ဘာလို့ ပြန်ချစ်တာလဲ၊ မောင့်ကို အဖက် က်က ကြည့်ကောင်းတဲ့အကွက်တစ်ခုမှ မရှိတာ ..."

ဗက္ကာက သိမ်မွေ့ညင်သာစွာ ပြုံးသည်၊ မျက်ဝန်းတွေသည် ညှုံ့တဲ့ရိုက်ခတ်မှုတစ်ခုစီဝင်နေတဲ့ လှပတဲ့ ကဗျာတစ်ပုဒ်လို ...

"အချစ်ဆိုတာ ကျရှုံးမှုတစ်ခုလို့ ဗက္ကာ မထင်ဘူး၊ အချစ်ဟာ င့်ကြေးတစ်ခုလိုလဲ ဗက္ကာ မထင်ထားဘူး၊ ဗက္ကာ့ကို ချစ်တဲ့ အချစ် ့ မောင် ကောင်းကောင်းမွန်မွန်ဖြစ်လာလိမ့်မယ်လို့ ဗက္ကာ ထင်

တယ်လေ .. ဖြစ်မလာရင်လည်း ဗက္ကာ ခံစားမှာပဲ"

ကျွန်တော် ဗက္ကာ့ကို ပိုပြီး မြတ်နိုးမိခဲ့သည်။

"မောင် ...ကတိပေးခဲ့တဲ့ ဗက္ကာ ... ဗက္ကာ့ကို ချစ်တဲ့စိတ်နဲ့ ပြီးတော့ ဘွားဘွားအပေါ် ချစ်တဲ့စိတ်နဲ့ လိမ္မာပါ့မယ်လို့ ဟုတ်လား"

ဗက္ကာက ကျေနပ်ဟန်နဲ့ မျက်ဝန်းမှိတ်ပြပြီး ကျွန်တော့် ပခုံးမှာ မှီခိုပါသည်။

ကားလေးက မှန်မှန်လေး မောင်းနှင်နေပါသည်။ ရှေ့ဆက် ခရီးတွေမှာ ဘယ်လို အကျိုးတရားတွေ ဖြစ်ပေါ်လာမလဲ ကျွန်တော် မစဉ်းစားရဲခဲ့၊ သေချာတာက ကျွန်တော် စုံစမ်းထားရှိသလောက် ဦးစောဂျိုးဇက်သည် စကားပြောနည်းသလောက် ခေါင်းကြောမာ တတ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ....။

မြို့ပြင်ရောက်ရောက်ချင်း နီးစပ်ရာ ဆိုင်တစ်ဆိုင်မှာ ကားရပ်ရင်း ထမင်းဆိုင်တစ်ဆိုင်ဝင်သည်။

"ဗက္ကာ စားချင်တာ မှာစားထားနှင့် မောင် ...ဟိုကောင်တွေနဲ့ ဆက်သွယ်လိုက်ဦးမယ် ..."

ဗက္ကာက ခေါင်းညိတ်ပြသည်။ ကျွန်တော်က ကောင်တာဆီသွားပြီး ...ကောင်တာမှာ ထိုင်နေတဲ့ အစ်မကြီးကို ...

"အစ်မ ဖုန်းဆက်လို့ရမလား ..."

"ရတယ် ...မောင်လေး ဆက် ..."

ကျွန်တော် နောင်နောင်ရဲ့ ဟမ်းဖုံးကို လှမ်းဆက်သည်။

"ဟယ်လို နောင်လား .."

"ဟာ သခ်လား ငါ မင်းကိုဆက်သွယ်မလို့ ဦးစောကျူးဇက် တို့ မင်းထွက်သွားတဲ့ လမ်းကြောင်းကို သိသွားပြီ မင်းတို့ တစ်နေရာရာမှာ ဝင်ရှောင်နေတော့ ..."

ကျွန်တော် စိုးရိမ်သွားရပါသည်။

"သေချာလား ...ငနောင် ..."

"သေချာတယ် သခ် ... ငါတို့လည်း အခု ထွက်တော့မလို့ ...."

"ကဲ ဒါဆို ငါ အခု ဖုန်းချပြီး လစ်တော့မယ် ..."

ကျွန်တော် ဖုန်းကို ချပြီး ဖုန်းဖိုးကောင်တာက အစ်မကြီးထံ ရှင်းပေးကာ...

"အစ်မ ပိုက်ဆံဖို့ ဘယ်လောက်ကျလဲ ..."

တစ်စွန်းတစ်စ ကြားပုံရတဲ့ အစ်မကြီးက ...

"မစားတော့ဘူးလား မောင်လေး ..."

"မစားတော့ဘူး အရေးကြီးလို့ ..."

"အေးအေး ..."

အစ်မကြီးက ကျသင့်ငွေကို ပြောပြသည်။ ကျွန်တော် ပိုက်ဆံရှင်းပေးပြီး ဗက္ကာ့ဆီသွားကာ ...

"ဗက္ကာ ထ မောင်တို့ အမြန်လစ်မှရမယ်၊ ဗက္ကာ့ဒက်ဒီ ဒီဘက် ထွက်လာပြီတဲ့"

ဗက္ကာ မျက်လုံးဝိုင်းသွားရင်း အမြန်ထသည်။ ကျွန်တော်တို့ နှစ်ယောက် ဆိုင်အပြင်ရောက်လို့ ကားပေါ်တက်ကာ စက်နှိုးတော့ စက်က ဘယ်လိုမှ နှိုးမရ ...

"အရေးထဲကွာ ..."

ကားအောက်ကို ဆင်းပြီး ဘောနပ်ဖွင့် စစ်ဆေးတော့ ကာပ ရိုက်တာက ဒုက္ခပေးမှန်းသိရသည်။ ကားဘောနပ်ဖုံးကို ပြန်ပိတ် ရင်း ဘယ်လိုကြံရမှန်း စဉ်းစားနေစဉ် ...

"မောင်လေး ..."

ကျွန်ကော့်နောက်ကျောက ရှာစ်ယောက်ယောက်ခေါ်သံ ကြောင့် ကျွန်တော် လှည့်ကြည့်တော့ ကျွန်တော်ထက် အသက် ကြီးပုံရတဲ့ အမျိုးသမီးတစ်ဦး ...၊ ကျွန်တော် ဘယ်သူမှန်းမသိပဲ စဉ်းစားရခက်နေစဉ် အမျိုးသမီးက ရယ်ရင်း ...

"အစ်မကို မမှတ်မိဘူးလား။ မင်းဆိုက်ကားနင်းတုန်းကလေ..."

အမျိုးသမီးပြောတဲ့ စကားကြောင့် ကျွန်တော် ချက်ချင်းမှတ်မိ လိုက်ပါသည်။ ကျွန်တော် ညဘက် တစ်ခါ လူတစ်ယောက်ထံ ဆိုက်ကားနှင့် ပို့ပေးဖူးတဲ့ အမျိုးသမီး ...

"မှတ်မိပြီ အစ်မနာမည် မအေးအေးထွေး၊ အစ်မက ဘယ်လို ဒီကို ရောက်လာတာလဲ ..."

မအေးအေးထွေးက ဗဏ္ဏာကို ပြုံးပြပြီး ...

"အစ်မက ဒီဇာတိကလေ ...၊ ဟိုမှာ အစ်မရဲ့အစ်မ ထမင်းဆိုင် ဖွင့်ထားတာ၊ အစ်မလည်း ရန်ကုန်မှာ မနေချင်တော့ဘူး၊ မိုက်လဲ မမိုက်ချင်တော့ဘူး၊ အဲဒါနဲ့ အစ်မရဲ့အစ်မ အပျိုကြီးကို ဝိုင်းပြီး ကူ တော့မယ်ဆိုပြီး ဒီကို ပြန်လာခဲ့တာ .. မင်းတို့က ..."

ကျွန်တော် မအေးအေးထွေး ညွှန်ပြတဲ့ဆိုင်ကို ကြည့်တော့ ခုန ကျွန်တော်နဲ့ ဗက္ကာ ဝင်တဲ့ဆိုင် ...

"အတော်ပဲ အစ်မ၊ အစ်မကို တစ်ခုအကူအညီတောင်းချင်လို့"

ကျွန်တော်က အဖြစ်အပျက်တွေကို အတိုချုံး ရှင်းပြပြီး အကူ အညီတောင်းသည်။

"ကားကတော့ လွယ်မှာ မဟုတ်ဘူး၊ ဆိုင်မှာ ဆိုင်ကယ် တော့ ရှိတယ် .. ယူသွားမလား"

"အဆင်ပြေတယ် အစ်မ"

ကားကို ဆိုင်ရှေ့မှာ ဒီအတိုင်းထားခဲ့ပြီး ဆိုင်ထဲက ဆိုင်ကယ်ကို ထုတ်ကာ ဗက္ကာကိုတင်ပြီး အမြန်မောင်းထွက်လာခဲ့ပါသည်။

ကျွန်တော်တို့ထွက်ပြီး သိပ်မကြာခင်မှာ ဟိုးခပ်ဝေးဝေးက ကား တစ်စီးကို ခပ်ပျပျမြင်လိုက်ပါသည်။

"အမြန်မောင်း မောင် ဒက်ဒီတို့ လိုက်လာပြီ"

ကျွန်တော် လီဗာကို ဆွဲတင်ပြီး ...

"သေသေချာချာကိုင်ထား ဗက္ကာ"

"ဟုတ်ကဲ့"

လမ်းတစ်လျှောက်မှာ အိမ်ခြေဆိုလို့ လုံးဝမရှိပါ။ လယ်ကွင်း ပြင်တွေသာရှိပါသည်။ ဆိုင်ကယ်ရဲ့အရှိန်က တော်တော်မြန်လွန်း သည်။ ဒီပုံအတိုင်းဆို ကျွန်တော်နဲ့ ဗက္ကာ ဘယ်လိုမှ ဦးဇော်ကျိုးဇော်

ဲ့ လက်ကမလွှတ်နိုင်။ ဆိုင်ကယ်ကို မောင်းလာရင်း ရှေ့မှာ လမ်းပြင်နေသည့်....အုပ်စုတစ်စုကို တွေ့သည်။

"ကိုယ်တို့ ဒီပုံတိုင်းဆို လွတ်မှာမဟုတ်ဘူး ဗဏ္ဏာ"

"ဟုတ်တယ် မောင်"

"ဗဏ္ဏာ ကိုယ်စီစဉ်တဲ့အတိုင်း လုပ်နော် ..."

"ဟုတ်ကဲ့"

ဆိုင်ကယ်ကို လမ်းပြင်တဲ့ အဖွဲ့နားမှာရပ်ပြီး ဆိုင်ကယ်ဒေါက်ထောက်ကာ လမ်းကို တံမြက်စည်းလှဲကျင်းနေတဲ့ လူကို ...

"အစ်ကိုကြီး ကျွန်တော့်ကို တစ်ခုလောက် ကူညီပါဗျာ"

ကတ္တရာစေးကျိုနေသူတွေရော၊ လမ်းကြိတ်စက်ပေါ်က လူရော၊ ကျောက်စရစ်ခဲ ရွက်ထမ်းနေတဲ့ ကောင်မလေးတွေကပါ ကျွန်တော့်ကို ကြည့်ကြသည်။

"ကျွန်တော်တို့ နှစ်ယောက် ရန်ကုန်ကနေ ခိုးပြေးလာကြတာပါ။ အခု နောက်မှာ ကျွန်တော့်ချစ်သူ အဖေက ကားနဲ့ လိုက်လာကြတယ်၊ လွတ်လည်းမလွတ်တော့ပါဘူး အဲဒါ ..."

ကျွန်တော့်စကားကို အဆုံးသတ်ပြီး အားကိုးတကြီး အကူအညီတောင်းတော့ တံမြက်စည်းလှည်းနေတဲ့ လူက ဟိုးအဝေးမှာ ပျပျလေးမြင်နေရတဲ့ ကားကို ကြည့်ပြီး ...

"ဘာမှ မပူနဲ့ ငါ့ညီ ...၊ မင်းဆိုင်ကယ်ကို ဟောဟိုက ကောက်

ရိုးပုံထဲဆွဲသွင်းပြီး ဝှက်ထားလိုက်၊ အမြန်လုပ်၊ အေးမိ နင့်မှာ အဝတ်ပိုတစ်စုံပါလား၊ ဒီကလေးမကို ကောက်ရိုးပုံနောက်မှာလဲခိုင်းလိုက်... ငါ့ညီက လာ ...”

တစ်ဖွဲ့လုံး အားတက်သရော ကူညီကြပါသည်။ ဆိုင်ကယ်တွန်းပြီး ကောက်ရိုးပုံထဲ ဖျောက်သူက ဖျောက်၊ တစ်ယောက်က ကျွန်တော့်ကို လုံချည်ဟောင်းတစ်ထည်ပေးသည်။ ကျွန်တော်က ဘောင်းဘီကို ဒူးဆစ်အထိခေါက်ကာ ... လုံချည်ကို အပေါ်က ဖုံးဝတ်သည်။

တစ်ယောက်က ကျွန်တော့်စပို့ရှပ်ပေါ်က ထပ်ဝတ်ရန် အင်္ကျီအဟောင်းတစ်ထည်ပေးသည်။ တံမြက်စည်းလှည်းနေတဲ့ အစ်ကိုကြီးက သူ့ခမောက်ကို ချွတ်ကာ ...ကျွန်တော် ဆောင်းရန်ခေါင်း ပေါ်မှာ တပ်ပေးရင်း ....

“မြန်မြန်လုပ် .. နောက်က ကားနီးလာပြီ၊ ပြီးရင် မင်း ဟိုလမ်းကြိတ်စက်ပေါ် တက်ပြီး ထိုင်ခုံပေါ်မှာ ငိုက်နေတဲ့ ပုံစံနဲ့ မျက်နှာကို ခမောက်တင်ပြီးနေ ... ခဏလေး ...”

အစ်ကိုကြီးက ဖုန်လက်တစ်ဆုပ်ကောက်ကာ ...ကျွန်တော့် ခေါင်းပေါ် အင်္ကျီပေါ်တွေကြဲသည်။

“သွားတော့”

ကျွန်တော် လမ်းကြိတ်စက်ပေါ် တက်တော့ ဗဏ္ဏာက ပြင်ဆင်

ပြီးပါပြီ။ ယောကျ်ားဝတ် အင်္ကျီဟောင်း လက်ရှည်တစ်ထည် ထဘီအဟောင်းတစ်ထည်ကို ဖိုသီဖတ်သီဝတ်ပြီး ယောကျ်ားလုံချည် တစ်ထည်ကို ခေါင်းနဲ့မျက်နှာကို အပူသက်သာအောင် မျက်ဝန်းတစ်ခုသာဖော်ကာ ခမောက်တစ်ခုကိုလည်း ဆောင်းထားလိုက်သေးသည်။ ခြေထောက်မှာ ဖိနပ်တောင် မရှိ။ ဗဏ္ဏာက ဖုန်ထဲမှာ ခြေထောက်တွေပေအောင်လုပ် လက်တွေကိုလည်း သုပ်သည်။ ဗဏ္ဏာလို့ လုံးဝ မထင်မှတ်ရတဲ့ ပြင်ဆင်မှု...၊ အခုဆို ကျွန်တော်နဲ့ ဗဏ္ဏာပုံစံက လမ်းပြင်အလုပ်သမားတွေနဲ့ နင်လိုငါလိုပါ။

ဗဏ္ဏာက ကျုံ့ကျုံ့လေးထိုင်ပြီး ခြေထောက်တွေ မပေါ်အောင် ထဘီနဲ့ ဖုံးကာ ကျောက်ခဲတွေ စီနေပါသည်။

ကျွန်တော်လည်း ပြင်ဆင်ပြီးလို့ မျက်နှာကို အုပ်ထားတဲ့ ခမောက် အသာလေးဟကာ ကြည့်သည်။ သိပ်မကြာခင်မှာပဲ ထင်မှတ်ထားတဲ့အတိုင်း ဗဏ္ဏာတို့အိမ်ကကား။ ဗဏ္ဏာနဲ့ မနီးမဝေးမှာ ထိုးရပ် ကျွန်တော်တို့ကို ကူညီတဲ့ တံမြက်စည်းလှည်းနေတဲ့ လူကို လှမ်းမေးသည်။ မေးသူက ဦးစောဂျိုးဇက် ကိုယ်ကိုင် ....

"ကောင်လေး ...ပ်မကြာခင်က ကောင်လေး ...တစ်ယောက် ကောင်မလေး တစ်ယောက် ဆိုင်ကယ်တစ်စီးနဲ့ ဒီဘက်က ဖြတ်သွားမိတာ ...တွေ့လိုက်လား ..."

တံမြက်စည်းလှည်းနေတဲ့ လူကလည်း မျက်မှောင်ကြုတ်

စဉ်းစား နေဟန်နဲ့ ...

"တွေ့လိုက်တယ်၊ ခုနလေးတင်ပဲ ဒီရှေ့ကပဲ မောင်းသွားတာ"

"ကျေးဇူးပဲ ညီလေး ..."

ဦးစောကြူးဇက် အချက်ပြမေးဆတ်ပြတော့ ဒရိုင်ဘာက မောင်းထွက်သွားပါသည်။

ဦးစောကြူးဇက်တို့ကား မြင်ကွင်းက ပျောက်သွားသည်ဆိုမှ ကျွန်တော် လမ်းကြိတ်စက်ပေါ်မှ ခုန်ဆင်းသည် ဗဏ္ဏာတ မျက်နှာကို ကွယ်ဝှက်ထားတဲ့ ပုဆိုးကို ဆွဲဖြေပြီး ကျွန်တော့်နားရောက်လာကာ ကျွန်တော့်လက်မောင်းကိုကိုင်ပြီး ...

"ဘယ်လို ဆက်လုပ်ကြမလဲ"

"ဦးလေးချက် သမီးတို့ အိမ်ခေါ် သွားပါလား ...သမီး အေးရီတို့နဲ့ လိုက်အိပ်လိုက်မယ် ..."

တုံမြက်စည်းလှည်းနေတဲ့ ကိုချက်ဆိုသူက ခေါင်းညိတ်ရင်း...

"မင်းတို့ ဆက်သွားလည်း ကွိခနဲ မိသွားလိမ့်မယ် တို့ရွာစွန်က ခြံကိုလိုက်ခဲ့"

အခုအချိန်မှာတော့ ကိုချက် ပြောတဲ့အစီအစဉ်က အကောင်းဆုံးဖြစ်နေပါသည်။ ရှေ့ဆက်လို့ကတော့ ဘယ်လိုနည်းနဲ့မှ မလွတ်နိုင်။ မနက်မှပဲ ဘာလုပ်မလဲဆိုတာ ဆက်စဉ်းစားရတော့မည်။

"ကိုချက် ကောင်းသလို စီမံတော့ဗျာ"

ကိုချက်က ချက်ချင်းဆိုသလို အလုပ်ကိစ္စတွေကို လူတစ်ယောက်ထံလွှဲပေးကာ ...

"ကိုမြတ်ဆွေ လာရင် ငါ နေ့တစ်ဝက်ပဲ ဆင်းတယ်လို့ပြောပြီး ကြည့်ပြီးတော့ ပြောထားလိုက် ငအောင် ..."

"ဟုတ်ကဲ့ ကိုချက်ကြီး စိတ်ချ ..."

"ညီလေးတို့နှစ်ယောက်က ဆိုင်ကယ်နဲ့ အစ်ကို စက်ဘီးနောက်က လိုက်ခဲ့ကြ"

ကျွန်တော် ခေါင်းညိတ်ပြပြီး ကောင်လေးတွေ ကောက်ရိုးပုံထဲကဆွဲထုတ်လာတဲ့ ဆိုင်ကယ်ပေါ် တက်ခွပြီး လက်ကိုင်ပေါ် မှာ ပြန့်ကျဲနေတဲ့ ကောက်ရိုးမျှင်တွေကို ရှင်းရင်း စက်နှိုးသည် ဗဏ္ဍာက ကျွန်တော့်အင်္ကျီတွေနဲ့ သူမရဲ့ အဝတ်အစားတွေကို ကျွန်တော် ကျောပိုးအိတ်ထဲထည့်ကာ ကောင်မလေးတွေကို ...

"အစ်မ မနက်မှပဲ အဝတ်အစားတွေကို ပြန်ပေးလိုက်မယ်နော်"

"ရတယ် အစ်မ ...၊ အစ်မတို့ကို ကျွန်မတို့က ဒီအဝတ်အစားအဟောင်းလေးတွေကို လက်ဖွဲ့တယ်လို့ပဲ သဘောထားတယ်"

ကောင်မလေးတွေက ကူညီခွင့်ရလို့ ကျေနပ်နေကြပုံရှိပါသည်။ ကျွန်တော်က အားလုံးကိုနှုတ်ဆက်ပြီး ကိုချက် စက်ဘီးနင်းသွားတဲ့ ကန်သင်းရိုးပေါင်ပေါ် ဆိုင်ကယ်ကိုထိန်းမောင်းရင်း လိုက်လာခဲ့ပါ

သည်။ ကန်သင်းရိုးပေါင်ပေါ်ကနေ လှည်းလမ်းအတိုင်း ဖုံထွက်မောင်းပြီး မိနစ်နှစ်ဆယ်သာသာလောက် မောင်းပြီးချိန်မှာတော့ ညို့ဆိုင်းအုံ့မှိုင်းတဲ့ သစ်ကြီးဝါးကြီးပေါတဲ့ ရွာလေးတစ်ရွာကို ရောက်ခဲ့ကြပါသည်။ ရှေ့က ဒေါ်မှန်မှန်နင်းလာတဲ့ ကိုချက်က နောက်လှည့်မကြည့်ဘဲ အသံသြကြီးနဲ့ ...

"ဒီရွာပဲ ညီလေး ...၊ ရွာအစွန်ကို ထပ်သွားရဦးမယ်၊ ရွာနာမည်က ပန်းချုံရွာတဲ့ကွ မှတ်ထား"

ကျွန်တော်တို့ရွာထဲ မောင်းဝင်လာတော့ သူစိမ်းမို့လို့ ထင်ပါရဲ့ ဝိုင်းပြီး အကဲခတ်နေကြပါသည်။

"ဟော့ ချက်ကြီး မင်းညော့သည်တွေလား"

"ဟုတ်တယ် ဒေါ်မြရေ ... ဘာချက်လဲ"

"ဒီလိုပါပဲဟယ် ... ထုံးစံအတိုင်းပေါ့"

ကိုချက်က ဒီရွာမှာ လူချစ်လူခင် ပေါများသည်။ ရွာအစွန်တစ်လျှောက် တစ်ယောက်ပြီးတစ်ယောက် တွေ့တဲ့သူတိုင်းကို နှုတ်ဆက်ပြီး ဧက တော်တော်ကျယ်တဲ့ မရန်းခြံတွေဖြတ်ကာ ကျိုးတိုးကျဲတဲ အဖြစ်သာသာ ခတ်နှောင်ထားတဲ့ ခြံလေးထဲကို ဝင်သွားတော့ ကျွန်တော်လည်း ကိုချက်နောက်က လိုက်ဝင်လာခဲ့ပါသည်။ နေပြောက်မထိုးနိုင်လောက်အောင် စိမ့်ညို့နေတဲ့ မရန်းပင်တွေ မရန်းပင်ရဲ့ အောက်ခြေမှာလည်း တစ်ပင်နဲ့ တစ်ပင် ထိစပ်နေတဲ့ နာနတ်

တွေ ...

ကျွန်တော်တို့ရဲ့ ခရီးဆုံးမှာ စောင့်ကြိုနေတဲ့ တဲကလေးက ပ်သပ်ရပ်ရပ်လေးပါ။ ကိုချက်ကြီးက စက်ဘီးပေါ်က ဆင်းပြီး ရှေ့က ကွက်ပျစ်ပေါ်မှာ လှဲပါသည်။ ကျွန်တော် စက်ဘီးဘေးမှာ ိုင်ကယ်ရပ်တော့ ဗက္ကာက ဆင်းသည်။ ဗက္ကာက ခြံကြီးကို ဟိုနား နားလျှောက်ကာကြည့်ပြီး ...

"တော်တော် သာယာတာပဲနော် ... သခ် ..."

ဗက္ကာ ကြည့်နူးနေတဲ့ပုံကို ကြည့်ပြီး ကျွန်တော်လည်း ဗက္ကာ ည်းတူ ခံစားရပါသည်။ အေးစိမ့်နေတဲ့ အငွေ့အသက်က သောက တွေ ဒုက္ခတွေကို ပြေပျောက်စေတာ အမှန်ပါ။

ဗက္ကာက အပင်ရိပ်တစ်ခုအောက်ကမြေမှာ စိမ့်ထွက်နေတဲ့ မြှင့်ဝှမ်းလေးထဲက ရေကိုကြည့်ပြီး ...

"ဟယ် ...ရေတွေက ကြည့်နေတာပဲ သခ် ..."

ကျွန်တော် ဗက္ကာဆီ လျှောက်သွားကာ ဗက္ကာဘေးမှာ ဝင်ထိုင် ရင်း စိမ့်ထွက်နေတဲ့ရေကို ကြည့်သည် ဗက္ကာက ရေထဲကို လက်နှစ် ပြီး အပေါ်ကို မြှောက်ကာ ...

"အေးစိမ့်နေတာပဲ ... အခုမှ ရေက ဆာလာတယ် ..."

ဗက္ကာ့စကားကြောင့် အနီးနားကိုကြည့်တော့ ရေဖလားတစ်ခု ကိုတွေ့တာနဲ့ လှမ်းခပ်လိုက်ပါသည်။

"ဟင် ရေက အမှုန်တွေပါတယ် သခ် ...ဘယ်လိုလုပ်မလဲ ..."

"ခဏလေး အစ်ကိုလုပ်ပေးမယ် ..."

ကိုချက်က ကွက်ပျစ်ပေါ်က ထလာကာ သူတို့ဆီလျှောက်ပြီး ရေကန်တွင်းလေးအပေါ်က သစ်ခက်တစ်ခက်ကိုချိုးကာ ရေဖလားထဲထည့်ပေးပါသည်။

"အယ် ..."

ဟုတ်ပါရဲ့ သူတို့နည်းစနစ်နဲ့သူတို့က ဟုတ်နေတာ အမှန်ပါ။ ရေဖလားထဲမှာ ဘာအမှုန်အမွှားမှ မတွေ့ရတော့ ဗက္ကာက ရေကို မော့သောက်တော့ စိမ်းမြဝင်းလက်နေတဲ့လည်တိုင်မှာ ရေစက်တွေ စီးကျနေတာ ကျွန်တော် ငေးကြည့်နေမိပါသည်။ ဗက္ကာက ရေသောက်နေရင်း ကျွန်တော့်ကို သတိရမိပုံပေါ်သည်။

"ဆောရီး ... သခ် အရင်သောက် ..."

"ဗက္ကာ ဝအောင်သောက်ပါ"

ကိုချက်က ပြုံးရင်း ..

"မင်းတို့ အေးအေးဆေးဆေးနေကြ၊ အစ်ကို ချက်ပြုတ်ဖို့ စီစဉ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကို .. ကျေးဇူးပဲ"

"မလိုပါဘူး ငါ့ညီရာ"

ဗက္ကာ ကမ်းပေးတဲ့ရေကို သောက်ပြီး ဗက္ကာကို ရင်ခွင်ထဲဆွဲ

...ပွဲဖက်မိတော့ ...

"သခ်နော် ... တော်ကြာ ကိုချက်ကြီး မြင်သွားဦးမယ်"

"မမြင်ပါဘူး ဗက္ကာရယ်၊ ကိုချက်က ကိုယ်တို့ကို ရှောင်ပေးတာ ...ရသိသာကြီး ..."

ဗက္ကာက သူ့ရင်ခွင်ထဲမှာ မျက်ဝန်းမှိတ်မှေးစက်နေပါသည်။

"ဒီနေရာလေးက ငြိမ်းချမ်းတယ်နော် မောင် ..."

"အင်း"

"တစ်နှစ်တစ်ခါ...ကိုချက်တို့ခြံကို အလည်လာရအောင်နော် ...မောင် ..."

"ဟုတ်တယ်၊ ကိုတို့ရဲ့ အမှတ်တရတစ်ခုဟာ ဒီခြံပဲ ...။ အခြေ ...အနေ အေးချမ်းသွားပြီဆိုရင် ဒီခြံလေးကို မောင် ဝယ်ချင်တယ်"

"ကောင်းတာပေါ့ မောင်ရယ်၊ ဗက္ကာရယ် မောင်ရယ် မွေးလာ ...တဲ့ သားသားမီးမီးတွေရယ် အနားယူချင်ရင် ဒီကိုလာ ... ဟာ ဘယ် ...လောက်ပျော်ဖို့ကောင်းလိုက်မလဲ"

ဗက္ကာ ပျော်ရွှင်ငြိမ်းချမ်းနေပုံက ပြောစရာမရှိအောင်ကို ချစ် ...စရာ ကောင်းနေပါရဲ့ ...။

ကျွန်တော်လည်း ဗက္ကာနည်းတူ ငြိမ်းချမ်းအေးမြရတာ အမှန် ...ပင် ...။

"မောင် ...နောက်ဆို မဆိုးရတော့ဘူးနော်၊ ဘယ်လို အခြေ

အနေမှာ ဘာတွေပဲ ရင်ဆိုင်ရင်ဆိုင် စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားရမယ်နော်၊ အဲဒီကတိကို ဗဏ္ဏာကိုပေး ...”

ကျွန်တော် ဗဏ္ဏာ့ စကားကြောင့် ဗဏ္ဏာကို သိမ်းကြုံးပွေ့ဖက်တော့ ...

“ဖြည်းဖြည်းဖက်ပါ မောင်ရာ၊ ဒီမှာ အသက်ရှူကျပ်တယ် မောင်ရ ...”

ကျွန်တော် ဗဏ္ဏာစကားကြောင့် အသံထွက်အောင်ရယ်ရင်း...

“ချစ်လို့ပါ ဗဏ္ဏာ ... စိတ်ချ ...ဘယ်လိုအခြေအနေမှာပဲ ဖြစ်ဖြစ် နောင်တစ်သက်လုံး မောင် မဆိုးတော့ဘူးလို့ ကတိပေးပါတယ်”

“ယုံပါတယ် မောင် ...မောင်ရဲ့ စကား အလိမ်အညာပဲဖြစ်နေပါစေ ဗဏ္ဏာကတော့ မျက်စိမှိတ်ကို ယုံကြည်တယ်”

“ဗဏ္ဏာရယ် ...”

ကျွန်တော် ဗဏ္ဏာရဲ့ ဆံနွယ်ကို အသာအယာနမ်းရှိုက်မိတော့....

“ဟပ်ချိုး”

ဗဏ္ဏာ ခေါင်းပေါ်က ဖုန်မှုန့်တွေကြောင့် ကျွန်တော် ချေမိတော့ ဗဏ္ဏာက ရယ်သည်။

“ခုနကရုပ်ဖျက်ထားလို့ ခေါင်းပေါ်မှာ ဖုန်တွေချည်းပဲ မောင်ရ”

“ဟော့ ..ရေမိုးချိုးတော့ ... ဟိုညီမလေး တဲထဲ အခန်းထဲမှာ ကိုချက်ညီမ အေးရီရဲ့ထဘီနဲ့ အင်္ကျီတွေရှိတယ်။ ပြီးရင် ထမင်း

းကြတာပေါ့ ...”

“ဟုတ်ကဲ့ ကိုချက် ...”

ကျွန်တော် ဗဏ္ဏာ လက်ကို ဆွဲပြီး ထူပေးမိပါသည်။ ရေမိုးချိုး ပြီးတော့ ကိုချက်က ထမင်းဝိုင်းနဲ့အတူ စောင့်နေပါသည်။

“ဟာ ...ထမင်းဝိုင်းကတော့ အစုံပါပဲလား”

ကျွန်တော်နဲ့ ဗဏ္ဏာ ခနော်နီခနော်နဲ့ထမင်းစားပွဲရှေ့ ဝင်ထိုင် ရင်း ဟင်းတွေကိုကြည့်ကာ ပြောမိသည်။

“ဆန်ကတော့ သိပ်မကောင်းဘူးကွ၊ တကယ်တမ်းပြောရရင် ကောင်းကို မကောင်းတာပါကွာ”

အနီစက်တွေပါတဲ့ ထမင်းလုံးကို ရည်ညွှန်းပြီး ကိုချက်ကြီးရဲ့ စကားကြောင့် ...

“မလိုပါဘူး ကိုချက်ရာ၊ အလေ့အကျင့်တစ်ခုပါပဲ။ အခု ဗိုက် ဆာနေတာ ကုန်မှာပါ”

“ဟင်းတွေက စုံနေတာပဲနော် ကိုချက်”

ဗဏ္ဏာ့စကားကြောင့် ကိုချက်က ကျေနပ်နေဟန်ရှိသည်။

“အားမနာနဲ့ပေါ့ .. စားသာစား၊ ဒီဟာက ခရမ်းချဉ်သီးသုပ်၊ ဒီဘက်က မှိုဟင်း၊ ဒီဘက်က အမဲခြောက်၊ ဒီဘက်က ချည်ပေါင်ဟင်း”

ကျွန်တော်နဲ့ ဗဏ္ဏာ ဗိုက်ဆာနေတာမို့ လည်ချောင်းနင်နေတဲ့ ဆန်ကြမ်းကို ဂရုမစိုက်အားပါ။ ကျွန်တော်တို့ စားနေတာကို ကြည့်

ပြီး ကိုချက်က သဘောကျနေဟန်ရှိပါသည်။

ထမင်းစားသောက်ပြီး ပန်းကန်တွေ အိုးတွေခွက်တွေ ကိုချက်နဲ့အတူ ဗဏ္ဍာက ဝင်ဆေးပါသည်။ ကိုချက်က မလုပ်နိုင်းပေမယ့် ကျွန်တော်နဲ့ ဗဏ္ဍာက အတင်းဝင်ဆေးပေးပါသည်။ ပြီးတော့ သုံးယောက်သား တဲရှေ့ ကွက်ပျစ်ပေါ်မှာ ထိုင်ရင်း စကားပြောဆိုကြမိပါသည်။

"ညကျရင် မင်းတို့နှစ်ယောက်တည်း နေရဲပါတယ်နော်"

ဗဏ္ဍာက ကျွန်တော့်ပခုံးကို ခေါင်းမှီပြီး ရှက်နေပါသည်။ ကိုချက်က ရယ်ရင်းက ကျွန်တော် စီးလာတဲ့ဆိုင်ကယ်ကို သေချာစိုက်ကြည့်ပြီး ...

"ဒီဆိုင်ကယ်က စိတ်ချမ်းသာထမင်းဆိုင်က ဆိုင်ကယ် မဟုတ်လား ..."

"ဟုတ်တယ် အစ်ကို၊ ဘာဖြစ်လို့လဲ"

ကိုချက်က ဆိုင်ကယ်ကို တစိမ့်စိမ့်ကြည့်ပြီး သက်ပြင်းရှိုက်ကာ ...

"အဲဒီထမင်းဆိုင်က အေးအေးထွေးကို မင်းသိလား သခ် ..."

ကျွန်တော် ခေါင်းညိတ်ပြပြီး ...

"သိတယ် အစ်ကို ရန်ကုန်မှာ ကျွန်တော် ခင်ခဲ့တယ်"

ကျွန်တော်က ကိုချက်ကို မကွယ်မဝှက်ဘဲ မအေးအေးထွေးနဲ့

မင်ခဲ့ပုံကို ပြောပြပါသည်။ ကျွန်တော် ရှင်းပြတာကို နားထောင်ချိန်မှာတော့ ...

"ထွေးက ငါ့ရဲ့ ချစ်သူပဲ သခ် ..."

"ဗျာ ..."

"မင်း အံ့ဩသွားလား သခ်၊ ထွေးတို့မှာ ညီအစ်မနှစ်ယောက်ပဲ တယ်။ ထွေးတို့ညီအစ်မက သူကြီးတော်ကြီးနဲ့ နေရတာလေ ... သူတို့ညီအစ်မနှစ်ယောက်ကပဲ ဖြစ်သလို ကြံ့ရာကျပန်းလုပ်ပြီး ခဲ့ရတာပေါ့။ မင်းတို့တွေ့ခဲ့တဲ့ မြို့မကျ တောမကျရွာလေးမှာပဲ နရင်း လူတွေရဲ့အနှိမ်ခံဘဝကို ရောက်ခဲ့ရတယ်"

ကြမ်းတမ်းမာကျောပါတယ်ဆိုတဲ့ ကိုချက်ကြီးတစ်ယောက် 'အချစ်' ဆိုတဲ့ အရိပ်အောက်မှာ သိုးငယ်တစ်ကောင်လို ငြိမ်ဆင်းသွားပါသည်။ ရီဝေဖျော့လဲ့နေတဲ့ မျက်ဝန်းတွေ သနားစရာ ...

"ငါတားနေတဲ့ကြားက ထွေး ရန်ကုန်ကို တက်သွားခဲ့တယ်။ သူဘာတွေလုပ်လဲ ငါသိပါတယ်။ သူကိုယ်တိုင်လည်း ဝန်ခံခဲ့တယ်။ အခု သူ့ ကြီးတော်ကြီးဆုံးသွားတော့ ညီအစ်မနှစ်ယောက် စုထားတဲ့ငွေလေးနဲ့ ထမင်းဆိုင်ဖွင့်ပြီး လူလိုသူလို နေနိုင်ခဲ့တယ်။ ဒီဆိုင်ကယ်လည်း ငါ့ကို ဝယ်ခိုင်းလို့ ငါကိုယ်တိုင် ဝယ်ပေးခဲ့တာ သခ်၊ ဒါပေမဲ့ ဒီအခြေအနေရောက်မှ ငါတို့ ပိုဝေးသွားခဲ့တယ်"

ကိုချက် အသံတွေ ဖျော့တော့သွားပါသည်။

"ဘာဖြစ်လို့လဲဟင် ..."

ဗဏ္ဏာက စိတ်ဝင်တစားမေးပါသည်။ ကိုချက်က ဗဏ္ဏာကို အားတင်းပြုံးပြရင်း ...

"ထွေးဘက်က သူနဲ့ငါ မတန်ဖူးလို့ထင်ထားခဲ့ပုံပဲ၊ ငါကတော့ အဲဒီလိုမဟုတ်ဘူး သခီ၊ သူ အဆင်ပြေနေချိန်ကျမှ ငါ့အနေအထား နဲ့လက်ထပ်ဖို့ တွန့်ဆုတ်နေခဲ့တယ်"

"မဆိုင်လိုက်တာ ကိုချက်ရာ ဒါနဲ့ .. ဒီခြံပိုင်ရှင်က ..."

"ဒါ ငါ့အပိုင်မဟုတ်ဘူး သခီ၊ ငါတို့မောင်နှမက ခြံစောင့်သက် သက်ကွ"

"ဪ ..."

"ကဲ ...မင်းတို့လည်း နားနားနေနေ နေကြဦး ..."

ကိုချက် စကားပင်မဆုံးလိုက်ရ ကားနှစ်စီး ရှေ့ဆင့်နောက် ဆင့် ဆိုသလို ခြံထဲကို အပြင်းမောင်းဝင်လာကာ ကျွန်တော်တို့ ရှေ့ မှာရပ်ပါသည်။ ကားပေါ် က ခုန်ဆင်းချလာတဲ့ လူတွေကြောင့်ရယ် ကျွန်တော်တို့ မှင်တက်နေမှုကြောင့် ဦးစောကျူးဇက်တို့က ကျွန်တော် တို့ လွတ်လမ်းမရှိအောင် ဝိုင်းထားပြီးပါပြီ။

"သမီး ထွက်မပြေးနဲ့တော့"

"ဒက်ဒီ သမီး မလိုက်ဘူးနော်"

သက်ဆိုင်ရာ လူကြီးတချို့နဲ့ အတူ ဆင်းလာတဲ့ ဦးစောကျူးဇက်

မှောက်ကားမှ ဖေဖေ မေမေနဲ့ နောင်နောင်တို့ အုပ်စု ...

"အန်ကယ် ကျွန်တော်တို့ နှစ်ယောက်ကို မခွဲပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်"

ကျွန်တော် ရုန်းလို့မရအောင် ဦးစောကျိုးဇက်ရဲ့ လူတွေက ချုပ်နှောင်ထားပါသည်။

"မင်းရဲ့သတင်းတွေ ငါကြားပြီးပြီ သခ်...၊ မင်းရဲ့လက်ထဲကို သမီးကို ကြည်ကြည်ဖြူဖြူအပ်ဖို့ဆိုတာ ဘယ်အဖေက စဉ်းစားရဲမှာလဲ ..."

"သား .. စိတ်လျှော့လိုက်ပါကွာ"

"မဟုတ်ဘူး ဖေဖေ၊ ကျွန်တော်တို့နှစ်ယောက် ချစ်တာကို အပြစ်တစ်ခုလို့ မြင်နေတဲ့လူတွေက အပြစ်ရှိလား။ ကျွန်တော်တို့က အပြစ်ရှိလား ဖေဖေ"

ဦးစောကျိုးဇက်က ပြုံးသည်။ ရောမ လုပ်ငန်းရှင်တစ်ယောက်ရဲ့အပြုံးနဲ့ ချုပ်ကိုင်မှုတွေက လေးစားလောက်စရာ။

"အဲဒီ ချစ်တာကိုက အပြစ်ရှိတာ သခ် ...၊ မင်းတို့ရဲ့ချစ်ခြင်းမှာ အပြစ်ရှိတယ်လို့ အန်ကယ် ထင်ထားတာ အန်ကယ့်ကို ခွင့်လွှတ်ပါ။ ကဲ သွားကြစို့ ..."

"မောင် ..."

"ဗဏ္ဏာ ..."

ကျွန်တော့်ကို ဆွဲသူက ဆွဲထားကြပြီး မျက်ရည်တွေနဲ့ ငိုရှိုက်ကာ ကျွန်တော့်ကို ကြည့်ရင်း ဗဏ္ဏာက ရှန်းထွက်တော့ အတင်းချုပ်နှောင်ကာ ဗဏ္ဏာကို ကားပေါ်ကို မရရအောင် အတင်းတွန်းတင်ကြပါသည်။

ကိုချက်ကြီးက စိတ်မကောင်းဟန်နှင့် ကျွန်တော့်ခေါင်းမှာ ရပ်နေပါသည်။

ကားစက်နှိုးတော့ ဗဏ္ဏာက ကားပြတင်းပေါက်မှ မျက်ရည်တွေစီးကျရင်း ...

"ဗဏ္ဏာ မောင့်ဆီ မရောက်ရောက်အောင် ပြန်လာခဲ့မယ် မောင်"

ကျွန်တော် ရင်တွေစို့တက်လာခဲ့ပါသည်။ ဗဏ္ဏာတို့ ကားထွက်ချိန်မှာ ကျွန်တော် အတင်း ရှန်းထွက်ပါသည်။

"သား စိတ်လျှော့၊ အခုအချိန်မှာ ဥပဒေအကြောင်းအရာအရသား ဘာမှ လုပ်လို့မရဘူး"

"သူငယ်ချင်း စိတ်ထိန်းပါကွာ"

"တောက် ..."

ကျွန်တော် မေးကြောကြီးတွေ တင်းနေအောင် အံကြိတ်ထားမိသည်။ မျက်ရည်ဆိုတာနဲ့ စိမ်းတဲ့လူတစ်ယောက်အဖို့ မျက်ရည်တွေစီးကျနေတာကို သိပေမယ့် ရင်ထဲမှာ ဗလောင်ဆူပွက်နေတဲ့ခံစားချက်ကြောင့် မျက်ရည်ရဲ့ ထိတွေ့ခံစားမှုသည် မီးမြစ်တစ်စင်း

သို့ ...

"ဟာကွာ ..."

"ဝုန်း ..."

"သဒ္ဒ ..."

"သူငယ်ချင်း ..."

"သစ် ... ညီလေး ..."

ကျွန်တော်ရဲ့ စံစားချက်တွေက နီးစပ်ရာ ဝါးလုံးပေါ် ကို ပုံအပ်ခဲ့မိလိုက်သည်။

"စိတ်ကိုထိန်းစမ်းပါ သားရယ် ..."

ကျွန်တော် ဒူးထောက်ထိုင်ချမိရင်း ကိုချက်ကြီးကို ဖက်တွယ်ထားမိသည်။

"သစ် ညီလေး .. မင်းစိတ်ကိုထိန်းမှပေါ့၊ နေ့လယ်က ဗက္ကာပြောဖူးတဲ့စကား ငါ့ကို ပြန်ပြောပြဖူးတာ မင်းမှတ်မိလား ...၊ ဘယ်လိုအခြေအနေမှာ ဘာတွေနဲ့ပဲ ရင်ဆိုင်ရင်ဆိုင်ရ စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားပါမယ်ဆို ...၊ မင်း ဗက္ကာကိုချစ်ရင် စိတ်ကိုလျှော့မှပေါ့ ညီလေးရာ ..."

ကိုချက်ကြီးပြောလိုက်တဲ့ စကားသံက ကျွန်တော့်ရင်ထဲက ဒေါသတွေကို ပြေပျောက်စေတာ အမှန်ပါ။ ငြိမ်သက်တိတ်ဆိတ်သွားတဲ့ ကျွန်တော်ရဲ့ဟန်အမူအရာကြောင့် ဖေဖေ အခြေအနေကို

သွေလာကာ ...

"ဒီညတော့ ဒီမှာပဲ အိပ်လိုက်ကြမယ် ...၊ မနက်ဖြန်စောစော ရန်ကုန်ကို တက်ကြတာပေါ့ ..."

"ကောင်းတယ် ဦးလေး"

ကိုချက်ကြီးက ကျွန်တော့်ပခုံးကိုဖက်ပြီး ကွက်ပျစ်မှာထိုင်သည်။ နေကတော့ ဝင်ခဲ့ပြီ ....။

ဖေဖေ စီစဉ်ညွှန်ကြားမှုကြောင့် ကိုချက်ကြီးနဲ့ နောင်နောင်တို့ မအေးအေးထွေးကိုယ်တိုင် လိုက်ပါစီစဉ်ထားပေးတဲ့ ဘီယာဝိုင်းလေးက ခြံထဲမှာ ဖွယ်ဖွယ်ရာရာပါ .....။

လရောင်က သစ်ရွက်ကြို သစ်ရွက်ကြားကနေ ဟိုတပြောက် ဒီတပြောက် ကျဆင်းလာနေခဲ့သည်။

ဖိုထားတဲ့ မီးပုံဝိုင်းမှာ နာဠာဂီရိက ကင်းထားတဲ့ ငါးကင်ကို လှည့်ပေးနေသည်။

ဖေဖေရယ် မအေးအေးထွေး၊ ပြည့်ဖြိုးမင်းနဲ့ နောင်နောင်၊ ဇောင်းတို့က စကားလက်ဆုံကျနေပါသည်။

ကိုချက်ကြီးနဲ့ ကျွန်တော်က မီးပုံကို ငေးကြည့်နေပါသည်။

ဖေဖေက စကားပြောနေရာမှ ကျွန်တော့်ကိုကြည့်ကာ ...

"သား အရက်သောက်လိုက်ပါလား"

ဖခင်တစ်ယောက်ရဲ့ စေတနာကို ဖေဖေ့စကားကြားရတော့ ကျွန်တော် ပိုရင်နာခဲ့ရပါသည်။ သားတစ်ယောက်ကို အများရှေ့မှာ အရက်သောက်ဖို့ ပြောရဲခဲ့တဲ့ ဖေဖေ ...ကျွန်တော့် ရင်ထဲက ဝေဒနာတွေ ပျောက်ကင်းဖို့ ဖေဖေ ဒီစကားကို ဆိုလိုမှန်း ကျွန်တော် သိသည်။

ကျွန်တော် နာနာကျင်ကျင်နဲ့ပြုံးလိုက်ပြီး ....

"ကျွန်တော် အရက်မသောက်တော့ဘူး ဖေဖေ ..."

ဖေဖေတို့ အားလုံးက အံ့အားသင့်ဟန်ပြသည်။ ကိုချက်ကြီးက ကျွန်တော့်ရင်ထဲကို လှမ်းမြင်နေဟန်တူသည်။ ပြီးတော့ ကျွန်တော့် ပခုံးကို ပုတ်သည်။

"ဗဏ္ဏာ မင်းဆီ ပြန်လာမှာပါ"

"ဘာကြောင့်လဲ အစ်ကို"

လေသံကို ထိန်းမေးလိုက်ရပေမယ့် ကျွန်တော် အသံတွေ တုန်ခါနေမှန်း ကျွန်တော် သိနေတာပေါ့ ...။

"ဘာကြောင့်လဲဆိုတော့ ဗဏ္ဏာ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ခဏလေးတွေ့လိုက်ရတဲ့ အစ်ကိုတောင် သိခဲ့တယ်။ သူ မင်းဆီ ပြန်လာမှာပါ"

ကျွန်တော် အင်္ကျီအိတ်လေးထဲက ဘွားဘွားပေးခဲ့လိုက်တဲ့ ဘုး

လေးကို ထုတ်ယူမိပါသည်။ ဘူးလေးကို ဖွင့်ပြီး ခေါင်းဘယက်ကို ထုတ်ယူကြည့်မိသည်။

မီးပုံရဲ့ မီးရောင်အောက်မှာ ခေါင်းဘယက်က ဝင်းဝင်းလဲ့လက် ...

"ကျွန်တော် ယုံပါတယ်၊ တစ်နေ့မဟုတ် တစ်နေ့ ဇက္ကာ ကျွန်တော့်ဆီကို ပြန်လာမှာပါ"

ညသည် တိတ်တိတ်လေးလွမ်းခွင့်ရအောင်စီရင်ထားပါသည်။


မျက်ရည်ကျပြပြီး လွမ်းရဗဟာထက် ရင်ထဲမှာပဲ ဘယ်သူမှမမြင်အောင်ဘဲငိုနေရတာက ပိုကောင်းမယ်ထင်ပါတယ် ဇက္ကာ ...။

မျှော်လင့်ချက်လမ်းခွဲမှာ အလွမ်းတွေနဲ့ ငါ ရပ်နေခဲ့မယ် ရေဇက္ကာ၊ နင် နမ်းခဲ့ဖူးတဲ့ အနမ်းရဲ့ အငွေ့အသက်၊ နင်ပြောခဲ့ဖူးတဲ့ စကားရဲ့ အရိပ်အစွန်း ငါ မှတ်မိသတိရနေမှာပါ ...

ငါ လွမ်းရရုံနဲ့ ကျေနပ်တတ်တာ မင်းသတိရပေးပါ ရေဇက္ကာ ...

၂၀၀

မိုးဇေ



ရွှေအမင်ဆောပေ

ဘွားဘွားက ကျွန်တော် အိမ်ပေါ်ရောက်ရောက်ချင်း ပြေးဖက်ကာ မျက်ရည်အဝိုင်းသား ဖေဖေက ကျွန်တော်နှင့် ဘွားဘွားကို လက်ပိုက်ကြည့်နေပါသည်။

"မြေးလေးရယ် ဘွား ... မြေးကို သနားလိုက်တာ ..."

ကျွန်တော့်ဘဝရဲ့ မျက်ရည်ရှားပါးမှုနှစ်တွေအတွက် ဒီရက်ပိုင်းတွေဟာ အဲဒီ နှစ်၊ ရက်တွေ အတွက် အလျော်အစား ပြန်ပေးရသလိုပါပဲ ...။

"ကျွန်တော်ရဲ့ မိုက်မဲဆိုးသွမ်းမှုတွေအတွက် လောကကြီးကို တစ်ဖန် ဝင့်ကြွားပြန်ဆပ်တာလို့ သဘောထားပါတယ် ဘွားဘွားရယ်"

ဘွားဘွား ကျွန်တော့်စကားကြောင့် မျက်ရည်အဝဲသားနဲ့ ဖေဖေ့ကို လှမ်းကြည့်သည်။

"ကိုယ်ပြုသမျှကံက ကိုယ့်ကို ပြန်ခံရမယ်ဆိုတာ အလကား သက်သက် ထုတ်ထားတဲ့ အတွေးအခေါ် ဒဿနမဟုတ်ဘူး မေမေ။ အခု မေမေ့မြေးကို အလိုလိုက်ခဲ့သမျှ ပိုက်ဆံနဲ့ အဲဒီအမည်းစက်ကို လိုက်ဖျက်လို့ရခဲ့လား မေမေ ...၊ အစစ်အမှန်ဆိုတာ ဘယ်တော့မှ ပျောက်ကွယ်မသွားနိုင်ဘူး မေမေ ..."

ကျွန်တော့်ရဲ့ တစ်ချိန်လုံး ဆိုးသွမ်းမိုက်မဲမှုတွေက အရိပ်လို နောက်က တကောက်ကောက်လိုက်နေခဲ့ပါပြီ ...။

ဒါပေမဲ့ ဗက္ကာကို ကျွန်တော် ချစ်သည်၊ အဲဒီ အချစ်ကြောင့် သူမ ပျော်ရွှင်ကျေနပ်ဖို့ ကျွန်တော် ကြိုးစားမယ်ဆိုတာ ကိုယ့်စိတ် ကိုယ် ယုံကြည်ချက်ဖြင့် ကိုယ်ကိုယ်တိုင် ကတိပြုခဲ့သည်။

"သမီး ဗက္ကာရဲ့ အဖေတစ်ယောက်အနေနဲ့ သားကို လက်မခံနိုင်တာ တရားမျှတမှု ရှိပါတယ် သား ...၊ သူ့သမီး နောင်ရေးအတွက် ဘယ်သမီးရှင်ကမှ သားရဲ့ စာရိတ္တ ပြောင်းလဲလာမယ်ထင်ပြီး ကြည်ဖြူလက်ခံပေးမှာလဲ"

အခုအချိန်မှာ ဖေဖေ့ရဲ့ စေတနာကို ကျွန်တော် သဘောပေါက်ခဲ့ပါပြီ ...။

"ကျွန်တော် အလုပ်လုပ်ချင်တယ် ဖေဖေ"

ဖေဖေ ပြုံးသည်။

"ဖေဖေ စီစဉ်ပေးရမလား"

"ဟင့်အင်း .. သားကိုယ်တိုင် စီစဉ်မယ်"

ဖေဖေ ကျေကျေနပ်နပ် ခေါင်းညိတ်ပါသည်။

"ဘွားဘွား အလိုလိုက်လို့ ငါမြေးလေး ပျက်စီးရတာပါ သား ရယ်၊ မေမေအမှားပါ"

ဘွားဘွားက ဝမ်းနည်းစကားဆိုတော့ ဖေဖေက ဘွားဘွားကို နှစ်သိမ့်ပါသည်။

"အချိန်မီပါသေးတယ် မေမေရယ် ...၊ သား ..."

ကျွန်တော် ဖေဖေ့ကိုကြည့်သည်။

"သခင်မင်းညို နောက်တစ်ယောက် အသစ်တဖန် မွေးဖွားလာတယ် ထင်ရအောင် ငါ့သားစွမ်းဆောင်နိုင်တယ်လို့ ဖေဖေကတော့ ယုံတယ်"

"စိတ်ချပါ ဖေဖေ"

အဲဒီနေ့ရက်တွေကစပြီး ကျွန်တော် အလုပ်ကို ကြိုးစားလုပ် ဆောင်ခဲ့ပါတယ်။ ဘွားဘွားပေးတဲ့ အရင်းအနှီး၊ ကိုကိုနဲ့ ဖေဖေရဲ့ အကြံအဉာဏ်နှင့်အတူ ကျွန်တော် စက်မှုဇုန်ထုတ်ကားတွေ ဆင်ဖို့ ကျွန်တော် ကျောင်းတုန်းက သူငယ်ချင်း မြင့်ဌေးလွင်နှင့်အတူ မြေ ကွက်ရဖို့ ကျွမ်းကျင်အလုပ်သမားတွေ ရှာဖို့ကြိုးစားသည်။ မြင့်ဌေး တို့ရပ်ကွက်က လှဦး ဆိုတဲ့ကောင်လေးက မိဘအစဉ်အဆက် ကား ဘော်ဒီပြုပြင်ပုံရိုက်ရာတွင်ပညာရှင်တစ်ယောက်လိုကျွမ်းကျင်သည်။

နိုင်ငံခြားကက်တလောက်တွေကိုကြည့်ပြီး ကိုယ်တိုင် ဆန်းသစ် တီထွင်ရာတွင် သူ၏ဒီဇိုင်းတွေက ဆန်းပြား အချိုးကျသည်။ လှဦးရဲ့ ပထမဦးဆုံးဒီဇိုင်းကို ရုံတင်စစ်ဆေးခွင့်ပြုချက်ရအောင် ကြိုးစားရသည်။ ရပြီဆိုတာနဲ့ သူတို့ အင်နဲ့အားနဲ့ အလုပ်လုပ်ကြရပါသည်။

ဒီကြားထဲ ဗက္ကာရဲ့သတင်းတွေ ကြားခဲ့ရပါတယ်။ သိပ်မကြာခင် မြန်မာပြည်ကထွက်ခွာဖို့ ဦးစောဂျူးဇက် စီစဉ်နေပါသည်တဲ့ ...။

ရုံထဲကသံပြားကို တူနဲ့ထုသံတွေသည် သူ့နှလုံးသားကို ထုချေပုံဖော်သလို သခ်ီ ခံစားရပါသည်။ ဖြတ်ညှပ်ထားတဲ့ သံပြားဒီဇိုင်းတွေကိုကြည့်ပြီး သူ့ဘဝရဲ့ အစောပိုင်းက ပုံဖော်ခွင့်မရခဲ့တဲ့ ဘဝတွေကို နှမြောနေမိပါသည်။

"ဘာတွေတွေးနေတာလဲ သခ်ီ"

မြင့်ဌေးက မျက်နှာမှာစွပ်ထားတဲ့မှန်ကာဘာကို ဆွဲချွတ်ပြီး စားပွဲပေါ် တင်သည်။ ပြီးတော့ စားပွဲပေါ်က အသင့်ဖျော်ထားတဲ့ ကော်ဖီကို ယူသောက်သည်။

"ငါ့ဘဝကို အစုမှ ဒီသံပြားတွေလို ဖြတ်ညှပ် မီးပေး ထုရိုက်ပုံဖော်ခဲ့ရတာတွေကို တွေးပြီး ငါလေလွင့်ခဲ့တဲ့ နေ့ရက်တွေကို နှမြောလို့ ...."

"သခ်ီ ...."

မြင့်ဌေးက ကော်ဖီခွက်ကို ပြန်ချရင်း ပြောသည်။

"ကားတစ်စီးရဲ့ ဆွေးနေတဲ့နေရာတွေကို ဖြတ်တောက်ပြီး အခြားသံပြားနဲ့ ဖြတ်ညှပ်ဆက်လို့ရသေးတာပဲကွာ ... မင်း နောက်ကျသေးပါဘူး"

ကျွန်တော် ခေါင်းခါတော့ ဒီကောင် မျက်မှောင်ကြုတ်ကြည့်သည်။

"ကျန်တဲ့ လူနေမှုပုံစံတချို့က နောက်မကျသေးပေမယ့် ရင်ခုန်သံနဲ့ပတ်သက်တဲ့အချစ်က နောက်ကျသွားခဲ့ပြီ မြင့်ဌေး၊ ဗဏ္ဏာ သိပ်မကြာခင် မြန်မာပြည်က ခွာတော့မှာ ..."

ကျွန်တော့်စကားကြောင့် မြင့်ဌေးက ကျွန်တော့်ပခုံးကို ပုတ်ပြီး ...

"မင်းနဲ့ ဗဏ္ဏာ ထပ်ပြီး မဆုံတွေ့မပေါင်းရဖူးလို့ ဘယ်သူမှ တပ်အပ်မပြောနိုင်ဘူး သူငယ်ချင်း ...။ အနာဂတ်ဆိုတာ ကြိုးစားသူတွေအတွက် မှော်ဝင်တဲ့ ပျော်ရွှင်မှုပါ ... တစ်နည်းအားဖြင့် ပြောရရင် အချစ်ဆိုတဲ့အဓိပ္ပာယ်ဟာလည်း မှော်ဝင်တဲ့ပျော်ရွှင်မှုပဲ သူငယ်ချင်း ..."

ရင်ထဲကို ဆင့်ကဲ ရိုက်ခတ်သွားစေတဲ့ ပီတိလှိုင်းတွေ ...။တို့နှစ်ယောက်ရဲ့ မှော်ဝင်တဲ့နေ့တစ်နေ့ကို သစ် စောင့်နေမယ် ဗဏ္ဏာ ...။

မင်းပြန်လာပါ ...မင်းပြန်လာမှ ဖြစ်မှာပါ ...။

ရွှေသမင်စာပေ



"ပြန်ဖို့အတွက် ပြင်ဆင်ပြီး ပြီလား ဗဏ္ဏာ ညနက်နေပြီ သမီး"

"ဟုတ်ကဲ့ ဒက်ဒီ အားလုံး ပြင်ဆင်ပြီးပါပြီ ..."

နော်ဖေအက ဒက်ဒီဝင်လာတော့ ဒက်ဒီကို ခေါင်းငုံ့အရိုအသေပေးကာ ထွက်သွားပါသည်။

ဒက်ဒီ ကြည့်နေတာ ဗဏ္ဏာ သိပါတယ်။

"ဒက်ဒီ ..."

"ဆို ...ဗဏ္ဏာ ..."

သူမ အသံတွေ တုန်ယင်ခြင်းမရှိ ...။

"သမီး လေယာဉ်ကွင်းမှာ သခင်ကို နှုတ်ဆက်ချင်တယ် ဒက်ဒီ၊ ဒီအခွင့်အရေးကိုတော့ ဒက်ဒီပေးပါ"

ဦးစောဂျိုးဆက် ဗဏ္ဏာကို ငေးကြည့်နေမိသည်။ ပျော့ညံ့တာတ်

သူလို သူထင်ထားခဲ့တဲ့ သူ့ရဲ့သမီးဟာ အခုလို စိတ်ဓာတ်မာကျော လိမ့်မယ်လို့ သူ မထင်ထားခဲ့။

"အခြေအနေတွေက ပြီးသွားပြီပဲ သမီး၊ ထပ်တွေ့လို့ သမီး ဘာထူးဦးမှာလဲ၊ နောက်တစ်ချိန်မှာ သမီး ဒါတွေကို ပြန်တွေးကြည့် ရင် ရယ်စရာဖြစ်လာမှာပါ"

"ရယ်စရာ ..."

သမီးရဲ့ ခွန်းတုံ့ပြန် အံ့သြဟန်ကြောင့် ဦးစောဂျိုးဇက် ပင့်သက် ကို ခိုးရှိုက်မိသည်။

"သမီး စိတ်ဓာတ်က ဘယ်တော့မှမပြောင်းလဲသလို သခင့်ရဲ့ စိတ်ဓာတ်ကလည်း ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး ဒက်ဒီ၊ အဲဒီလို မပြောင်းလဲတာက· ဘုရားမှာ သစ္စာဆိုခဲ့ကြလို့ မဟုတ်ဘူး ဒက်ဒီ၊ စိတ်ဓာတ်အပေါ်ကို သစ္စာဆိုခဲ့ကြလို့ ..."

"ဒီကိစ္စက သမီးတို့အရွယ်မှာ သူရဲကောင်းဆန်တဲ့ဝါဒတစ်ခုလို ဒက်ဒီ ထင်တယ် ..."

သူမ ပြုံးသည်။

"သမီးတို့က ရိုမီယို ဂျူးလီယက်တို့လို အဆိပ်သောက်ပြီး အချစ်ကို အရှုံးပေးတတ်တဲ့သူမဟုတ်ဘူး ဒက်ဒီ၊ နူးညံ့စွာနဲ့ပဲ ဒက်ဒီ တို့ သဘောတူကြည်ဖြူလာမယ့်နေ့အထိ စောင့်ဆိုင်းမှာပါ"

ဦးစောဂျိုးဇက် သမီးကို အလျှော့ပေးလိုက်မိပါသည်။

"ကောင်းပြီလေ ...၊ မနက်ဖြန် သမီး သခ်ဲကို နှုတ်ဆက်ဖို့ ဒက်ဒီ ခွင့်ပေးပါတယ်"

"အဲဒီအတွက် ကျေးဇူးပါပဲ ဒက်ဒီ"

ဒက်ဒီ ပြောပြီးထွက်သွားတော့ သခ်ဲဆီ ဖုန်းဆက်ဖို့ ကြိုးစားပေမယ့် ဖုန်းက ဆက်၍မရ။ နာရီကိုကြည့်တော့ တော်တော်ကို ညည့်နက်နေပါပြီ။ နောက်ဆုံးတော့ လက်လျှော့လိုက်ပြီး မနက်မှဆက်မယ်လို့ ဆုံးဖြတ်ကာ အိပ်ရာထဲဝင်ခဲ့ပါတယ်။

အိပ်ရာပေါ် လှဲနေပေမယ့် ချက်ချင်း အိပ်လို့မရ။ မနက်ဖြန် ဒီအချိန်ဆို သူမ သခ်ဲနဲ့ ဝေးတဲ့နေရာ ဒေသသစ်တစ်ခုကို ရောက်ရှိနေပါပြီ။

မျက်ဝန်းကိုမှိတ်ပေမယ့် အာရုံမှာ ကိုချက်ကြီးတို့ရဲ့ ခြံဝန်းလေးကို မြင်နေမိခဲ့ပါသည်။ တစ်နေ့ ဗဏ္ဏာ မောင့်ဆီကို ရောက်အောင် ပြန်လာခဲ့ပါမယ် မောင် ...။



"ဗဏ္ဏာ ဒီနေ့ ညနေဒီကို ပြန်တော့မယ် မောင် ...၊ မောင် အခုချက်ချင်း လေယာဉ်ကွင်းကို လာခဲ့ပါ"

ထင်မှတ်မထားတဲ့ အသံရှင် တစ်ဖက်ကဖုန်းချသွားခဲ့သည်။

ကျွန်တော် ဖုန်းကို ကြောင်ကြည့်နေမိသည်။ နောက်မှ သတိဝင်လာကာ ...အခန်းထဲ ပြန်ဝင်ရင်း အင်္ကျီလဲကာ အခန်းထဲမှ ပြန်အထွက် ...နောက် သတိရကာ ...အခန်းထဲ ပြန်ဝင်ပြီး ဒေါင်းဘယက်ဘူးလေးကို ပြန်ဝင်ယူရပါသည်။

"ဟဲ့ ဘယ်လဲ ငါ့မြေး ..."

ဘွားဘွားကြီးက လှမ်းမေးပါသည်။

"လေယာဉ်ကွင်း ဘွားဘွား ..."

"ကားကို ဖြည်းဖြည်းမောင်းဦးနော် သား ..."

"ဟုတ်ကဲ့ ..."

ကျွန်တော် ကားစက်နှိုးကာ မောင်းထွက်လာခဲ့ပါသည်။ ကိုချက်ကြီးဆီက ပြန်လာတဲ့ တမ်ပတ်အတွင်း ဗဏ္ဏာရဲ့ သတင်းကို

ဘယ်လိုပဲ စုံစမ်းစုံစမ်း စုံစမ်းလို့မရခဲ့ ...ဗဏ္ဏာ ရန်ကုန်မှာ မရှိတော့ သလိုလို ကြားခဲ့ရပါသည် ...အခုတော့ ထင်မှတ်မထားဘဲ ...

ကားက လေယာဉ်ကွင်းထဲကို ချိုးကွေ့ဝင်လိုက်ပါသည်။

ကားကို ပါကင်ထိုးရပ်ပြီး အထဲဝင်ခွင့်ရဖို့အတွက် လုပ်ရပါသေးသည် ...အထဲကို ဝင်ခွင့်ရတော့ များပြားလှတဲ့ လူအုပ်ထဲမှာ ဗဏ္ဏာ့ကိုရှာမိသည်။

"မောင် ...."

ဗဏ္ဏာရဲ့ ခေါ်သံကြောင့် ကျွန်တော် ခေါ်သံရှိရာဆီကို ကြည့်တော့ ကျွန်တော်ရဲ့ ဆုတောင်းကောင်းတဲ့ မိန်းကလေး ...

အဖြူရောင် အင်္ကျီလက်ရှည် အနက်ရောင် စတိုင်နဲ့ ရေဗဏ္ဏာ...

သူမဘေးမှာ ဦးစောဂျိုးဇက် ကျွန်တော် ရေဗဏ္ဏာနားရောက်တော့ ဦးစောဂျိုးဇက်နဲ့ သူလူတွေက ခပ်ဝေးဝေးကို ရှောင်ပေးပါသည်။

ကျွန်တော် ဗဏ္ဏာရဲ့ လက်ဖဝါးတွေကို ဆုပ်ကိုင်မိသည်။ ဗဏ္ဏာရဲ့ မျက်ဝန်းမှ မျက်ရည်တွေက သီခိုနေပြီ။ ဗဏ္ဏာ ဟန်မဆောင်နိုင်စွာ ကျွန်တော့်ကို သိုင်းဖက်ထားရင်း ရှိုက်ငိုပါသည်။

"မောင်ရယ် ...."

သိမ့်သိမ့်တုန်ခါနေတဲ့ ခန္ဓာကိုယ်လေးကို ထွေးဖက်ထားရင်း ကျွန်တော် သူမကို အားပေးနှစ်သိမ့်ဖို့ ခက်နေပါသည်။

"ဗဏ္ဏာ ..."

သူမ မော့ကြည့်သည် မျက်ရည်စတွေက ကျွန်တော့် ရင်ခွင်ကို စွတ်စိုစေ၏။

"ဒီ... ဘယက်လေးကို အမြဲဆွဲထားပေးနော်"

ဗဏ္ဏာ ခေါင်းညိတ်သည်။

ကျွန်တော် ခေါင်းဘယက်ကို သူမလည်တိုင်မှာ တပ်ဆင်ပေးသည်။

"မောင် ..."

သူမ အားတင်းပြုံးသည် လေယာဉ်ကွင်းဆီ သွားကြဖို့ ထွက်ခွာမယ့်သူတွေ နှုတ်ဆက်သူက နှုတ်ဆက်၊ ပြင်ဆင်သူက ပြင်ဆင်ကြသည်။ တချို့က အပျော်နဲ့ ...၊ တချို့က အလွမ်းနဲ့ ...။

"မောင် မဆိုးနဲ့တော့နော်"

ကျွန်တော် ခေါင်းညိတ်ပြသည်။

"မောင် ဗဏ္ဏာ့ကို ချစ်ရင် လိမ်လိမ်မာမာနေနော်၊ ဗဏ္ဏာ ပြန်လာခဲ့မှာပါ"

သူမ ကျွန်တော့်ကို လက်တွဲဖြုတ်သည်။

"ကိုယ် စိတ်မကောင်းပါဘူး ... သခ ..."

ဦးစောဂျိုးဇက်က ကျွန်တော့်ဘေးမှာရပ်ရင်း အထဲဝင်သွားတဲ့ သမီးဖြစ်သူကို ကြည့်ရင်းပြောသည်။

ရွှေသမင်စာပေ

ကျွန်တော် ဘာမှ မတုံ့ပြန်ချင်တော့ပါ။ လေယာဉ်ကွင်းထဲက ထွက်ပြီး ကားဆီရောက်တော့ ကျွန်တော် ချက်ချင်း မောင်းမထွက်နိုင်သေး။ ကူရှင်မှာမှီပြီး အလွမ်းတွေကို ဖြေသိမ့်ဖို့ကြိုးစားရပါသည်။ ဒီအချိန်မှာ ကျွန်တော့်ကားဘေးမှာယှဉ်ရပ်ထားတဲ့ ကားတစ်စီးပေါ်က သီချင်းသံ ....

(xxxxလွမ်းတတ်တာ xxxချစ်လို့ xxxအချစ်အဓိပ္ပာယ် လွမ်းလို့ xxx စိတ်ဓာတ်တွေ လဲကျပြန်ဆုံတွေ့ချင် xxx

နင်ပြန်လာခဲ့ xxx ငါဝမ်းနည်းနေပြီ xxx မင်းရှိမယ့်နေရာဆီ xxxမြင်ယောင်ရင်း ရူး xxx ဘယ်ဆီမှာလဲ ငါလွမ်းလို့သေပြီ xxx အချစ်တို့ကွယ်ပြီးရင်တောင်တန်းဆီ xxx နင်ပြန်လာမှာလား xxx)

ထူးအယ်လင်ရဲ့ နင်ပြန်လာခဲ့ သီချင်းသံ ...

ပြန်လာခဲ့ပါ ရေဗက္ကာ ဟုတ်တယ် သီချင်းစာသားထဲကလို လွမ်းတတ်တာချစ်လို့ ရေဗက္ကာ ပြီးတော့ အချစ်ရဲ့ အဓိပ္ပာယ်ကလည်း အလွမ်းပဲလား ရေဗက္ကာ ငါမျှော်နေမယ်နော် ....

"ဘာသောက်မလဲ စောထွန်း ..."

ဦးဂျူးဇက်က ညှို့ဝင်စကားဆိုတော့ ဦးစောထွန်းက ...

"မင်းကြိုက်တာ မှာကွာ ဂျူး ..."

ဦးစောဂျူးဇက်က ဝန်ထမ်းလေးတစ်ယောက်ကိုခေါ် ကာ မီနူးကို ကြည့်ပြီး စားသောက်စရာအချို့ကိုမှာသည်။

"ဘယ်လိုလဲ မင်းသမီးရဲ့ အခြေအနေ အဆင်ပြေလား ..."

"ပြေပါတယ် ... သူ ဟိုမှာ ကျောင်းဆက်တက်နေတယ် ... အချိန်အားရင်တော့ သူ့မာမီ အလုပ်ကို ဝိုင်းလုပ်ပေါ့ကွာ ..."

"သခ် အခြေအနေရော ..."

ဦးဂျူးဇက်ရဲ့ အမေးကြောင့် ဦးစောထွန်းက စီးကရက် တစ်လိပ် မီးညှိပြီး ...

"တော်တော့်ကို ပြောင်းလဲသွားတယ် သူငယ်ချင်း။ ငါ တကယ်ကိုမထင်ထားဘူး။ ကောင်လေးရဲ့စီးပွားရေးကလည်း လူငယ်ဆိုတော့ အမြင်ရှိရော့ တိုးတက်မှု မြန်ဆန်လာတယ်"

"အရင်က သခ်ံနဲ့ - အခု သခ်ံမှာ ဘာတွေကွာဟချက်ရှိလဲ စောထွန်း"

ဦးစောဂျိုးဇက်ရဲ့ အမေးကြောင့် ဦးစောထွန်း ခေါင်းညိတ်ပြသည်။

"သိပ်ကို ကွာတာပေါ့၊ လောကကိုမြင်တတ်ပုံ အစိကလူတွေနဲ့ဆက်ဆံတဲ့အပိုင်းမှာ တော်တော်ကို ကွာလာတယ်၊ ဟိုနေ့က ငါနဲ့တွေ့တော့ ငါမေးကြည့်ဖူးတယ် ဂျိုး ..."

"ဘယ်လိုမေးကြည့်တာလဲ"

ဦးစောဂျိုးဇက် သခ်ံရဲ့သတင်းတွေကို မျက်ခြေမပြတ် အမြဲနားစွင့်နေပါသည်။

"ပြန်မလာမယ့်သူကို စောင့်နေမယ့်အစား မင်းအနားမှာ ဝိုင်းဝိုင်းလည်နေတာပဲ သခ်ံရယ် ...၊ မင်းအိမ်ကကားကို ထိုးရောင်းသလိုကြိုက်တဲ့သူကို လက်ညှိုးထိုးလိုက်ပါလားလို့ ပြောတော့ ..."

"ဘာပြောလဲ ..."

ဦးစောထွန်း ဦးဂျိုးဇက်ကို ပြုံး၍ကြည့်ပြီး ...

"ကျွန်တော် လက်ညှိုးညွှန်တဲ့နေရာမှာ ဗဏ္ဏာမှ မရှိတာတဲ့

သူငယ်ချင်း ..."

ဦးစောထွန်းစကားကြောင့် ဦးစောဂျိုးဇက် ရင်ထဲ ထိခိုက်သွားမိပါသည်။

"ကလေးတွေရဲ့ ကြိုးစားတဲ့စိတ်ဓာတ်ကို မင်း ဂုဏ်ပြုသင့်ပြီ သူငယ်ချင်း ..."

"ဘယ်လို ..."

"ဟုတ်တယ် သူငယ်ချင်း။ မင်းလည်း ကိုယ်ချင်းစာတတ်မှာပါ"

ဦးစောဂျိုးဇက် အဲဒီ စကားတစ်ခွန်းကြောင့် ရင်ထဲ လှုပ်ခနဲဖြစ်သွားပါသည်။

"မင်းနဲ့ မင်းရဲ့ချစ်သူ မာရီယာကို သိပ်ချစ်တတ်ရင် သခင် ဗက္ကာကို မင်းလိုပဲ စွဲစွဲလမ်းလမ်းချစ်နေမှာပဲ၊ ဘာလို့လဲ သိလား ဂျိုး ...."

သူ့နှုတ်ခမ်းတွေ ဆွံ့အသွားခဲ့သည်။ မေ့ပျောက်ထားတဲ့ ကမ္ဘာ တစ်ခုကို ဒီကောင် ဘာလို့ဖော်ထုတ်ချင်ရတာလဲ စောထွန်းရယ်လို့ ညည်းမိသည်။

"သစ္စာတရားကြောင့်ပဲ"

နှစ်ယောက်လုံး ငြိမ်သက်သွားမိပါသည်။

"မာရီယာ ဆုံးတာ ဘယ်လောက်ရှိပြီလဲ ဂျိုး ..."

ဦးစောဂျိုးဇက် သက်ပြင်းတွေပုံအောလျှင့်ထုတ်မိသည်။

"နှစ်ဆယ့်ခြောက်နှစ် ...."

"ဒါပေမယ့် မင်းစိတ်ထဲမှာ မနေ့တစ်နေ့ကလိုပဲမဟုတ်လား"

မာရီယာဆိုတာ ဦးစောဂျိုးဇက်ရဲ့ အချစ်ဦး။ သူနဲ့ မာရီယာကို မာရီယာ့ဘက်က သဘောမတူ၊ အတင်းခွဲဖို့ ကြိုးစားရင်း မာရီယာ အသက်စွန့်ပြီး သူ့အချစ်ကို သက်သေထူသွားတဲ့ အဖြစ်တစ်ခု ရှိခဲ့ဖူးသည်။

ဒီဖြစ်ရပ်ဟာ သူနဲ့ မာရီယာ ကျင်လည်ခဲ့တဲ့ တောင်ကြီးမြို့ရဲ့ နေရာဝန်းကျင်မှာ၊ အခုဆို မေ့ပျောက်သတိရကြတော့မှာ မဟုတ်ပေမယ့် သူ့ရင်ထဲမှာတော့ ယနေ့တိုင် ပျောက်ကွယ်မသွားခဲ့ ...။

"မာရီယာ နေရာမှာ မင်းရဲ့သမီးဆိုရင်ရော ..."

"ဟင် ..."

ရင်ဘတ်ထဲမှာ ဆူး တစ်ချောင်း ဝင်သွားသလို ခံစားလိုက်ရပါသည်။

"ခေတ်တွေလည်း ကွာသွားပြီ ဂျိုး၊ မင်း သေသေချာချာ စဉ်းစားပါကွာ"

စောထွန်းရဲ့စကားက သူ့အတွက် ဒီနေ့ည အိပ်ရေးပျက်စေမည်ဆိုတာ သူ သိနေခဲ့ပါသည်။

မာရီယာရဲ့ အတိတ်ကြောင့် လက်ရှိ သမီးဗက္ကာရဲ့မေမေနဲ့ သူ့ အိမ်ထောင်ရေး သူစိမ်းဆန်နေခဲ့တာ အမှန်။

*သမီး ဒီကိစ္စတွေကို သိပေမယ့် သူ့အပေါ် တစ်ချက်ကလေးမှ ထောက်မပြခဲ့ ...။

မာရီယာ ကိုယ်နဲ့မင်းလို အဖြစ်မျိုး နောက်တစ်ခါ ကြုံလာမယ် ဆိုရင် မင်း ကိုယ့်အပေါ် ခွင့်လွှတ်နိုင်မှာလား ...။



အခုဆို နင် ငါ့ရင်ခွင်ကနေ ထွက်သွားတာ သုံးနှစ်စွန်းခဲ့ပြီ။ အဆက်အသွယ် တစ်ခုမှမလုပ်ဘဲ နင်နေနိုင်ရက်တာ ဘာကြောင့်လဲ ချစ်သူ ...။

ကျွန်တော် ဝရန်တာဆီမှာ ထွက်ရင်း ဟိုးအဝေးကြီးက မိုးတိမ်တွေကို ငေးကြည့်နေမိပါသည်။

အခုဆို ဒီတိုက်ခန်းလေးထဲမှာ ကျွန်တော် တစ်ယောက်တည်း။ ကျွန်တော် ဒီတိုက်ခန်းလေးကို ပြောင်းနေမှာတော့ ဘွားဘွားတို့က စိတ်ပူသည်။ ဒါပေမယ့် ဖေဖေက သူ ဘာဖြစ်နေတာကိုသိသည်။

"မေမေ ...သားကို သားနေချင်သလို လွတ်လွတ်လပ်လပ် နေခိုင်းလိုက်ပါ"

ဘွားဘွားက ဘာမှ မပြောတော့။ အခုဆို ကျွန်တော် ဖွင့်လှစ်ထားတဲ့ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာလုပ်ငန်းက တော်တော်အဆင်ပြေခဲ့ပါတယ်။ ကြည်သာ့အဖေ အဆက်အသွယ်နဲ့ ယိုးဒယား

ထုတ်ခါတတ်မြေသြဇာကိုမြန်မာပြည်ကိုယ်စားလှယ်အဖြစ်ကျွန်တော်နဲ့ ကြည်သာ မှတ်ပုံတင်သွင်းကာ ဟင်သွင်းရောင်းချသည်။

တစ်ခါတစ်ရံ ကြည်သာ မဟုတ်ရင် ငနောင်တို့ထဲက တစ်ယောက်ယောက် သူနှင့်လာနေကြပါသည်။

လူခေါ် ခေါင်းလောင်းတီးသံကြောင့် ကျွန်တော် အခန်းတံခါးဖွင့်ကြည့်တော့ ....

"ဟာ ...ကိုချက် ..."

ကိုချက်ကို မြင်လိုက်ရတော့ ကျွန်တော် ပျော်ရွှင်သွားပါသည်။

"အစ်ကိုက ပျောက်ချက်သားကောင်းနေလိုက်တာ ..."

ကိုချက်ရဲ့ ကျောပိုးအိတ်ကို ကျွန်တော် လှမ်းယူပြီး အထဲဝင်တော့ ...

"ရာသီချိန်ဆိုတော့ ... မအားဘူး ငါ့ကောင်ရ .."

"ဟုတ်မှလည်း ပြောစမ်းပါ၊ မိန်းမရပြီဆိုတော့ မိန်းမဘေးက မခွာချင် မခွာချင်ဘူး ပြောစမ်းပါဗျာ"

ကိုချက်က ကျွန်တော့်လက်မောင်းကို လှမ်းထိုးပြီး တဟားဟားအော်ရယ်သည်။

ကျွန်တော် ခါးမှာချိတ်ထားတဲ့ ဖုန်းကနေ အသံမြည်လာပါသည်။

"ဟလို သခ်ိမင်းညို စကားပြောနေပါတယ်။ ဩော် ...

ကြည်သာလား ... ဟော့ကောင် ကိုချက်ရောက်နေတယ် .. အေး မင်းဝယ်စရာရှိတာဝယ်ခဲ့၊ အေးပါ .. ဟိုကောင်တွေပါ ဝင်ခေါ်ခဲ့"

ကျွန်တော် ဖုန်းကို ပြန်ပိတ်ပြီး ...

"ကြည်သာ့ဆီက ကိုချက် ..."

ကျွန်တော် စီးကရက်ဘူးကို ကိုချက်ကို လှမ်းပေးသည်။

"ဒီကောင့်မင်္ဂလာဆောင်က နီးပြီလား"

"အင်း .. အခုလာမယ့်ဒီဇင်ဘာမှာ ပြည့်ပြည့် သူတို့ ကုမ္ပဏီ ကတက်နိုင်းတဲ့ သင်တန်းတစ်ခုရှိလို့ အစ်ကို၊ သင်တန်းပြီးလို့ ပြန် လာရင် လက်ထပ်ကြမယ်တဲ့ ...၊ ဒါနဲ့ အစ်မရော နေကောင်းလား ..."

ကိုချက်ကို ကျွန်တော် မီးခြစ်ခြစ်ပေးရင်း မေးမိပါသည်။

"ကောင်းတယ် သခ် ...၊ အမှန်က သူလည်း လိုက်လာမလို့၊ ဒါပေမယ့် ဟိုမှာ ငါမရှိရင် သူရှိနေမှ ရမှာကို၊ တကယ်ကို ငါရော ထွေးပါ မင်းကို ကျေးဇူးတင်တယ် သခ် ..."

"ဘာကိုလဲ အစ်ကို ..."

"မင်းဝယ်ပေးတဲ့ခြံရဲ့ အကျိုးကျေးဇူးကြောင့် အဆင်ပြေနေ ပါပြီ၊ အခုဆို ...ထွေးရဲ့ ထမင်းဆိုင်က မြို့မှာ နာမည်ရပြီ ခုံခုံညား ညားလေးဖြစ်လာပြီ၊ သီးပင် စားပင်တွေကလည်း အောင်မြင်တော့ ငါတို့ စီးပွားရေးလေး ကောင်းလာတာပေါ့။ မင်းကို သိပ်ကျေးဇူး တင်တယ် သခ် ..."

"မလိုပါဘူး …ကိုချက်ရာ အဲဒီကိစ္စကို ထားလိုက်ပါ"

ကျွန်တော် ဒီကိစ္စတွေကို စကားမဆက်ချင်မှန်းသိ၍ ကိုချက် ထပ်မပြောတော့ …။

"ဟော … ဟိုကောင်တွေလာပြီထင်တယ် …"

လူခေါ် ဘဲလ်သံကြောင့် ကိုချက်က တံခါးထဖွင့်သည်။

"ဟ … လူစုံတက်စုံပါလား …"

"ကိုချက် ဘယ်တုန်းကရောက်လဲ"

ပြည့်ပြည့်က ကုမ္ပဏီမှ တန်းဝင်လာဟန်ရှိသည်။ ယူနီဖောင်း မလဲရသေး။

နောင်နောင် ဓောင်းနဲ့ နာဠာဂီရိတို့လည်း ပါလာပါသည်။ ကိုချက်နဲ့ အလုအယက် စကားပြောနေကြပါသည်။ ဓောင်းက နောက်ဖေးခန်းထဲတန်းဝင်ကာ ဝယ်လာတဲ့ စားစရာတွေကို ပြင်ဆင်သည်။

ခဏနေတော့ အိမ်ရှေ့ဝရန်တာကို သယ်မလာပါသည်။ အေးစက်နေတဲ့ ဘီယာပုလင်းတွေက တော်တော်များပါ သည်။

"ချီးယားစ် …"

ကျွန်တော်နဲ့ ပြည့်ပြည့်က အချိုရည်ဘူးတွေနဲ့ ချီးယားစ်လုပ် တော့ ….

"မင်း လုံးဝကို အရက်မသောက်တော့ဘူးနော်"

ဒီစကားကြားတိုင်း ရင်ထဲမှာ သတိရစိတ်ကို နှိုးဆော်လိုက်သလိုပါပဲ ....။

"ကိုချက်ကြီးကလည်း လွမ်းချင်နေတဲ့ လူကို လက်တို့နေပြန်ပြီ"

"ဟုတ်သားပဲ မေ့လို့ ..."

ကျွန်တော် သက်ပြင်းခိုးချမိသည်။

"ဗဏ္ဏာကလည်း ဟုတ်ပါရဲ့ပာယ် ...ဖုန်းလေးတော့ ဆက်သင့်တာပေါ့ ..."

"ပြည့်ပြည့် နင်ပြောမှ ပိုဆိုးပြီ ..."

"မေ့လို့ ... ဆောရီး ..."

"ရပါတယ် ဘာမှမဖြစ်ပါဘူး"

ကျွန်တော့်စကားကြောင့် နာဠာဂီရိက ...

"ဘာမှမဖြစ်ပါဘူး .. ရင်ဘတ်သွေးစို့ယုံလောက်ပါ"

ဒီကောင့်စကားကြောင့် ဝိုင်းရယ်ကြပါသည်။

"ဒီဒဏ်ရာလောက်ကတော့ ငါ့သူငယ်ချင်းက ပျင်းတောင် ပျင်းသေးတယ်၊ နှလုံးသားကိုအပ်စိုက်ပြီး တူနဲ့ထုရင်တောင် အပြုံးမပျက်ဘူး"

"အပြုံးတော့ မပျက်ဘူး .. မျက်ရည်ပဲကျမှာလား ..."

ငနောင်အပြောကြောင့် အားလုံး ရယ်ကြပါသည်။

ပြောကုန်ကြပြီ သီလား ရေဗဏ္ဏာ ...

စက္ကန့်မလပ် သတိရနေခြင်းက မေ့ပစ်ဖို့ကို ခက်ခဲမှန်း ငါသိပါသည်။ ရင်ခုန်သံစက်ဝိုင်းမှာ အမှတ်တရပြင်းအားနဲ့ အမှတ်ထင်ထင်မြှားသွား ဘယ်အချိန်ကတည်းက စိုက်ဝင်နေရတာလဲ ရေဗက္ကာ ...။

ခြေထောက်တွေ မော့လိုက်တာ ဆိုတဲ့ အသံလေးက စတင်ပြီးတော့လား ...

"ရေခဲကြောင့်လား မသိဘူး .. သွားတွေချမ်းလိုက်တာဟာယ်"

ပြည့်ပြည့်က ဗက္ကာ ပြောတတ်တဲ့ စကားတစ်ခွန်းနဲ့ ကျွန်တော့်ကို စသည်။

ဗက္ကာ ... လှေနံဓားထစ် ငါ့ရဲ့အချစ်က တရားသေ‌ပူဖွဲ့အလမ်းနဲ့ တစ်ချိန်မှာ လွှမ်းရမယ်လို့ ငါ ဘယ်သိပါမလဲဟာ ...

"သခ် ..."

"ဟာ ...ဦးစော ...ဗြော် ..."

နောက်ကနေ ရုတ်တရက် ပုတ်လိုက်လို့ လှည့်ကြည့်မိတဲ့အခါ ဦးစောဖြစ်နေတာကြောင့် ဝမ်းသာသွားပါသည်။

ဦးစောနှင့်အတူ ရေဗက္ကာရဲ့ဒက်ဒီ ဦးစောဂျိုးဇက်။ ဦးစောက ကျွန်တော်နဲ့ ဦးစောဂျိုးဇက်နဲ့ ဇာတ်လမ်းကိုသိမည့်ပုံမရ ...။

"ဘယ်လာတာလဲကွ"

"ကျွန်တော် ငွေလာထုတ်တာ ဦးစော"

ကျွန်တော်က ဘဏ်ကို မေးဆတ်ပြရင်းပြောသည်။

"ဂျိုး ဒါ ငါ့သြီရင်းလိုခင်တဲ့ ချာတိတ် .. သခ်မင်းညိုတဲ့ ..."

"ငါတို့ချင်းသိတယ် သူငယ်ချင်း"

ဦးစောဂျိုးဇက်က ပွင့်ပွင့်လင်းလင်း ပြောတော့ ဦးစောက ရယ်သည်။

"ကျွန်တော်သွားဦးမယ် ဦးစော၊ အလုပ်ကိစ္စလေးတွေရှိလို့ သွားဦးမယ် ဦးစောဂျိုးဇက်"

"ကောင်းပါပြီဗျာ"

ကျွန်တော် ဘဏ်ရှိရာဘက်ကို ထွက်လာခဲ့ပါသည်။ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ သိပ်မှန်တယ် ရေဗက္ကာ တစ်နေရာမဟုတ် တစ်နေရာ ပတ်သက်မှုတွေက ပြန်တစ်ပတ်လည်လာခဲ့တယ်။

အရေးကြီးတယ်လို့ ချက်ချင်းအကြောင်းကြားတဲ့ ကိုချက်ရဲ့ ဖုန်းသံကြောင့် ကျွန်တော် ထွက်လာခဲ့ပါသည်။ ကိုချက်ပြောပုံအရ က ကျွန်တော် ဝယ်ထားတဲ့ ခြံမြေကိစ္စတဲ့ ...၊ ကျွန်တော် ရှင်းရှင်း လင်းလင်းသိအောင် မေးတော့ ဟိုရောက်မှ အေးအေးဆေးဆေး ပြောပြမယ်လာခဲ့ပါဆိုလို့ ကျွန်တော် ထပ်မမေးတော့ပါ။

ကျွန်တော် မထွေးတို့ဆိုင်ရှေ့ရောက်တော့ ကောင်တာမှာ မထွေး ထိုင်နေတာကို သိရပါသည်။ ဖုန်မှုန့်တွေက ကားရပ်တော့ ထွေးခနဲ။ ကျွန်တော် ကားပေါ်က ဆင်းတော့ မထွေးက လှမ်းကြည့် ပြီး အားရဝမ်းသာနဲ့ ကောင်တာမှ ဆင်းလာကာ ...

"သခင်တို့များ ခေါ်မှပဲ လာတော့တယ်နော်"

ကျွန်တော် ဝိုင်းတစ်ဝိုင်း ဝင်ထိုင်တော့ မထွေးက ရေသန့်ဘူး တစ်ဘူးလှမ်းမှာပေးပါသည်။

"သောက် အမောပြေ ခဏနေ ထမင်းစားဦး ..."

မရောက်တာကြာပြီမို့ ဆိုင်ရဲ့ အနေအထားကို ကြည့်မိသည်။

"စီးပွားရေး ကောင်းနေတယ်ဆို ..."

မထွေးက ရယ်ရင်း ...

"မင်းရဲ့ ကျေးဇူးတွေကြောင့်ပါ သခ်ရာ ..."

ရှေ့ဆက် စကားပြောနေရင်း ကျေးဇူးတင်လွှာတွေပါလာမှာ စိုးတာကြောင့် ...

"ကိုချက်ရော ..."

"ခြံထဲမှာ ..."

"ဒါဆို ကျွန်တော် လိုက်သွားဦးမယ်"

"ဟဲ့ .. ထမင်းစားပြီးမှ သွားလေ"

"ရတယ် အစ်မ၊ ခြံထဲရောက်မှပဲ စားတော့မယ်"

"ဘာနဲ့သွားမှာလဲ .. ကားနဲ့လား ..."

"ဟင့်အင်း .. ဆိုင်မှာ ဆိုင်ကယ်ရှိတယ်မှတ်လား အစ်မ ..."

"အေး .. ဆိုင်ခေါင်းရင်းမှာရှိတယ် သခ်၊ သော့ အစ်မ ယူပေးမယ်"

မထွေးက ကောင်တာခေါင်းရင်းမှာချိတ်ထားတဲ့ သော့ကို သွားယူပေးပါသည်။

"ခြံကိစ္စ ဘာထူးလို့လဲ အစ်မ ..."

"မသိဘူး သခ် ... နင့် ကိုချက်က ငါ့ဆို ဘာမှပြောတာမဟုတ်ဘူး။ ဟိုရောက်မှ မေးကြည့်ပေတော့"

"ဒါဆို လိုက်သွားလိုက်ဦးမယ်"

"အေး ...အေး ..."

မထွေးကို နှုတ်ဆက်ပြီး ဆိုင်ကယ်ကို စက်နှိုးကာ မောင်းထွက်ခဲ့ပါသည်။

ဆိုင်ကယ်ကိုစီးတော့ ကျွန်တော်နဲ့ ဗဏ္ဍာ ခိုးပြေးခဲ့ဖူးတဲ့ အဖြစ်အပျက်တွေကို ပြန်သတိရမိသည်။

တိုက်ဆိုင်မှုဆိုတာ ဒီလိုပါပဲ ...၊ အခုလည်း ကြည့် .. ရွာထဲဝင်တဲ့လမ်းထိပ်မှာ ကတ္တရာလမ်းခင်းနေတဲ့ အုပ်စုတစ်စုကို တွေ့မိပြန်ပါသည်။

အဲဒါပဲလေ .. အတိတ်ဆိုတာကို တိုက်ဆိုင်လို့ ပြန်မြင်ယောင်လွမ်းမိတိုင်း ပြင်းထန်တဲ့ ခံစားချက်က အနိုင်နဲ့ ပိုင်းသွားတာချည်းပဲ။

"ဟို အစ်ကိုကြီး ..."

ခမောက်ဆောင်းထားပြီး မျက်နှာကို လုံချည်ဟောင်းတစ်ထည်နဲ့ပတ်ထားတဲ့ အမျိုးသမီးလေးက ကျောက်ခဲဗန်းကို ရွက်လာရင်း အားရဝမ်းသာပြောသည်။

ကျွန်တော့် ဆိုင်ကယ်အနီးဆုံးမှာ အမျိုးသမီးနှစ်ယောက် ရှိုင့်နေတဲ့နေရာတွေထဲ ကျောက်ခဲတုံးတွေ ဖြည့်နေကြသည်။

ကတ္တူရာကျိုးနေတဲ့ ကောင်လေးက ဈေးတွေကို လက်နဲ့သပ်ချ ရင်း ...

"အစ်ကို ဆိုင်ကယ်ဖွက်ပေးရဦးမလား"

"ဟို ... အစ်မကြီးရောမပါဘူးလား အစ်ကို"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြတဲ့ စကားတွေ ကြောင့် မရှိုတင်ကဲပြုံးကာ သူတို့ စကားတွေကို ဥပေက္ခာပြုရင်း...

"ဘယ်လိုလဲ .. နေကောင်းကြလား ..."

"အစ်ကိုကလဲ မေးတာ တခြား ..."

"အေးလေ"

သူတို့ရဲ့ မေးခွန်းအတွက် ပြန်မဖြေမှုကို မကျေနပ်ကြဟန်ရှိ သည်။

"ကိုချက် တစ်ယောက်ရော တွေ့မိလားကွ"

"သိပ်မကြာသေးဘူး အစ်ကို ခြံထဲသွားဦးမယ်ဆိုပြီး ဒီကနေ ထွက်သွားတာ"

"ဒါဆို လိုက်သွားဦးမယ်၊ ခြံထဲလာခဲ့ကြဦးလေကွာ .. အားလုံး ပဲ"

ကျွန်တော်က ဆိုင်ကယ်စက်နှိုးရင်းပြောတော့ ချာတိတ် တစ် ယောက်က ပြန်ဖြေပါသည်။

"ညနေ ကျွန်တော်တို့ ရွာထဲလာစရာရှိတယ်"

"အေး.. လာခဲ့ကြ အစ်ကိုစောင့်နေမယ်၊ အားလုံး သွားပြီ"

ဆိုင်ကယ်ကို ဂီယာထိုးပြီး ဆိုင်ကယ်ဘီးအနီးက ကျောက်စရစ [illegible] နေတဲ့ ကောင်မလေးနှစ်ယောက်ကို တိုက်မိမှာစိုးတာကြောင့် ဘီးကို ရှိုးကွေ့စဉ် ...

"ဒီမှာ ဒါ ရှင့်ဟာလား ..."

ကျွန်တော့်ကိုရည်ရွယ်ပြီး မေးလိုက်တဲ့မေးခွန်း ...၊ ပြီးတော့ အသံ ...

လက်တစ်ဖက်က ဆန့်ထွက်လာပါသည်။ ဒါပေမယ့် ကောင်မလေးက မျက်နှာမဖော် ခေါင်းငုံ့နေဆဲ ...။

"ဟာ ..."

ကျွန်တော် လေယာဉ်ကွင်းမှာ ဗဏ္ဏာကိုပေးခဲ့တဲ့ ဘွားဘွားရဲ့ ခေါင်းဘယက် လည်ဆွဲဘူးလေး...၊ ဒါဆို ...ဆိုင်ကယ်ကို စက်သတ် ဒေါက်ထောက်ပြီး ဘယက်ဘူးပေးတဲ့ ကောင်မလေး ရှေ့မှာ ဒူး ထောက်ရင်း သူမပခုံးကို ကိုင်ကာ ...

"ဗဏ္ဏာ ..."

"အို .. လွှတ်ပါ ..၊ ကျွန်မ ဗဏ္ဏာ မဟုတ်ဘူး"

ခမောက်ကိုချွတ် လုံချည်ကို သူမက ဖယ်ပြတော့ စိတ်စနိုး စနောင့်ပုံစံနဲ့ ဗဏ္ဏာ မဟုတ်သော မိန်းကလေးတစ်ယောက် ....

ရင်ထဲမှာ အရှိန်နဲ့ ပစ်ချခံလိုက်ရသလိုလို ... အရုပ်ကြိုးပြတ်

ထိုင်ချမိရင်း ခေါင်းကိုခါမိသည်။

"ခြေထောက်တွေ မောလိုက်တာ ..."

"ဟင် ..."

ကျွန်တော် အံ့အားသင့်သွားကာ ခေါင်းကို ပြန်ဖော့ကြည့်တော့ ကျွန်တော့်ရှေ့မှာ ခုန မိန်းကလေးက ရယ်နေသည်။ ခုနအသံက ဘယ်သူ့ဆီကလဲ ...၊ ကျိတ်ရယ်သံတွေ တစ်စတစ်စ များပြားလာသည်။ ကျွန်တော် နားမလည်...၊ နောက်ဆုံး မအောင့်အီးနိုင်တော့တဲ့ရယ်သံကြီး ...၊ အဲဒီရယ်သံပိုင်ရှင်ကို ကြည့်တော့ လမ်းကြိတ်စက်ပေါ်ကနေ ခုန်ဆင်းလာရင်း မအောင့်အီးနိုင်တော့ဘဲ မြေကြီးပေါ်ထိုင်ချပြီး အူလှိုက်သည်းလှိုက်ရယ်နေသူ ကိုချက်ကြီး ကျွန်တော်ဘာမှနားမလည် ...။

"မောင် ..."

ခေါ်သံနှင့်အတူ ကျွန်တော်ရှေ့က မိန်းကလေးရဲ့ ဘေးမှာ ယှဉ်ထိုင်နေတဲ့အဖော်က ခမောက်ကို ချွတ်ချ ပုဆိုးဟောင်းကို မျက်နှာမှ ဆွဲဖယ်တော့ ထွေးခနဲကျလာတဲ့ဆံပင်တွေကို အရှိန်နဲ့ ခါထုတ်နေသော ကျွန်တော့်ရဲ့ ရေဗက္ကာ ...

သူမ မျက်ဝန်းမှာ တွဲခိုနေတဲ့ မျက်ရည်စနှင့်အတူ တောက်ပတော့မယ့် ကြယ်တစ်စင်းလို အပြုံး ...

"ဗက္ကာ ..."

ကျွန်တော် သူမကို တင်းကျပ်စွာဖက်ထားမိသည်။ လက်ခုပ်သံတွေ ဆူညံသွားပါသည်။

"မင်းရဲ့ခြံကို အတင်းလိုက်ဝယ်နေတဲ့ ပိုင်ရှင်အသစ်က သူပဲသခံ ..."

ကိုချက်ကြီးရဲ့အသံနှင့်အတူ အားလုံးကရယ်ကြသည်။ ကိုချက်ကြီးက ဆက်ပြောပါသည်။

"ဒီအစီအစဉ်တွေ အားလုံးကို ရေးဆွဲဖန်တီးသူက မင်းရဲ့ ရေဗက္ကာ ပဲလေ..."

ကျွန်တော် ဖက်တွယ်ထားရာမှ လွှတ်ပေးမိပြီး သူမကိုကြည့်ပြီး မေးမိသည်။

"ဟုတ်လား ရေဗက္ကာ ..."

ကျွန်တော်ရဲ့ လက်တွဲဖော် မိန်းကလေးမှာ ပါးပြင်ပေါ်မှာ မျက်ရည်စတွေ ...၊ ဒါပေမယ့် အပြုံးတွေက အသက်ရှင်နေဆဲ ...။

"မောင် အံ့ဩသွားအောင်လို့လေ ...၊ ပြီးတော့ သူတို့အားလုံးကလည်း တိုက်တိုက်ဆိုင်ဆိုင် ဒီနေရာမှာ လမ်းခင်းနေကြတာကိုး မောင်ရဲ့ ...၊ ဘာလဲ မကျေနပ်ဘူးလား ..."

ကျွန်တော် ကျေကျေနပ်နပ်ခေါင်းညိတ်ပြမိရင်း သူမရဲ့ နဖူးကို ခပ်ဖွဖွနမ်းမိတော့ တစ်ယောက်က ...

"ဟေ့ နှလုံးသားအပူရှပ်မယ်ဗျို့ ... ကြည့်လုပ် ..."

ကိုချက်ကြီးကလည်း အားကျမခံ ....

"ကြည့်လုပ်ဆိုတာ လုပ်ကြည့်လို့ ပြောတာလားဗျ"

သူမက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော် ရင်ခွင်မှာ သူမခေါင်းကို တိုးဝင်ရင်း ...

"ဒက်ဒီက သဘောတူလိုက်ပြီမောင်၊ မောင့်အကြောင်းကို ဦးစောက အားလုံးပြောပြလို့ ဒက်ဒီလည်း နားလည်သွားပြီလေ ...၊ ပြီးတော့ ..."

"ဒက်ဒီ ကုမ္ပဏီငွေရေးကြေးရေး အကျပ်အတည်းဖြစ်နေချိန်မှာ မောင့် ဘွားဘွားက တစ်ဖက်လှည့်နဲ့ ဦးစောကို အကူအညီတောင်းပြီး ကုမ္ပဏီဆက်ရပ်တည်နိုင်ဖို့အတွက် အကူအညီပေးခဲ့တာတွေ၊ အရင်လို မဆိုးတော့ဘဲ မောင့်ရဲ့ တိုးတက်လာတဲ့အခြေအနေ၊ အောင်မြင်လာတဲ့ ကုမ္ပဏီကိစ္စအခြေအနေတွေကို လေ့လာပြီး ... ဒက်ဒီ မောင်နဲ့ဗဏ္ဏာကို သဘောတူဖို့ ဖြစ်လာခဲ့ပြီလေ ...၊ အဓိက အကြောင်းရင်းက ဘွားဘွားရဲ့ ကျေးဇူးကြောင့် သဘောတူခဲ့ရင်လည်း မမှားဘူးပေါ့မောင် ...

နောက်ပြီး အရေးကြီးတာက ဘာသာတရားပဲ မောင် ...၊ ဗဏ္ဏာရဲ့ ကြိုးစားရှင်းပြမှုကြောင့် မောင်နဲ့ ဗဏ္ဏာ ကိုယ်ယုံကြည်တဲ့ ဘာသာတရားကို ကိုယ့်စိတ်ကြိုက် လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် ရှိတယ်လို့ ဖေဖေ လက်ခံခဲ့ပြီလေ ..."

"ဆက်ပြောပါဦး ဗဏ္ဏာ ..."

ဗဏ္ဏာက နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြီး ...

"မောင်နဲ့ကျွန်မရဲ့ အချစ်ကို သူတို့ တန်ဖိုးထားတတ်ကြတယ်"

"ဟုတ်တာပေါ့ ဗဏ္ဏာရယ် ..."

"မနေ့ကတည်းက ဗဏ္ဏာ ပြည့်ပြည့်တို့ ကြည်သာတို့ အုပ်စုနဲ့ အတူ ဒီကိုရောက်နေတာ မောင်"

"ဟာ .. ဒီကောင်တွေ မောင့်ကို တစ်ပတ်ရိုက်သွားတယ်၊ အရေးတကြီးကိစ္စရှိလို့ဆိုပြီး မနေ့ကတည်းက ပျောက်သွားကြတာ"

ကျွန်တော့်စကားကြောင့် ဗဏ္ဏာက သဘောကျစွာရယ်သည်။

"သူတို့ ခြံထဲမှာ ချက်ပြုတ်ပြီး စောင့်နေကြတယ် မောင်"

ဗဏ္ဏာ လမ်းခင်းတဲ့အဖွဲ့ကို လှည့်ကြည့်ပြုံးရင်း ...

"သူတို့အလုပ်ချိန်ပြီးလို့ ညနေရောက်ရင် ခြံထဲကို အားလုံး လိုက်လာလိမ့်မယ်"

"ကောင်းတာပေါ့ဗဏ္ဏာ ... တို့ရဲ့ အမှတ်တရပွဲတစ်ခုပေါ့"

ဟေးခနဲ အော်ပြီး လက်ခုပ်တီးကြပါသည်။

"မောင် အံ့ဩသွားတာသိတော့ ဗဏ္ဏာ ရယ်ချင်လိုက်တာ၊ ပြီးတော့ မောင် ခံစားနေပုံကိုကြည့်ပြီး ဗဏ္ဏာ မနေနိုင်ဖူး မောင်"

"အချစ်ဓာတ်လမ်း သိပ်ခင်းမနေကြနဲ့ အစ်မ၊ ညနေကြရင် ကျွန်မတို့လာမှာနော် ..."

ဘေးက မိန်းကလေးက ဘယက်ဘူးကို လှမ်းပေးရင်း ပြောသည်။

"ကြိုက်သလောက်လာ ... ကြိုက်သလောက်စား"

ဗက္ကာ စကားကို ကျွန်တော် အဆုံးသတ်ပေးရင်း ဘယက်ဘူးကို ဖွင့်သည်။

"ကျသလောက်ရှင်း"

"အစ်ကိုကြီး မညစ်နဲ့နော်"

"ဖုန်ပေသွားလို့ပါဟာ"

ရယ်သံတွေက တဟားဟား .....

ကျွန်တော် ဘူးထဲက ဒေါင်းဘယက်ကိုဖွင့်ပြီး ကျွန်တော့်ရှေ့က ချစ်သူကို တယုတယ ဆင်မြန်းပေးတော့ ...

ရယ်သံတွေ ...

ပြီးတော့ ရင်ခုန်သံတွေ ...

နောက်ပြီး နှုတ်ဆက်နေတဲ့ ဆည်းဆာရဲ့ ကြည်နူးငြိမ်းချမ်းရေး အလင်းရောင်တွေ ...

ကျွန်တော်တို့ ရင်ထဲမှာ အလင်းတွေ ရှိနေဆဲပါ .....။

ဒီနှင်းခ